# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၄) ရက် ၊ သောကြာနေ့ ၊ (23-8-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၁၅)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ကျောင်းသူများ သိရှိနိုင်ရန် အသိပေးကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**
သတင်းကြေညာချက်
ရက်စွဲ၊ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၃ ရက်

၁။ ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့်ပတ်သက်၍ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ သိရှိနိုင်ရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၂။ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာတစ်စောင်လျှင် ငွေကျပ် ၂၀၀ နှင့် စာမေးပွဲဝင်ကြေးအတွက် ငွေကျပ် ၇၀၀ တန်ဖိုးရှိ ပညာရေးဝန်ကြီးဌာန ငွေသွင်းတံဆိပ်ခေါင်းတို့ကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတွင်၂၀၂၄ ခုနှစ် စက်တင်ဘာ ၁ ရက်မှ စတင်၍ ရောင်းချပေးမည်ဖြစ်ပါသည်။

၃။ စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာတင်သွင်းရာ၌ STEAMS (1), (2) ဖြေဆိုမည့်သူများအတွက် အစိမ်းရောင်ဖြေဆိုခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့်လည်းကောင်း၊ STAMS ဖြေဆိုမည့်သူများအတွက် ပန်းရောင်ဖြေဆိုခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့်လည်းကောင်း တင်သွင်းရန် အရောင်နှစ်မျိုးခွဲခြားသတ်မှတ်ထားပါသည်။

**စာမျက်နှာ ၁၈ ကော်လံ ၁**

## ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသူများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့တွင် Mpox (မျောက်ကျောက်)ရောဂါကာကွယ်ရေး ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ





မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပြည်ပဆိုက်ရောက်ခရီးသည်များ၏ ကျန်းမာရေးကြေညာချက် (Health Declaration Form)အား ကျန်းမာရေးတာဝန်ရှိသူများက စစ်ဆေးနေစဉ်။

နေပြည်တော် ဩဂုတ် ၂၂

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၂ ခုနှစ် မေလအတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အာဖရိကဒေသပြင်ပရှိ နိုင်ငံအချို့တွင် မျောက်ကျောက်ရောဂါကူးစက်ဖြစ်ပွားမှု (Multi-country outbreak) ရှိနေကြောင်း ထုတ်ပြန်ကြေညာခဲ့စဉ်ကပင် မျောက်ကျောက်ရောဂါဖြစ်ပွားမှု စောစီးစွာ သိရှိတုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ဖျားခြင်းနှင့် အနီစက်၊ အရည်ကြည်ဖုထွက်ခြင်းရောဂါလက္ခဏာစောင့်ကြပ်ကြည့်ရှုခြင်း(Fever with Vesicular Rash Surveillance)နှင့်အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)တွင် ဓာတ်ခွဲနမူနာများအား

**စာမျက်နှာ ၁၉ ကော်လံ ၁**

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့်စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်** စာမျက်နှာ- ၁၇

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်အဖြစ် တင်မြှောက်ခံရသူများနှင့် ရွေးချယ်တင်မြှောက်ပွဲတွင် ပါဝင်အရွေးချယ်ခံခွင့် ရှိသူများစာရင်းကို အသိပေးကြေညာ** စာမျက်နှာ- ၁၉

**မန္တလေးဆိပ်ကမ်းတွင် လုပ်ကိုင်နေသည့် သဲလုပ်ငန်းများ စနစ်တကျလုပ်ကိုင်မှု ရှိမရှိ စစ်ဆေးအရေးယူမည်** စာမျက်နှာ- ၂


သဘာဝအစစ်မို့ အရသာထူး စိတ်ရှင်ကြည်နူး ရွှေဖီဦး

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



ရတနာပုံ
၂၀၂၄ ခုနှစ် ဩဂုတ် ၂၃ ရက်
အယ်ဒီတာ့အာဘော်

# မျောက်ကျောက်ရောဂါ သတိပြုကာကွယ်ပါ

မြန်မာနိုင်ငံအတွင်း Mpox (မျောက်ကျောက်)ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၉ ရက်က ကျင်းပပြုလုပ်ခဲ့ပါသည်။ သို့သော် Mpox (မျောက်ကျောက်)ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ သတိပြုကာကွယ်ကြရမည်ဖြစ်ပေသည်။

Mpox (မျောက်ကျောက်)ရောဂါသည် လူတစ်ဦးမှတစ်ဦးသို့ ကူးစက်ကြောင်းကို ဒီမိုကရက်တစ်ကွန်ဂိုနိုင်ငံ၌ ၁၉၇၀ ပြည့်နှစ်တွင်စတင်တွေ့ရှိခဲ့ပြီး ဗဟိုအာဖရိကနှင့်အနောက်အာဖရိကတွင် ပုံမှန်အနေဖြင့်သာ ကူးစက်ပြန့်ပွားလေ့ရှိသောရောဂါအဖြစ်ရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် အခြားနိုင်ငံအချို့သို့ပါ ကူးစက်ဖြစ်ပွားခဲ့ပြီး ကမ္ဘာ့ကပ်အသွင်ကူးစက်ဖြစ်ပွားခဲ့၍ ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ(PHEIC) အဖြစ် သတ်မှတ်ကြေညာ၍ တုံ့ပြန်ဆောင်ရွက်ခဲ့ရာ ဖြစ်ပွားမှုသိသာစွာကျဆင်းလာသည့်အတွက် ၂၀၂၃ ခုနှစ် မေ ၁၁ ရက်တွင် PHEIC အခြေအနေမှ ရုပ်သိမ်းခဲ့ပါသည်။

ယခုနှစ်အတွင်း ဒီမိုကရက်တစ်ကွန်ဂိုနိုင်ငံ(DRC)နှင့် အာဖရိကတိုက်ရှိ နိုင်ငံများတွင် Mpox (မျောက်ကျောက်)ရောဂါကူးစက်ပြန့်ပွားမှုအရှိန်မြင့်တက်လာခြင်း၊ Mpox (မျောက်ကျောက်)ရောဂါ၏ မျိုးကွဲအသစ်(Clade Lb)သည် ဒီမိုကရက်တစ်ကွန်ဂိုနိုင်ငံအရှေ့ပိုင်းတွင် လျင်မြန်စွာကူးစက်ပျံ့နှံ့လာပြီး နယ်စပ်ဖြတ်ကျော်နှင့်နိုင်ငံတကာကူးစက်ပျံ့နှံ့မှုများရှိနေခြင်းကြောင့် နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ(PHEIC)အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၂၄ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် ပြန်လည်သတ်မှတ်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံနှင့်အိမ်နီးချင်းနိုင်ငံတို့တွင်လည်း Mpox(မျောက်ကျောက်) ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုများရှိနေသည်ကိုတွေ့ရသဖြင့် မြန်မာနိုင်ငံအတွင်းသို့ Mpox (မျောက်ကျောက်)ရောဂါကူးစက်ဝင်ရောက် ပြန့်ပွားမှုမရှိစေရေးအတွက် အထူးအလေးထားဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ချက်များအရ မြန်မာနိုင်ငံတွင် Mpox (မျောက်ကျောက်)ရောဂါကူးစက်ပြန့်ပွားနိုင်ငံအလွန်နည်းပါးကြောင်း သိရသည်။ Mpox (မျောက်ကျောက်)ရောဂါသည် ရောဂါဖြစ်ပွားသူလူနာနှင့်အနီးကပ်ထိတွေ့ဆက်ဆံမှုမှတစ်ဆင့် ကူးစက်နိုင်သဖြင့် လူတစ်ဦးချင်းအလိုက် တစ်ကိုယ်ရေရောဂါကာကွယ်ရေးအသိ၊ သတိတို့ဖြင့် ပြုမူနေထိုင်၍ ကာကွယ်ကြရမည်ဖြစ်ပေသည်။

Mpox(မျောက်ကျောက်)ရောဂါသည် ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခြင်း၊ နီးကပ်စွာနေထိုင်ခြင်းနှင့် နှာခေါင်း၊ ပါးစပ်၊ မျက်စိတို့မှတစ်ဆင့်ကူးစက်ခြင်းဖြစ်ပြီး တိရစ္ဆာန်များမှတစ်ဆင့်လည်း လူသို့ကူးစက်နိုင်ကြောင်း၊ မျောက်ကျောက်ရောဂါကူးစက်ခံရပါက လက်၊ ခြေ၊ မျက်နှာ၊ ခန္ဓာကိုယ်အနှံ့တွင် အဖု၊ အပိမ့်များထွက်လာပြီး ယားယံနာကျင်ကြောင်း၊ သို့သော် မျောက်ကျောက်ရောဂါသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကဲ့သို့ မပြင်းထန်သော်လည်း ပေါ့ဆစွာမနေဘဲ အသိ၊ သတိတို့ဖြင့်နေကြရန်လိုကြောင်း ကျန်းမာရေးပညာရှင်များက သတိပေးထားပါသည်။

သို့ဖြစ်ရာ ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် အရေးပါသည်ဟုဆိုသည့်အတိုင်း မြန်မာနိုင်ငံအတွင်းသို့ Mpox (မျောက်ကျောက်)ရောဂါကူးစက်ဝင်ရောက်ပြန့်ပွားမှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်ကြရမည်ဖြစ်သကဲ့သို့ မမေ့မလျော့မပေါ့ဆသော သတိတရားဖြင့်ကူးစက်ရောဂါအပေါင်းတို့မှ ကင်းဝေးစေအောင်နေထိုင်သွားလာကြရမည်ဖြစ်ပါကြောင်း အသိပေးရေးသားလိုက်ရပေသည်။

# မန္တလေးဆိပ်ကမ်းတွင်လုပ်ကိုင်နေသည့် သဲလုပ်ငန်းများ စနစ်တကျလုပ်ကိုင်မှု ရှိ၊ မရှိ စစ်ဆေးအရေးယူမည်



**မန္တလေး ဩဂုတ် ၂၂**

မန္တလေးဆိပ်ကမ်းတွင်လုပ်ကိုင်နေသည့် သဲလုပ်ငန်းများ စနစ်တကျလုပ်ကိုင်မှု ရှိ၊ မရှိ လာမည့် စက်တင်ဘာလမှစ၍ စစ်ဆေးအရေးယူမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာန ဒုတိယဌာနမှူး ဦးရဲထွန်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင် အဆောက်အအုံများ ဆောက်လုပ်ရာ၌ အရေးပါသည့်သဲများကို မန္တလေးဆိပ်ကမ်းမှထုတ်လုပ်ပေးလျက်ရှိကြောင်း၊ ၎င်းသဲလုပ်ငန်းများအနေဖြင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာ၌ စနစ်တကျ ရှိ၊ မရှိကို လာမည့် စက်တင်ဘာလမှစ၍ စစ်ဆေးအရေးယူမှုများလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ စစ်ဆေးရာတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာန၊ စည်ပင်သာယာရေးရဲတပ်ဖွဲ့ စသည့်ပူးပေါင်းအဖွဲ့များဖြင့်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မန္တလေးဆိပ်ကမ်းမှာ သဲထုတ်လုပ်တဲ့လုပ်ငန်းတွေအနေနဲ့ သဲတွေကို ကားတွေပေါ်တင်တဲ့အခါ ရေစိုနေတာတွေကို မတင်ကြဖို့နဲ့သဲခြောက်အောင်ထိစောင့်ပြီးမှတင်ဖို့ ဒါတွေကိုသေချာလေး ပြန်ကြပ်မတ်ဖို့ရှိပါတယ်။ ပြီးတော့ မန္တလေးဆိပ်ကမ်းသဲထုတ်လုပ်တဲ့ နေရာတွေဆီ သဲကားတွေလာတင်တဲ့အခါ သဲတွေကိုကားအပြည့်တင်တာတွေနဲ့ သဲကားတွေ မြို့တွင်းသွားလာတဲ့အခါ သဲတွေလမ်းပေါ်ကျပြီး မကျန်ခဲ့အောင် ဆိပ်ကမ်းကနေစထွက်ကတည်းက အမိုးအကာပါတစ်ခါထဲအုပ်ထားဖို့လိုပါတယ်။ သဲလုပ်ငန်းတွေမှာ သဲတင်ဆောင်မဲ့ကားတွေကို စစ်ဆေးကြပ်မတ်လို့စည်းကမ်းဖောက်ဖျက်မှုတွေ တွေ့ရင်တော့ ဒဏ်ကြေးငွေအဖြစ် ငွေကျပ် ၅၀၀၀၀ ကနေ ၁၀၀၀၀၀ ထိ ဒဏ်ရိုက် အရေးယူတာတွေပါ လုပ်ဆောင်သွားဖို့ရှိပါတယ်"ဟု ဒုတိယဌာနမှူး ဦးရဲထွန်းက ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး ဩဂုတ် ၂၂**

မန္တလေးဆိုင်ကယ်ဈေးကွက်တွင် အရောင်းအဝယ်ဆက်လက်အေးနေကြောင်း ၅၉ လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ဈေးကွက်အတွင်း ဝင်ရောက်ပြီးသား ဆိုင်ကယ်အသစ်များကိုသာ အရောင်းအဝယ်ပြုလုပ်နေကြရပြီး လျှပ်စစ်သုံးဆိုင်ကယ်များတွင်လည်း အနည်းဆုံး ငွေကျပ် ၁၅ သိန်းခန့်မှ သိန်း ၅၀ ကျော်ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

တစ်ပတ်ရစ်ဆိုင်ကယ်အရောင်းအဝယ်ဖြစ်မှုအနေဖြင့် ဘီးကြောကောင်းမွန်မှုနှင့်အတူ နံပါတ်အမြင့်၊ မော်ဒယ်မနိမ့်လွန်းသည့် တရုတ်ဘီးများမှ ကန်ဒါ၊ ဆိုင်ကလုန်း၊ ဇောင်ချမ်းအမျိုးအစားများ ပို၍အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၄၅ သိန်းမှ ၇၅ သိန်းခန့်၊ အနိမ့်ဘီး Click များမှာ ငွေကျပ် သိန်း ၂၀ မှ ၃၅ သိန်းခန့်၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် သိန်း၂၀ မှ ၃၃ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၉ သိန်းမှ ၁၇ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၉ သိန်း၅ သောင်းမှ ၁၉ သိန်း၅ သောင်းခန့်ထိရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးမင်းနိုင်ထံမှ သိရသည်။

ကားဈေးကွက်တွင် နံပါတ်ထွက်ပြီး တစ်ပတ်ရစ်ညာမောင်းကားများမှ အင်ဂျင်ပါဝါမြင့်ကားများနှင့် ပွိုင့်သရီးကားလေးများ၊ ၆၆၀ စီစီပစ်ကပ်ကားလေးများတွင်လည်း ငွေကျပ် သိန်း ၃၅၀ မှ သိန်း ၈၀၀ ကြား ဈေးတန်းများ အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

လက်ရှိတွင် ရောင်းချင်သူများပြီး ဝယ်သူနည်းနေကာ အလဲအထပ်လုပ်သူများလည်း ရှိလာကြောင်း၊ လျှပ်စစ်သုံးကားများမှာ ယခင် ငွေကျပ် သိန်း ၁၇၅၀ ခန့်ထိရှိခဲ့ရာမှ ယခုအခါ ငွေကျပ် သိန်း ၇၀၀ ခန့်မှ သိန်း ၁၂၀၀ ခန့်သာ ပေါက်ဈေးရှိကြောင်း၊ ၆၆၀ စီစီ ပစ်ကပ်ကားလေးများတွင်လည်း ဟိုက်ဂျက်အော်တို ငွေကျပ် သိန်း ၁၉၀ ခန့်၊ Manual ငွေကျပ်သိန်း ၁၇၀ ခန့် ဈေးပေါက်နေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်းနှစ် ၂၀ အမည်ပေါက် စလစ် ငွေကျပ် ၁၃၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၂၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၃၀၊ တက္ကစီစလစ် ငွေကျပ် ၁၂၅ သိန်းခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။ (၁၇၃)

# မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ဧက ၂၆၀၀ စိုက်ပျိုးပြီးစီး

**မြောင်းမြ ဩဂုတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ဧက ၂၆၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ဧက ၂၆၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမ ပတ်ကစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စားဖိုဆောင်သီးနှံစုံ လျာထားဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံစိုက်ခင်းများတွင် ဓာတ်မြေဩဇာကိုအကျိုးရှိရှိသုံးစွဲနည်းများ၊ ဓာတုပိုးသတ်ဆေးများကိုလျှော့ချသုံးစွဲနိုင်ရန် သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲနည်းများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း ဆောင်ရွက်ပေးနေကြောင်း သိရသည်။

''ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့ တောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာန ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိ ဧကအားလုံး စိုက်ပျိုးပြီးဖြစ်ပါတယ်။ စိုက်ပျိုးပြီးဖြစ်တဲ့သီးနှံတွေ အောင်မြင်ဖြစ်ထွန်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ စိုက်ပျိုးရေးဦးစီးဌာနက စိုက်ခင်းတွေထိ ကွင်းဆင်းသွားရောက်ပြီး တောင်သူတွေနဲ့တွေ့ဆုံ အသိပညာပေးဆောင်ရွက်နေပါတယ်။ တောင်သူတွေက ဒီနှစ်မိုးသီးနှံကို ပန်းဂေါ်ဖီနဲ့ဆလတ်ရွက်ကိုအများဆုံးစိုက်ပျိုးထားတာတွေ့ရပါတယ်''ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂။
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကျောက်ပန်းတောင်းမြို့နယ် နှစ်ကျပ်ခွဲကျေးရွာ၌ ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ကျောက်ပန်းတောင်း ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ပံ့ပိုး(ယူနီဆက်)ရန်ပုံငွေဖြင့် နှစ်ကျပ်ခွဲကျေးရွာ၌ ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၂၁ ရက် မွန်းလွဲ ၁ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်နှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ နှစ်ကျပ်ခွဲကျေးရွာ၌ 11 KW ရှိ ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်က လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

နှစ်ကျပ်ခွဲကျေးရွာ၌ ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နိုင်ငံတော်ပံ့ပိုး(ယူနီဆက်)ရန်ပုံငွေကျပ် ၁၉ ဒသမ ၇၇ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၆ ဒသမ ၂၃ သန်း စုစုပေါင်းငွေကျပ် ၂၆ သန်း အသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တာဝန်ယူ၍ ဩဂုတ် ၁ ရက်က စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်း အားလုံးရာနှုန်းပြည့်ပြီးစီးပါက နှစ်ကျပ်ခွဲကျေးရွာရှိ အိမ်ခြေ ၈၃၁ အိမ်၊ လူ ၃၉၄၃ ဦးကို အိမ်တိုင်ရာရောက်ရေပေးဝေစနစ်ဖြင့် ရေပေးဝေနိုင်မည်ဖြစ်ကြောင်း ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်ထံမှ သိရသည်။

**ဇင်မာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ဒေါက်တာ ဦးမောင်မောင်-ဒေါ်ခင်ညွှန့်မွှန် မိသားစုက ဆွမ်း/ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူးဦးဝဏ္ဏ၊ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီတွဲဖက်အတွင်းရေးမှူး ဦးချွန်နှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၁၂၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၁၂၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၅၇၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၁၂၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းစတဲ့သီးနှံတွေကို စိုက်ပျိုးနေပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့၊ ဟင်းသီးဟင်းရွက်တွေ တိုးချဲ့စိုက်ပျိုးဖို့ နည်းပညာတွေပေးပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် မြင်းမူမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဟင်းသီးဟင်းရွက်များ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးနှင့် ပိုးနှင်ဆေးပြုလုပ်သုံးစွဲရေး အသိပညာပေးလျက်ရှိကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

# သနပ်ပင်မြို့နယ် မင်းရွာတာဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သနပ်ပင် ဩဂုတ် ၂၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မင်းရွာတာဝကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်အခြား မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မင်းရွာတာဝကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၈၃ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၂၄ သိန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူဦးရေ ၅၀ ကို ငွေကျပ် ၉၇ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၇၈ သိန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁၈ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၉ ဦးကို ငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွေ့ယဉ်**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း နေလှန်းဆား ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဩဂုတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း နေလှန်းဆားပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်မှ ဆားထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင် ဒေါ်မာမာရီက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လက ဒေသထွက် နေလှန်းဆား ပိဿာချိန် ၆၀၀၀၀ ထိ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ နေလှန်းဆားပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ဖျာပုံမြို့နယ်ဘက်မှထွက်သည့် နေလှန်းဆားများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချရသကဲ့သို့ အခြားတိုင်းဒေသကြီးနှင့် မြို့နယ်များကိုလည်း တင်ပို့ရောင်းချနေရကြောင်း သိရသည်။

''ဖျာပုံမြို့နယ်ကနေ ဒေသထွက်နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဇူလိုင်လအတွင်းက ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဩဂုတ်လထဲမှာလဲ ပိဿာချိန်တော်တော်များများ တင်ပို့ရောင်းချနေရပါတယ်။ အခုလိုဆားအရောင်းအဝယ် ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိနေပါတယ်။ ဖျာပုံမြို့နယ်ကထွက်တဲ့ နေလှန်းဆားတွေက အရည်အသွေးလဲ ကောင်းပါတယ်''ဟု ဖျာပုံမြို့နယ်မှ ဆားထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင် ဒေါ်မာမာရီက ပြောပြသည်။

ဖျာပုံမြို့နယ်တွင် ဒေသထွက်နေလှန်းဆားများကို ဆားလုပ်ငန်းရှင်များက စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ နေလှန်းဆား ၁၀ ပိဿာလျှင် ငွေကျပ် ၅၉၀၀၀ ထိဈေးပေါက်နေကြောင်း၊ ဒေသထွက် နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည်စသည့်လုပ်ငန်းများတွင် အဓိကအသုံးပြုကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# သတိမမူ ဂူမမြင် အသက်ကိုညှာစောင့်

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

''သူငယ်ချင်းရေ၊ ယာဉ်အန္တရာယ်ဖြစ်ပွားမှု သတင်းတွေကလဲ ဆက်နေပါလားကွာ။ သေနေ့စေ့လို့ သေကြရတယ်ဆိုပေမဲ့ စာနာစိတ်နဲ့ခံစားနေရပါတယ်ကွာ''

''ဒါကတော့ လူသားချင်းပဲကွာ။ စာနာစိတ်ကိုယ်စီရှိကြတာပေါ့၊ ဒါပေမဲ့ ငါ့အနေနဲ့ ပြောရရင်တော့ ယာဉ်အန္တရာယ်ဖြစ်ပွားကြရတာဟာ ယာဉ်မောင်းတွေရော အချို့ခရီးသည်တွေပါ အဆင်အခြင်ကင်းမဲ့ကြလို့ပဲကွ။ ငါ ဒီလိုပြောရတာက အကြောင်းမဲ့ပြောနေတာ မဟုတ်ဘူးကွ။ အတွေ့အကြုံတွေအရ ပြောနေတာကွ''

''မြန်မာနိုင်ငံမှာ တစ်နှစ် ကားတိုက်မှုနှုန်းဟာ ၅၀၀၀ နဲ့ ၆၀၀၀ ကြားမှာရှိတယ်။ ကားနဲ့လမ်းသွားလမ်းလာတွေတိုက်မှုက ၃၅ ရာခိုင်နှုန်း၊ အနေးယာဉ်နဲ့ ကားတိုက်မှုက ၁၅ ရာခိုင်နှုန်း၊ အနေးယာဉ်နဲ့ လမ်းသွားလမ်းလာ တိုက်မှုက ၅၀ ရာခိုင်နှုန်းရှိတယ်လို့ ယခင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ချက်အရသိရတယ်ကွ''

''ကျန်းမာရေးပြဿနာတွေနဲ့ ပတ်သက်လို့ ကမ္ဘာပေါ်မှာ ကူးစက်ရောဂါတွေဖြစ်ကြတဲ့ ကျောက်ရောဂါ၊ ပုလိပ်ရောဂါ၊ ကာလဝမ်းရောဂါ၊ တီဘီ၊ အနာကြီး၊ ငှက်ဖျားရောဂါတွေဟာ ရှေးတုန်းကဖြစ်ခဲ့ကြတာ နောက်ပိုင်းမှာ အေအိုင်ဒီအက်စ်၊ အီဘိုလာ၊ ကြက်ငှက်တုပ်ကွေးကူးစက်ရောဂါတွေဟာ အစွမ်းထက်လာပြန်တယ်။ ဆက်ပြီး နှလုံးသွေးကြောကျဉ်းရောဂါ၊ စိတ်ဓာတ်ကျဆင်းမှုရောဂါ၊ ယာဉ်တိုက်ခိုက်မှုအန္တရာယ်တွေဟာ ကျန်းမာရေး ပြဿနာဖြစ်လာခဲ့တယ်။ အခု မမျှော်လင့်ဘဲ ကိုဗစ်ရောဂါနဲ့ လက်ရှိမှာဆိုရင် မျောက်ကျောက်ရောဂါဖြစ်လာခဲ့ပြန်တယ်''

''ကျန်းမာရေးပြဿနာတွေထဲမှာ ယာဉ်အန္တရာယ်ဟာ အဓိကပြဿနာဖြစ်လာတော့မယ်၊ ကျန်းမာရေးပြဿနာတွေကို အဆင့်သတ်မှတ်ထားတာမှာ ၁၉၉၀ ပြည့်နှစ်က ယာဉ်အန္တရာယ်ဟာ အဆင့်(၉)ပဲရှိပေမဲ့ ၂၀၂၀ ပြည့်နှစ်မှာ အဆင့် (၃) အထိရောက်ရှိခဲ့တယ်။ ဘာကြောင့်လဲဆိုရင် ယာဉ်အန္တရာယ်ကြောင့် လူသေဆုံးမှုများပြားလာလို့ပဲတဲ့ကွ''

''အမေရိကန်မှာဆိုရင် ယာဉ်အန္တရာယ်ကြောင့် နှစ်စဉ် လူ အယောက် ၄၄၀၀၀ သေဆုံးနေတယ်တဲ့။ ဗီယက်နမ်စစ်ပွဲ ရှစ်နှစ် ဆင်နွှဲခဲ့တုန်းက လူ ၄၇၃၉၃ ယောက်ပဲ သေဆုံးခဲ့တာနဲ့ နှိုင်းယှဉ်ကြည့်ရင် လူ ၃၀၀၀ ကျော်ပဲကွာနေတယ်တဲ့။ ဗီယက်နမ်စစ်ပွဲအတွင်း သေဆုံးမှုဟာ ယာဉ်အန္တရာယ်ကြောင့် နှစ်စဉ်သေဆုံးမှုနဲ့နှိုင်းယှဉ်ကြည့်ရင် အဆပေါင်းများစွာကွာခြားနေတယ်တဲ့ကွ''

''ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ လမ်းတွေပေါ်မှာ ယာဉ်အန္တရာယ်ကြောင့် တစ်နာရီမှာ ယာဉ်မတော်တဆမှုပေါင်း ၄၀၀ ဖြစ်ပွားနေလို့ တစ်ရက်မှာ လူဦးရေ ၃၀၀၀ သေဆုံးနေကြရပြီး တစ်နှစ်မှာ လူ ၁ ဒသမ ၃ သန်း သေဆုံးနေတယ်တဲ့။ နှစ်စဉ် လူ သန်း ၅၀ ဟာထိခိုက်ဒဏ်ရာရ၊ ဒုက္ခိတဘဝရောက်နေကြတယ်လို့ ကမ္ဘာလုံးဆိုင်ရာလမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့ကြီးကထုတ်ပြန်ထားတဲ့ အစီရင်ခံစာအရ သိရတယ်ကွ။ ဒါကြောင့် ကမ္ဘာ့ကျန်းမာရေးပြဿနာတွေထဲမှာ အဓိကပြဿနာဖြစ်ပေါ်လာတာပေါ့ကွာ''

''ကမ္ဘာနဲ့ချီပြောမနေပါနဲ့ကွာ။ တို့နိုင်ငံမှာဖြစ်ပွားနေကြတဲ့ ယာဉ်တိုက်မှုတွေကိုပဲကြည့်ပါအုံး။ နေ့စဉ်လိုလို ယာဉ်တိုက်မှုတွေဖြစ်ပေါ်နေတာပဲ မဟုတ်လား။ နယ်မြို့တွေမှာဆိုရင် မော်တော်ဆိုင်ကယ်တိုက်မှုတွေက ကြောက်ခမန်းလိလိဖြစ်ပေါ်နေတာပဲ မဟုတ်လား''

''ဟုတ်တယ်လေကွာ။ အဆင်အခြင်ကင်းမဲ့ကြတဲ့ အပြင်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေကို နားမလည်ကြတော့ ယာဉ်တိုက်မှုတွေက ပိုဆိုးကုန်တာပေါ့ကွာ။ အထူးသဖြင့် လမ်းသွားလမ်းလာတွေ၊ လမ်းဖြတ်ကူးသူတွေနဲ့ယာဉ်မောင်းတွေရဲ့ ပေါ့လျော့မှု၊ နမော်နမဲ့နိုင်မှု၊ စည်းမဲ့ကမ်းမဲ့ပြုလုပ်မှုတွေကြောင့်ပဲကွ။ သတိမမူတော့ ဂူမမြင်တဲ့ ကိန်းဆိုက်ကုန်ကြတာပေါ့ကွာ''

''အချို့ ဘတ်စ်ကား၊ လိုင်းကားစီးသူတွေကလဲ လိုက်နာကြရမဲ့ စည်းကမ်းတွေကို လုံးဝမလိုက်နာကြဘူးကွ''

''ဘတ်စ်ကား၊ လိုင်းကားစီးသူတွေကို ဘယ်လိုစည်းကမ်းတွေ သတ်မှတ်ထားသလဲကွ''

''လိုက်နာကြရမယ့်စည်းကမ်းချက် ခြောက်ချက်ရှိတယ်ကွ။

**❖ ''တစ်ခါတစ်ရံမှာဖြစ်ခေါင့်ဖြစ်ခဲ ဖြစ်တတ်လေ့ရှိတဲ့ ကားဘရိတ်ပေါက်တာမျိုးနဲ့ကြုံရင် ကားကစက်ရပ်မရတော့လို့ အရှိန်နဲ့မောင်းလာရင်း ကားဦးတည်ရာမှာတွေ့သမျှ တိုက်မိကုန်တော့တာပဲ။ ပလက်ဖောင်းဘေးကလျှောက်သူမဆိုထားနဲ့ ပလက်ဖောင်းပေါ်က လျှောက်သူတွေကော၊ လမ်းဘေးဈေးသည်တွေပါ သေကျေထိခိုက်ဒဏ်ရာရ ပျက်စီးကုန်ကြရတယ်ကွ။ လူက အသိရှိပေမဲ့ စက်က အသိမရှိဘူးကွ''❖**

၁။ ယာဉ်အတွင်းကသာ စီးရမယ်။ အမိုး၊ ယာဉ်နောက်ပိတ်၊ ခြေနင်းခုံတွေအပေါ်က မစီးရ။ ယာဉ်ရဲ့နံဘေးနဲ့ နောက်ကတွဲလောင်းမစီးရ။

၂။ မှတ်တိုင်နေရာကသာ အတက်အဆင်းပြုရမယ်။ မီးပွိုင့်နဲ့ လမ်းခုလတ်တွေမှာ အတက်အဆင်းမပြုရ။

၃။ ယာဉ်ပေါ်ကို တိုးဝှေ့တက်တာ၊ ဆင်းတာမပြုရ။

၄။ စထွက်တဲ့ ယာဉ်ရဲ့နောက်ကို အပြေးလိုက်မတက်ရ။ ယာဉ်လုံးဝမရပ်မီ ယာဉ်ပေါ်က မဆင်းရ။

၅။ ယာဉ်ပြတင်းပေါက်မှာ လက်တင်တာ၊ လက်ထုတ်တာ၊ ခေါင်းပြူကြည့်တာ၊ တံတွေးထွေးတာမပြုလုပ်ရ။

၆။ ကားပေါ်က ဆင်းပြီးပြီးချင်း ကားခေါင်းရှေ့မှ ချက်ချင်းလမ်းဖြတ်မကူးရတို့ဖြစ်တယ်။

ဒီအချက်တွေကို တားမြစ်ထားပေမဲ့ မလိုက်နာကြဘူးကွ။ စပယ်ယာက တားဆီးနေတဲ့ကြားထဲက အတင်းတိုးဝှေ့ဆင်းကြလို့ နောက်ကလာတဲ့ကားက ဝင်တိုက်တော့ သေကျေဒဏ်ရာရ ဒုက္ခိတဖြစ်ကုန်ကြတာပေါ့ကွာ''

''အမှုမဲ့ အမှတ်မဲ့ကြောင့် သေဆုံးကြရတဲ့ ဖြစ်ရပ်မှန်သာဓကတွေ အများကြီးရှိတယ်ကွ။ ဘုရင့်နောင်တံတားသစ်ကြီး ဖွင့်ပြီးခါစမှာ လိုင်းကားပေါ်ကနေ ခေါင်းပြူထွက်ပြီး လိုက်လာသူတစ်ယောက်က တံတားပေါင်နဲ့ခေါင်းနဲ့တိုက်ပြီး ခေါင်းပြတ်သေဆုံးခဲ့တဲ့ သတင်းဟာ ဂျာနယ်တွေမှာပါလာပြီး ဟိုးလေးတကျော်ကျော်ဖြစ်ခဲ့သေးတယ်ကွ။ တချို့လည်း လက်ထုတ်စီးမိလို့ ကားချင်းပွတ်ရှောင်ကြရာက ကားနှစ်စီးကြားမှာ လက်ညပ်ပြီး လက်ပြတ်သွားခဲ့ကြတာတွေလဲ အများကြီးရှိခဲ့တယ်ကွ။ ဒါကြောင့် ကားစီးရင် ခေါင်းမပြူရ၊ လက်မထုတ်ရလို့ စပယ်ယာတွေက အမြဲသတိပေးနေကြသလို ကားတွေမှာလည်း စာတန်းတွေကပ်ပြီး သတိပေးနေခဲ့တယ်ကွ။ ဒီကြားထဲ အထဲဝင်စီးကြပါ၊ ခြေနင်းခုံပေါ်က မစီးကြပါနဲ့လို့ တားနေတဲ့ကြားက ကားနောက်ခြေနင်းခုံပေါ်က စီးလာတဲ့ နိုင်ငံခြားပြန်သင်္ဘောသားတစ်ယောက်ဟာ ကားကဆောင့်ခုန်လိုက်လို့ ကားပေါ်ကနေ ကတ္တရာလမ်းမကြီးပေါ် နောက်ပြန်ပြုတ်ကျသွားတာ ဆန့်ငင်ဆန့်ငင်နဲ့ ငါ့ရှေ့မှာပဲ သေသွားတာ၊ ငါကြုံခဲ့ဖူးတယ်။ နိုင်ငံခြားကပြန်ရောက်တာ လပိုင်းပဲရှိသေးတယ်။ သေသွားရတယ်ကွာ။ ဘယ်လောက်ရင်နာစရာကောင်းသလဲ။ ဒါက ကားစီးရင်း သေကျေကျိုးပဲ့ရတဲ့ ဖြစ်ရပ်တွေပဲကွ''

''တချို့ဆို လိုင်းကားပေါ်က ပြေးဆင်းလာပြီး ကားအသွားအလာရှင်းမှ လမ်းဖြတ်ကူးကြပေမဲ့ သူစီးလာတဲ့ကားရဲ့ နောက်ဘက်ကလာတဲ့ကားက ဖြတ်တိုက်လိုက်တာ သေဆုံးသွားရတယ်။ ကားရှေ့ဘက်ကဖြတ်ကူးမယ်ဆိုရင် သေဖို့လမ်းများတယ်ကွ။ တကယ်လို့ မလွဲမရှောင်သာဖြတ်ကူးမယ်ဆိုရင်လည်း နောက်ကားရှင်းမရှင်းကြည့်ပြီး သေချာမှ ကူးသင့်တာပေါ့ကွာ''

''လမ်းဖြတ်ကူးရင်း သေရတာတွေအများကြီး ရှိခဲ့တယ်ကွ။ ဆန္ဒစောပြီးသတိလစ်ဟင်းမှုတွေကြောင့်ပေါ့ကွာ။ တချို့ဆိုရင် မျဉ်းကျားက မကူးကြဘဲ သွားရင်းလာရင်း ကြုံသလိုနေရာကနေဖြတ်ကူးနေကြတာကွ။ ကားတွေက ဥဒဟိုသွားလာနေကြတဲ့ကြားမှာ တွန့်လိမ်ကောက်ကွေး၊ ကော့ကော်ကန်ကား ဗျာများတဲ့ပုံစံမျိုးနဲ့ ဝင်္ကပါလမ်းထဲမှာ လျှောက်နေသလို ကားကြိုကားကြားထဲကနေ ဖြတ်ကူးနေကြတယ်ကွ။ အသိသတိရှိတဲ့ယာဉ်မောင်းတွေနဲ့တွေ့ရင် အန္တရာယ်မရှိပေမဲ့ သောက်စားမူးယစ်လာတဲ့ ယာဉ်မောင်းတွေ၊ ကိုယ်ရေးကိုယ်တာကိစ္စတွေကြောင့် စိတ်တိုဒေါသထွက်နေသူတွေ၊ ကားချင်းပြိုင်မောင်းရင်းက ကျော်တက်ဖို့ ဒေါသဆန္ဒပြင်းပြနေတဲ့ ယာဉ်မောင်းတွေနဲ့တွေ့ရင်တော့ သေကွင်းထဲ အတင်းဝင်တိုးနေသူတွေလို့သာ သတ်မှတ်လိုက်ပေတော့ကွာ''

''တချို့ကလဲ လမ်းဘေးပလက်ဖောင်းပေါ်က လျှောက်ကြရမယ့်အစား ပလက်ဖောင်းအောက် ကားလမ်းမဘေးကနေ လျှောက်နေကြတယ်။ လိုင်းကားချင်းပြိုင်မောင်းလာရင်းက လမ်းလုကြတော့ ပလက်ဖောင်းပေါ်ကမလျှောက်ဘဲ လမ်းမဘေးက ကပ်လျှောက်လာသူကို ရှောင်လို့မရတော့ဘဲ ပွတ်တိုက်ကုန်ကြတော့တာပဲကွ''

''တစ်ခါတစ်ရံမှာဖြစ်ခေါင့်ဖြစ်ခဲ ဖြစ်တတ်လေ့ရှိတဲ့ ကားဘရိတ်ပေါက်တာမျိုးနဲ့ကြုံရင် ကားကစက်ရပ်မရတော့လို့ အရှိန်နဲ့မောင်းလာရင်း ကားဦးတည်ရာမှာတွေ့သမျှ တိုက်မိကုန်တော့တာပဲ။ ပလက်ဖောင်းဘေးကလျှောက်သူမဆိုထားနဲ့ ပလက်ဖောင်းပေါ်က လျှောက်သူတွေကော၊ လမ်းဘေးဈေးသည်တွေပါ သေကျေထိခိုက်ဒဏ်ရာရ ပျက်စီးကုန်ကြရတယ်ကွ။ လူကအသိရှိပေမဲ့ စက်ကအသိမရှိဘူးကွ။ စက်ဆိုတာ အချိန်မရွေးချို့ယွင်းနိုင်တာမျိုးဆိုတော့ အချိန်မရွေး ဒုက္ခပေးနိုင်တာပေါ့ကွာ''

''ဒါကြောင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကော်မတီက လမ်းအသုံးပြုသူတွေ သတိပြုဖို့ ကြေညာချက်ထုတ်ပြန်ထားတယ်ကွ''

၁။ လူကူးမျဉ်းကျားမှ လမ်းဖြတ်ကူးကြပါ။

၂။ ရပ်ထားသည့်ယာဉ်များကြားမှ လမ်းဖြတ်မကူးရ။

၃။ မြင်ကွင်းကျဉ်းသောနေရာမှ လမ်းဖြတ်မကူးရ။

၄။ လူကူးခုံးတံတားပေါ်မှ လမ်းကူးပါ။

၅။ ယာဉ်သွားလမ်းပေါ်မှ မလျှောက်ကြပါနဲ့။

၆။ မီးပွိုင့်တွင် မျဉ်းဝါနှစ်ကြောင်းအတွင်းမှ လမ်းကူးပါလို့ သတိပေးထားတာတွေဟာ ခရီးသွားပြည်သူတွေ အန္တရာယ်ကင်းရှင်းဘေးကင်းစေဖို့အတွက်ပဲကွ''

''မင်းပြောမှ ငါသတိရတာတစ်ခုရှိတယ်ကွာ။ ညဥ့်နက်ပိုင်းမှာ ကားရပ်နားပြီး အိပ်စက်ကြတယ်။ မိုးလင်းတော့ ဒရိုင်ဘာက ကားစက်နှိုးပြီး ကားကို မောင်းထွက်လိုက်တာ ကားအောက်မှာ အိပ်နေကြတဲ့ စပယ်ယာနှစ်ယောက် ကားဘီးကြိတ်ခံရပြီး သေကျန်ခဲ့တာ ဒရိုင်ဘာက လုံးဝမသိတဲ့ဖြစ်ရပ်တောင်ရှိခဲ့တယ်ကွ''

''အဲဒီ သတင်းကို တို့ဖော်ပြခဲ့ဖူးလို့ မင်းသိနေတာပါ။ ပဲခူးနဲ့ လှည်းကူးကြားမှာဖြစ်ခဲ့တာပါ။ ဒရိုင်ဘာက ရန်ကုန်ရောက်တော့မှ စပယ်ယာနှစ်ယောက်ကျန်ခဲ့တာကို သိလိုက်ရတာ။ ကားကြိတ်ခံရပြီး သေဆုံးသွားကြရတာကို နောက်မှသိလိုက်ရတာကွ။ ဒါမျိုးတွေကလည်း မကြာခဏဖြစ်နေတာကွ။ သတိမမူလို့ လူသေရတာတွေပါ။ ကားအောက်မှာ အိပ်နေရင်းက ကျမ်းတုံးရွေ့သွားလို့ ကားကြိတ်သေကြရတာတွေ၊ ကားခေါင်မိုးပေါ်ကစီးရင်း လိမ့်ကျလို့သေကြရတာတွေလည်း ရှိနေတာပဲကွ''

''ထူးထူးဆန်းဆန်း ဖြစ်ရပ်တစ်ခုကို ပြောပြမယ်။ နယ်ကလာတဲ့ မှုခင်းသတင်းထောက်က ငါ့ကိုပြောပြတာကွ။ အဝေးပြေးလူစီးကားတွေ၊ ကုန်ကားတွေဟာ များသောအားဖြင့် ညဘက်မှာသွားလာနေကြတာ မင်းအသိပါ။ ညစဉ်သွားလာနေကြတာဆိုတော့ ရိုးတောင်နေပါပြီ။ လမ်းဘေးက လမ်းလျှောက်နေကြသူတွေ၊ စက်ဘီး၊ ဆိုင်ကယ်စီးနေကြသူတွေလဲ အဲဒီကားကြီးတွေ သွားလာနေတာကိုတွေ့မြင်ရင် ကိုယ်နဲ့လွတ်ရုံလောက်ပဲ လမ်းဘေးဆင်းပေးတာမျိုး၊ ရှောင်ပေးတာမျိုးလုပ်လေ့လုပ်ထရှိကြတယ်ကွ။ အဲဒီလိုနေလာကြရင်းက တစ်နေ့ညမှာတော့ ကားကြီးတစ်စီးရဲ့ ကားအောက်ပိုင်းပစ္စည်းတွေထည့်ထားတဲ့နေရာတံခါးကြီးဟာ မမျှော်လင့်မထင်မှတ်ဘဲ ပွင့်ထွက်သွားပါလေရော။ အဲဒီတံခါးရွက်ကြီးက ကားနဲ့လွတ်ရုံသာသာ လမ်းဘေးမှာရှောင်ပြီး ရပ်နေသူတွေကိုဝင်တိုက်သွားတာ တုတ်နဲ့ဖြတ်ရိုက်သလို ခံလိုက်ကြရတာပေါ့ကွာ။ သေသူသေ၊ ဒဏ်ရာရသူရဖြစ်ကုန်ကြတာပေါ့။ ကားပေါ်က ဒရိုင်ဘာနဲ့စပယ်ယာတွေက လုံးဝမသိလိုက်ကြဘူး။ မင်းတွေးကြည့်စမ်း၊ ဘယ်လောက်ကြောက်စရာကောင်းသလဲ။ မမျှော်လင့်မထင်မှတ်ဘဲ ပေါ်ပေါက်လာတဲ့ အန္တရာယ်ကွ''

''ကားဘီးကျွတ်သွားလို့၊ ဝင်ရိုးဆက်ပြုတ်သွားလို့၊ ကားစက်ချို့ယွင်းလို့၊ ဘရိတ်ပေါက်လို့ ကားတိုက်မှုဖြစ်ရပါတယ်လို့ ဆင်ခြေပေးနေကြတာတွေရှိတယ်ကွ။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ခါတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘ၀မှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ကျောင်းကုန်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်သီး ၂၀၃ ဧက စိုက်ပျိုးပြီးစီး



**ကျုံပျော် ဩဂုတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်သီး ၂၀၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်သီး ၂၀၃ ဧကကို ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ငရုတ်သီးများ လျာထားချက်အတိုင်းစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူအသိပညာပေး လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးထားကြောင်း သိရသည်။

"ကျောင်းကုန်းမြို့နယ် မိုးသီးနှံစိုက်ပျိုးတဲ့ရာသီမှာ ငရုတ်သီး ၂၀၃ ဧက ထိစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာတော့ ငရုတ်သီးဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်းတဲ့ ငရုတ်အမျိုးအစားတွေကို အများစုရွေးချယ်စိုက်ပျိုးထားပါတယ်။ ငရုတ်သီးတွေအပါအဝင် မိုးသီးနှံတွေအားလုံး လျာထားချက်ပြည့်မီအောင် စိုက်နိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပေါင်းစပ်ဆောင်ရွက်နေပါတယ်"ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ဒေသခံတောင်သူများသည် ငရုတ်သီးနှံများကို အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါဒေသမှတောင်သူများစိုက်ပျိုးထားသည့် ငရုတ်သီးများ အထွက်နှုန်းညီစေရေး၊ ပိုးမွှားအန္တရာယ်မကျရောက်စေရေး၊ အထွက်နှုန်း ကောင်းမွန်စေရေး၊ အရည်အသွေး ကောင်းစေရေး စသည့်လုပ်ငန်းများကို ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

➤ **စာမျက်နှာ ၄ မှအဆက်**

ကားကိုမမောင်းခင်က စစ်ဆေးကြရမယ်ကွ။ ဆီ၊ ရေ၊ လေ၊ ဝိုင် ရှိမရှိ၊ ဝိုက်ဘာ ကောင်းမကောင်း၊ ရှေ့မီး နောက်မီး အားလုံးကောင်းမကောင်း၊ ဘီးတွေမှာ လေ ရှိ၊ မရှိ၊ တာယာမှာ ပန်းတွေ ရှိ၊ မရှိ စစ်ဆေးပြီး စိတ်ချမှ မောင်းသင့်ကြတယ်။ **ကားကြုံ့ခိုင်ရေးအတွက် "ပေါက်ရင်ဖာ၊ ပြုတ်ရင်တပ်၊ ချောင်ရင်ကျပ်၊ သေမင်းကိုအနိုင်တိုက်နိုင်တဲ့လက်နက်"**လို့ ဆောင်ပုဒ်ထုတ် သတိပေးထားတယ်ကွ"

"**သွားသတိ၊ လာသတိ၊ စားသတိ၊** ဆိုတာ သိပ်မှန်တာကွ၊ သတိကင်းမဲ့သွားတာနဲ့ သေမင်းနဲ့စစ်ခင်းရပြီလို့သာမှတ်လိုက်ပေတော့ကွာ။ သတိဆိုတာကလည်း စည်းကမ်းနဲ့ဆက်စပ်နေတယ်ကွ "ရဟန်းဝိနည်း၊ ရွာကြီးစည်းရိုး၊ လူမျိုးစည်းကမ်း"ဆိုတဲ့ ဆိုစကားတောင်ရှိတယ်မဟုတ်လား။ စည်းကမ်းကိုတိတိကျကျလိုက်နာကြဖို့ လိုတယ်ကွ။ အဲဒီစည်းကမ်းကို လိုက်နာဖို့ကလည်း ကိုယ်တိုင်ကလည်း သတိတရားလက်ကိုင် ထားနေကြရမယ်ကွ။ **"လမ်းဖြတ်ကူးလျှင် သတိယှဉ်၊ လျင်လျင်ကူးကြမြန်းကျားမှ"**ဆိုတဲ့ဆောင်ပုဒ်ကိုကြည့်ရင် သတိလစ်မသွားကြဘဲ စည်းကမ်းနဲ့အညီ သွားလာကြဖို့ပဲကွ"

"ဒါကြောင့် **"မဃဒေဝလင်္ကာ"** မှာ **"တစ်စုံတစ်ခု၊ မျှော်မရှုဘဲ၊ အပြုချွတ်ယွင်း၊ သတိကင်းက၊ မှုခင်းထွေလာ၊ ဖြစ်တတ်စွာရှင့်"** လို့ ဆိုထားသလို **"လောကနီတိပျို့"** မှာ **"ဆိုင်းလင့်မရှိ၊ သတိမထား၊ ပြုမိမှားသား၊ နည်းပါးပညာ၊ သူတို့မှာကား၊ နောင်ခါနောင်တ၊ ပူပန်ရ၏"** လို့ သတိပေးထားတယ်ကွ။ သတိနဲ့သွားလာနေထိုင်ကြမှသာ အန္တရာယ်အသွယ်သွယ်က လွတ်ကင်းနိုင်မှာကွ"

"ဆန္ဒစောမှုတွေ၊ စိတ်မရှည်မှုတွေ၊ လောဘဒေါသတွေဟာ သတိကင်းမဲ့တတ်ကြလေ့ရှိတယ်ကွ။ သတိကင်းပြီဆိုတာနဲ့ အသိလည်းလွတ်သွားပြီး လျှပ်တစ်ပြက်အတွင်းမှာ ကိုယ့်အသက်လည်းဆုံးရှုံးနိုင်သလို ကိုယ့်ကြောင့် သူတစ်ပါးလည်း ထိခိုက်နစ်နာနိုင်တယ်ကွ။ သာဓကအနေနဲ့ပြောရရင် ရှုံးနောက်ကျမှာစိုးလို့၊ အစည်းအဝေးနောက်ကျမှာစိုးလို့၊ သူငယ်ချင်းနဲ့လွဲသွားမှာစိုးလို့၊ အရေးတကြီးအလျင်စလို ကသောကမျော၊ ဒရောသောပါးနဲ့ လမ်းဖြတ်ကူးကြမယ်ဆိုရင်တော့ ကိုယ့်အသက်အန္တရာယ်ရှိနိုင်တယ်ဆိုတာ တွက်ဆထားကြဖို့လိုတယ်ကွ။ ဒါကြောင့် **"ပညာရှင်ကြီး ဒေါက်တာဟူးဂိုး"** က **"အလျင်စလိုနိုင်လွန်းမှုသည် ကျွန်ုပ်တို့အား အမှားဆီသို့ ဦးဆောင်သွားသည်"** လို့ သတိပေးခဲ့တာပဲကွ။ **"သတိမမူ ဂူမမြင်"** **"အသက်ကိုဉာဏ်စောင့်"** ဆိုတာတွေဟာ သတိရှိကြဖို့ကို ပြောတာကွ"

"သိပ်မှန်တာပေါ့ သူငယ်ချင်းရာ"

## အွန်လိုင်းသုံးရာ ဆင်ခြင်ပါ

\- ဖုန်းကိုယ်စီ လက်ဝယ်ပိုက်လို့
ဆက်သွယ်လိုက်ကြ များသူငါ၊
စကားဆို စာပို့ရ
သုံးကြသည်သာ၊
အင်တာနက် စာမျက်နှာ
နည်းပညာ ဆန်းပေသား၊
ခါတ်ပုံ ဗီဒီယို
လိုသလို ရိုက်ကူးလို့သာ
ပေးပို့မှာလား။

\- ငွေကြေးကို စုဆောင်းထား
တစ်ပါးသူအား လွှဲနိုင်ပေ၊
ရောင်းလိုရာ ဝယ်လိုမှု
ပြုကြမသွေ၊
အွန်လိုင်းက ပညာရှာဖွေ
သင်ယူပါလေ ရနိုင်၏၊
အရေးရေး အရာရာမှာ
ကောင်းကျိုးရှာ ဆိုးကျိုးစပ်လိမ့်
မပြတ်သတိ။

\- ဖုန်းသုံးလျှင် စည်းကမ်းရှိ
အသိနဲ့ ဆင်ခြင်ကွယ်၊
သုံးတတ်သူ အကျိုးများလို့
ကြီးပွားစေမယ်၊
တလွဲသုံးက အန္တရာယ်
ကြုံနိုင်ဖွယ် တသောသော၊
စိတ်ဆင်ရိုင်း မိုက်အမှောင်ဝယ်
ထိပ်တိုက်ဆောင် လူသူယုတ်တို့
စက်ဆုပ်ဖွယ်ပေါ။

\- စကားဆို အချိုနှောပေမယ့်
စိတ်သဘောက မဖြူစင်၊
အကောက်ကြံ ဉာဏ်နီနက်နဲ့
လှည့်ကွက်ကိုဆင်၊
အတ္တဖက် တွယ်တာခင်
အကြင်နာ မေတ္တာမဲ့၊
ဘယ်သူပဲ သေပါစေ
ငတေမာ ထိုလူစားတို့
များလှလေရဲ့။

\- ခေတ်အညီ မီစေသတဲ့
အွန်လိုင်းနဲ့ အမြဲပျော်၊
ဆွေသဟာ မိတ်အများတို့
အလေးထားနော်၊
သတင်းစကား ပေါ်လွင်ကျော်
လျော်ကန်သည် ရှိရဲ့လား၊
အမှန်အမှားကို ချင့်ချိန်ကွယ်
အယုံလွယ် အခက်တွေ့လိမ့်
မမေ့စေသား။ ။

**စန်းထက်(ဖန်ခါးမြေ)**

# နိုင်ငံတကာ သတင်းများ

## အိန္ဒိယ၌ ဆေးဝါးစက်ရုံပေါက်ကွဲမှုဖြစ်ပွား လူ ၁၇ ဦးသေဆုံးပြီး ၄၀ နီးပါးဒဏ်ရာရ

ဒေလီ ဩဂုတ် ၂၂

အိန္ဒိယနိုင်ငံတောင်ပိုင်း အင်ဒရာပရာဒေ့ရှ်ပြည်နယ်ရှိ ဆေးဝါးထုတ်လုပ်ရေး စက်ရုံတစ်ရုံတွင် ပေါက်ကွဲမှုဖြစ်ပွားရာ သေဆုံးသူ ၁၇ ဦးနှင့် ဒဏ်ရာရရှိသူ ၄၀ နီးပါး ရှိခဲ့ကြောင်း ပြည်နယ်တာဝန်ရှိသူများက ယနေ့တွင်သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အနာကာပါလီခရိုင်၌ တည်ရှိသော အဆိုပါဆေးဝါးထုတ်လုပ်ရေးစက်ရုံပေါက်ကွဲမှုသည် ဩဂုတ် ၂၁ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ပေါက်ကွဲမှုဖြစ်ပွားရာစက်ရုံ၌ပြုလုပ်နေသည့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ပြီးဆုံးပြီဖြစ်ကြောင်း အင်ဒရာပရာဒေ့ရှ်ပြည်နယ်တာဝန်ရှိသူများက ပြောကြားထားသည်။

ပေါက်ကွဲမှုဖြစ်ပွားခဲ့သော ဆေးဝါးထုတ်လုပ်ရေးစက်ရုံကို အက်စီယန်တီးယားအမည်ရှိ ဆေးဝါးထုတ်လုပ်မှု ကုမ္ပဏီတစ်ခုက ပိုင်ဆိုင်ထားသည်။

ပဏာမစုံစမ်းစစ်ဆေးမှုရလဒ်များအရ ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် ဓာတုတုံ့ပြန်မှုများ ပေါ်ထွက်၍ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ဖွယ်ရှိကြောင်း အိန္ဒိယတာဝန်ရှိသူများက ယူဆထားသည်။

အိန္ဒိယနိုင်ငံသည် ဆေးဝါးပစ္စည်းထုပ်ထုတ်မှု စက်ရုံအများအပြားတည်ရှိမှုကြောင့် ကမ္ဘာ့ဆေးဝါးစက်ရုံကြီးအဖြစ် ထင်ရှားသောနိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ထိုင်ဝမ်ရေလက်ကြားကို ဖြတ်သန်းခဲ့သည့် အမေရိကန် စစ်သင်္ဘောကို တရုတ်စစ်ဘက်စောင့်ကြည့်သတိပေး

ပေကျင်း ဩဂုတ် ၂၂

ထိုင်ဝမ်ရေလက်ကြားကိုယနေ့တွင် ဖြတ်သန်းခုတ်မောင်းခဲ့သော အမေရိကန် ရေတပ်သင်္ဘောကို ခြေရာခံစောင့်ကြည့်၍ သတိပေးမှုများပြုလုပ်ခဲ့ကြောင်း တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် (ပီအယ်လ်အေ)က သတင်းထုတ်ပြန်ထားသည်။

ယနေ့တွင် ယူအက်စ်အက်စ်ရက်ဖ်ဂျွန်ဆင်အမည်ရှိ အမေရိကန်ရေတပ်ဖျက်သင်္ဘောတစ်စီး ထိုင်ဝမ်ရေလက်ကြားကိုဖြတ်သန်းခဲ့ကြောင်း အမေရိကန်ရေတပ်၏ အဆိုအရ သိရသည်။

အဆိုပါအမေရိကန်ရေတပ်သင်္ဘော ထိုင်ဝမ်ရေလက်ကြား ဖြတ်သန်းမှုကို အများအာရုံစိုက်လာစေရန် ကြံစည်အားထုတ်မှုအဖြစ် တရုတ်စစ်ဘက်က ဝေဖန်ထားသည်။

ထို့ပြင် ထိုင်ဝမ်ရေလက်ကြားဖြတ်သန်းစဉ် ယူအက်စ်အက်စ်ရက်ဖ်ဂျွန်ဆင် စစ်သင်္ဘောကို တရုတ်စစ်သင်္ဘောများနှင့် စစ်လေယာဉ်များက စောင့်ကြည့်ခဲ့ကြပြီး သတိပေးမှုများပြုလုပ်ခဲ့ကြောင်း တရုတ်စစ်ဘက်၏သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ထိုင်ဝမ်ရေလက်ကြားတစ်ဖက်ရှိ တရုတ်(တိုင်ပေ)ကို ပြည်မကြီးခွဲထုတ်နယ်မြေအဖြစ် သတ်မှတ်ထားပြီး ထိုင်ဝမ် ရေလက်ကြားကိုလည်း တရုတ်အချုပ်အခြာအာဏာစိုးမိုးသည့်နယ်မြေအဖြစ် မှတ်ယူထားကြောင်း သိရသည်။

Ref : RT

Trs : KKO



## သမ္မတပါဇက်ရှ်ကီရမ်အဆိုပြုသည့် အစိုးရအဖွဲ့လူစာရင်းကို အီရန်လွှတ်တော်အတည်ပြု



တီဟီရန် ဩဂုတ် ၂၂

ပြုပြင်ပြောင်းလဲရေးဝါဒီ သမ္မတသစ် ပါဇက်ရှ်ကီရမ် အဆိုပြုထားသည့် အစိုးရအဖွဲ့ဝင် ဝန်ကြီးသစ်အားလုံးကို အီရန် လွှတ်တော်က ဩဂုတ် ၂၁ ရက်တွင် သဘောတူအတည်ပြုခဲ့ကြောင်း သိရသည်။

အီရန်လွှတ်တော်သည် နှစ်ပေါင်း ၂၀ ကျော်ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် သမ္မတသစ်တစ်ဦးက အဆိုပြုထားသည့် အစိုးရအဖွဲ့ဝင်များအားလုံးကို အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။

အီရန်သမ္မတသစ် ပါဇက်ရှ်ကီရမ်သည် အီရန်ပြည်တွင်းရှိ အင်အားစုအားလုံးလက်ခံနိုင်မည့် သူများကို အစိုးရအဖွဲ့ဝင်များအဖြစ် ရွေးချယ်ထားသည့် သဘောရှိကြောင်းလေ့လာသူများက သုံးသပ်ထားသည်။

အီရန်သမ္မတ ပါဇက်ရှ်ကီရမ် အဆိုပြုထားသည့် အစိုးရအဖွဲ့ဝင်များအနက် အီရန်လွှတ်တော်၏ ထောက်ခံမဲ အများဆုံးရခဲ့သည့် အစိုးရအဖွဲ့ဝင်ဝန်ကြီးမှာ ကာကွယ်ရေးဝန်ကြီး အဇစ်နာဆာဇာဒါဖြစ်ပြီး အီရန်လွှတ်တော်အမတ် ၂၈၈ ဦးအနက် ၂၈၁ ဦးတို့၏ ထောက်ခံမဲများကိုရရှိခဲ့သည်။

ကျန်းမာရေးဝန်ကြီးသစ် မိုဟမ်မက်ရီဇာဇာဖာဂန်ဒီမှာ အီရန်လွှတ်တော်အမတ် ၁၆၃ ဦး၏ ထောက်ခံမဲများ ရရှိခဲ့သည်။

ထို့ပြင် အီရန်အစိုးရအဖွဲ့သစ်၏တစ်ဦးတည်းသော အမျိုးသမီးဝန်ကြီးဖြစ်သည့် အိုးအိမ်နှင့် လမ်းဝန်ကြီးဌာန ဝန်ကြီး ဖာဇာနာဆာဒက်မှာ လွှတ်တော်အမတ် ၂၃၁ ဦးတို့၏ ထောက်ခံမဲများရရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## နိုင်ငံ ၃၅ နိုင်ငံမှ ခရီးသွားများကို သီရိလင်္ကာအစိုးရ ဗီဇာကင်းလွတ်ခွင့်ပေးမည်

ကိုလံဘို ဩဂုတ် ၂၂

တရုတ်၊ အိန္ဒိယနှင့် ရုရှားအပါအဝင် နိုင်ငံပေါင်း ၃၅ နိုင်ငံတို့မှ ခရီးသွားများကို ခရီးသွားဗီဇာကင်းလွတ်ခွင့်ပေးရန် သီရိလင်္ကာအစိုးရက သဘောတူထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

သီရိလင်္ကာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာရေးအတွက် အဆိုပါနိုင်ငံပေါင်း ၃၅ နိုင်ငံတို့မှ ခရီးသွားများကို ခရီးသွားဗီဇာကင်းလွတ်ခွင့်ပေးရန် သီရိလင်္ကာအစိုးရက စီစဉ်ထားခြင်းဖြစ်သည်။

ယခုနှစ်အောက်တိုဘာ ၁ ရက်တွင်စတင်မည့်ခြောက်လကြာရှေ့ပြေးအစီအစဉ်အရ တရုတ်၊ အိန္ဒိယနှင့် ရုရှားအပါအဝင် နိုင်ငံပေါင်း ၃၅နိုင်ငံတို့မှ ခရီးသွားများကို ရက်ပေါင်း ၃၀ သက်တမ်းရှိ ဗီဇာကင်းလွတ်ခွင့်များ ပေးအပ်မည်ဖြစ်ကြောင်း သီရိလင်္ကာအစိုးရပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

သီရိလင်္ကာအစိုးရက ဗီဇာကင်းလွတ်ခွင့်ပေးမည့်နိုင်ငံများထဲတွင် ဂျာမနီ၊ နယ်သာလန်၊ စပိန်၊ ဒိန်းမတ်ကဲ့သို့ ဥရောပနိုင်ငံများနှင့် ဆော်ဒီအာရေဗျ၊ ထိုင်း၊ မလေးရှားနှင့် ဂျပန်ကဲ့သို့ အာရှနိုင်ငံများလည်းပါဝင်သည်။

ယခုနှစ်အတွင်း သီရိလင်္ကာနိုင်ငံသို့ပြည်ပခရီးသွား ၂ ဒသမ ၃ သန်းထိ ဝင်ရောက်နိုင်ကြောင်း သီရိလင်္ကာအစိုးရတာဝန်ရှိသူများက မျှော်လင့်ထားသည်။



သီရိလင်္ကာနိုင်ငံသည် ၂၀၂၃ ခုနှစ် ပထမခြောက်လအတွင်း ခရီးသွားလုပ်ငန်းမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံထိ ရရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ယီမင်ကမ်းလွန်၌ တိုက်ခိုက်ခံခဲ့ရသည့် ဂရိမှတ်ပုံတင်ရေနံတင်သင်္ဘော ပင်လယ်နီအတွင်း စက်ပျက်မျောပါ

လန်ဒန် ဩဂုတ် ၂၂

ယီမင်နိုင်ငံ ကမ်းလွန်ရေပြင်အတွင်း အကြိမ်ကြိမ်တိုက်ခိုက်ခံခဲ့ရသည့် ဂရိနိုင်ငံမှတ်ပုံတင်ကုန်တင်သင်္ဘောတစ်စီးမှာ စက်ပျက်၍ ပင်လယ်နီရေပြင်အတွင်း မျောပါနေကြောင်း ဗြိတိန်အခြေစိုက် ပင်လယ်ရေကြောင်း လုံခြုံရေးကုမ္ပဏီများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ဆိုးယူနီယံအမည်ရှိ အဆိုပါကုန်တင်သင်္ဘောသည် ယီမင်နိုင်ငံ ဟိုဒိုင်းဒါဆိပ်ကမ်း၏အနောက်ဘက် ရေမိုင် ၇၇ မိုင်အကွာတွင် ဩဂုတ် ၂၁ ရက် နံနက်ပိုင်းတွင် ရေယာဉ်ငယ်နှစ်စီး၏ အကြိမ်ကြိမ်တိုက်ခိုက်မှုနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ အကြိမ်ကြိမ်တိုက်ခိုက်ခံရပြီးနောက် ဆိုးယူနီယံ ရေနံတင်သင်္ဘောပေါ်တွင်မီးလောင်မှုဖြစ်ပွားကာ အင်ဂျင်စက်ထိခိုက်ပျက်စီးခဲ့ရပြီး ပင်လယ်နီရေပြင်အတွင်းမျောပါနေကြောင်း ရေကြောင်းလုံခြုံရေးကုမ္ပဏီများက ပြောကြားထားသည်။

ဆိုးယူနီယံရေနံတင်သင်္ဘော တိုက်ခိုက်ခံရမှုအတွက် တာဝန်ရှိကြောင်း မည်သည့်လက်နက်ကိုင်အုပ်စုကမျှ ကြေညာထားခြင်းမရှိကြောင်း သိရသည်။

အစ္စရေးနှင့် ဂါဇာကမ်းမြောင်အခြေစိုက် ဟားမတ်စ်အုပ်စုတို့ကြား စစ်ပွဲစတင်ခဲ့ပြီးနောက် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလမှစတင်၍ ယီမင်အခြေစိုက် အီရန်ကျောထောက်နောက်ခံပြု ဟူသီသူပုန်အုပ်စုသည် ပင်လယ်နီရေလမ်းကြောင်းအတွင်း သွားလာနေကြသည့် နိုင်ငံတကာကုန်သွယ်ရေးသင်္ဘောများကို တိုက်ခိုက်ခဲ့သည်။

ဩဂုတ် ၂၁ ရက် တိုက်ခိုက်မှုများကြောင့်ဆိုးယူနီယံရေနံတင်သင်္ဘောပေါ်လိုက်ပါလာသူရေယာဉ်ဝန်ထမ်း ၂၃ ဦး ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၂ စင်းကို Space-X ကုမ္ပဏီက အောင်မြင်စွာလွှတ်တင်ခဲ့



ဝါရှင်တန် ဩဂုတ် ၂၂

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် ဩဂုတ် ၂၀ ရက်တွင် စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တု ၂၂ စင်းကို အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း ဩဂုတ် ၂၁ ရက် သတင်းများအရ သိရသည်။

စတားလင့်ခ်ဂြိုဟ်တုသစ် ၂၂ စင်း သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၆၅ မိနစ်ခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်နိုင်ခဲ့ကြောင်း Space-X ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

Space-X ကုမ္ပဏီသည် ၎င်းတည်ဆောက်နေသော စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် လက်ရှိအချိန်ထိ စတားလင့်ခ်ဂြိုဟ်တု ၆၈၀၀ ကျော် လွှတ်တင်ထားပြီးဖြစ်ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် ယခုနှစ်အတွင်း အာကာသမစ်ရှင် ၈၀ ကျော် လွှတ်တင်ထားပြီးဖြစ်ရာ အများစုမှာ စတားလင့်ခ်ဂြိုဟ်တုမစ်ရှင်များ ဖြစ်ကြကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် ဩဂုတ် ၂၆ ရက်တွင် Polaris Drawn အမည်ရှိ ပုဂ္ဂလိက အာကာသခရီးသည်များ လိုက်ပါမည့် အာကာသ လူသယ်ယာဉ်တစ်စင်း လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO


## တစ်ချိန်က လကမ္ဘာမျက်နှာပြင်ပေါ်တွင် ချော်ရည်ပူများပြည့်နေသည့် ချော်ရည်ပူသမုဒ္ဒရာတစ်စင်း တည်ရှိခဲ့ဖူး

နယူးဒေလီ ဩဂုတ် ၂၂

တစ်ချိန်သောအခါက လကမ္ဘာမျက်နှာပြင်ပေါ်တွင် ချော်ရည်ပူများပြည့်နေသည့် ချော်ရည်ပူသမုဒ္ဒရာတစ်စင်း တည်ရှိခဲ့ဖူးကြောင်း အိန္ဒိယသိပ္ပံပညာရှင်များက ဩဂုတ် ၂၁ ရက်တွင် ပြောကြားသည်။

အဆိုပါချော်ရည်ပူသမုဒ္ဒရာ၏ အကြွင်းအကျန်များကို အိန္ဒိယ အာကာသအေဂျင်စီက လွှတ်တင်ခဲ့သော ချန်ဒရာယန်-၃ လဆင်းယာဉ်က ရှာဖွေတွေ့ရှိထားကြောင်း သိရသည်။

ချန်ဒရာယန်-၃ လဆင်းယာဉ်အနေဖြင့် လကမ္ဘာတောင်ဝင်ရိုးစွန်း၌ ချော်ရည်ပူသမုဒ္ဒရာတစ်စင်း တည်ရှိခဲ့မှု အထောက်အထားအဖြစ် Ferroan Anorthosite ခေါ် ကျောက်သားတစ်မျိုးကို ရှာဖွေတွေ့ရှိထားကြောင်း အိန္ဒိယ သိပ္ပံပညာရှင်များက ပြောကြားသည်။



လွန်ခဲ့သောနှစ်ပေါင်း ၄ ဒသမ ၅ ဘီလီယံခန့်က လမျက်နှာပြင်ပေါ်တွင် ချော်ရည်ပူများ စတင်အေးခဲလာပြီး Ferroan Anorthosite ကျောက်သားလွှာများ လမျက်နှာပြင်ပေါ်သို့ တက်ရောက်လာခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက သီအိုရီသဘောအရ လက်ခံထားပြီးဖြစ်သည်။

အထက်ပါ သီအိုရီမှန်ကန်မှုကို ချန်ဒရာယန်-၃ လဆင်းယာဉ်၏ သတင်းအချက်အလက်များအရ အတည်ပြုနိုင်ကြောင်း အိန္ဒိယသိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

၂၀၂၃ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် ချန်ဒရာယန်-၃ လဆင်းယာဉ်သည် လကမ္ဘာတောင်ဝင်ရိုးစွန်း၌ အောင်မြင်စွာဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## JUICE ကြာသပတေးဂြိုဟ်စနစ်လေ့လာရေး အာကာသယာဉ်က ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့

ပဲရစ် ဩဂုတ် ၂၂

ဥရောပအာကာသအေဂျင်စီ၏ JUICE ကြာသပတေးဂြိုဟ်စနစ်လေ့လာရေးအာကာသယာဉ်သည် ဩဂုတ် ၂၀ ရက်တွင် ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း ဩဂုတ် ၂၁ ရက် သတင်းများအရ သိရသည်။

JUICE အာကာသယာဉ်သည် ဩဂုတ် ၂၀ ရက်တွင် ကမ္ဘာဂြိုဟ်ကို မိုင် ၄၂၅၀ အကွာမှတစ်ဆင့် အနီးကပ်ပျံသန်းခဲ့ကြောင်း ဥရောပအာကာသ အေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

JUICE အာကာသယာဉ်သည် ဩဂုတ် ၁၉ ရက်တွင် လကိုအနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့ပြီးနောက် ကမ္ဘာဂြိုဟ်ကို အနီးကပ်ထပ်မံဖြတ်ကျော် ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအာကာသယာဉ်သည် ကြာသပတေးဂြိုဟ် ခရီးစဉ်အတွက် ဒြပ်ဆွဲအားအကူအညီရယူရန် ကမ္ဘာနှင့်လကို အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့ခြင်းဖြစ်သည်။

JUICE အာကာသယာဉ်သည် အရှေ့တောင်အာရှနှင့် ပစိဖိတ်သမုဒ္ဒရာအထက်မှတစ်ဆင့် ကမ္ဘာကို အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

JUICE အာကာသယာဉ် ၂၀၂၆ ခုနှစ်နှင့် ၂၀၂၉ ခုနှစ်တို့တွင်လည်း ဒြပ်ဆွဲအား အကူအညီရယူရေးအတွက် ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းမှုများ ထပ်မံပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## မီးဖွားရာတွင်အသုံးပြုသည့်ဆေးတစ်မျိုးက အယ်ဇိုင်းမားရောဂါကို ကုသပေးနိုင်ဖွယ်ရှိ

လန်ဒန် ဩဂုတ် ၂၂

မီးဖွားရာတွင် အသုံးပြုသည့် ဆေးတစ်မျိုးသည် အယ်ဇိုင်းမားရောဂါကို ကုသပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ဩဂုတ် ၂၁ ရက်တွင် ပြောကြားသည်။

အမျိုးသမီးများ မီးဖွားမှုလွယ်ကူစေရေးအတွက် အသုံးပြုသည့် ဆေးအမျိုးအစား တစ်မျိုးသည် ဦးနှောက်အတွင်းရှိ ပရိုတင်း အညစ်အကြေးများကို ရှင်းလင်းပေးသော ဇီဝယန္တရားစနစ်ကို အထောက်အကူ ပြုနိုင်ကြောင်း ဗြိတိန်နိုင်ငံ ရှိချက်စတာတက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များ၏အဆိုအရ Prostanoids ခေါ် အဆိုပါဆေးအမျိုးအစားသည် နှစ်စဉ် ကိုယ်ဝန်ဆောင် ထောင်ပေါင်းများစွာ မီးဖွားရလွယ်ကူရေးအတွက် အသုံးပြုနေသော ဆေးဖြစ်ကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ လူ၏ဦးနှောက်သည် ပရိုတင်းအညစ်အကြေးများကို ရှင်းလင်းရေးအတွက် Glymphatic အမည်ရှိ ဇီဝယန္တရားစနစ်ကို အသုံးပြုတတ်ကြောင်း သိရသည်။

ကြွက်များဖြင့် ပြုလုပ်ခဲ့သော လက်တွေ့စမ်းသပ်မှုများအရ Prostanoids ဆေးသည် Glymphatic စနစ်၏ လုပ်ငန်းလည်ပတ်အားကို မြှင့်တင်ပေးနိုင်သည်ကို တွေ့ရကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

Prostanoids ဆေးသည် ကြွက်သားများ အကျုံ့အဆန့်ကို လျင်မြန်စေသည့် ဆေးအမျိုးအစားဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## အနီရောင်အသားနှင့်ပြုပြင်ထားသည့်အသားများ ပုံမှန်စားသုံးပါက ပုံစံ-၂ ဆီးချိုဖြစ်နိုင်ခြေ မြင့်တက်နိုင်

လန်ဒန် ဩဂုတ် ၂၂

အနီရောင် အသားဟင်းများနှင့် ပြုပြင်စီရင်ထားသည့်အသားများပုံမှန်စားသုံးပါက ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း ဩဂုတ် ၂၁ ရက် သတင်းများအရ သိရသည်။

ဗြိတိန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် အသားစားသုံးမှုနှင့် ပတ်သက်သည့် နိုင်ငံတကာလေ့လာချက်ပေါင်း ၃၁ ခုတို့မှ ရရှိသော အချက်အလက်များကို ပြန်လည်ဆန်းစစ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ထွက်ပေါ်လာသောရလဒ်များအရ အနီရောင်အသားနှင့် ပြုပြင်စီရင်ထားသည့် အသားများ နေ့စဉ်စားသုံးပါက ပုံစံ-၂ ဆီးချိုရောဂါ ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်သည်ကို တွေ့ရကြောင်း သိရသည်။

သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ နေ့စဉ် ဝက်ပေါင်ခြောက်နှစ်လွှာမျှ စားရုံဖြင့် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေပုံမှန်ထက် ၁၅ ရာခိုင်နှုန်း မြင့်တက်လာတတ်ကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ အထက်ပါလေ့လာချက်သည် အနီရောင်အသားစားသုံးမှု၊ ပြုပြင်စီရင်ထားသော အသားများစားသုံးမှုနှင့် ပုံစံ-၂ ဆီးချိုရောဂါတို့ကြားဆက်စပ်မှုကို ဖော်ထုတ်ရန်အတွက် ပြုလုပ်ခဲ့ဖူးသမျှ အကျယ်ပြန့်ဆုံး လေ့လာချက်ဖြစ်ပြီး ကမ္ဘာတစ်ဝန်းရှိ လူပေါင်းနှစ်သန်းကျော်တို့၏ အချက်အလက်များကို စိစစ်လေ့လာခဲ့ကြကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO






## ပရီးမီးယားလိဂ်ပွဲစဉ်(၂) ပွဲကြိုသုံးသပ်ချက်

M L

**ဘရိုက်တန်** Vs **မန်ယူ**

ကစားမည့်ရက်/အချိန် (၂၄-၈-၂၀၂၄ ည ၆:၀၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဘရိုက်တန် ၀ - ၂ မန်ယူ

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | |
|---|---|---|---|
| ဘရိုက်တန် - | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |
| မန်ယူ - | အိမ်(ရှုံး) | ဝေး(သရေ) | အိမ်(နိုင်) |

ဘရိုက်တန်အသင်းဟာ အဓိကကစားသမားတွေ ဒဏ်ရာရနေပေမဲ့ ပြီးခဲ့တဲ့အဖွင့်ပွဲမှာ အဲဗာတန်ကိုသုံးဂိုးပြတ်နဲ့အနိုင်ရခဲ့ပြီး ခြေစွမ်းပြနိုင်ခဲ့ပါတယ်။ မန်ယူကတော့ ကစားကွက်ပိုင်းတိုးတက်မှုမရှိသေးဘဲ ကစားသမားတစ်ဦးချင်းစွမ်းဆောင်ရည်ကောင်းနေတာကြောင့် ပြီးခဲ့တဲ့ပွဲမှာ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ နှစ်သင်းစလုံး ဒဏ်ရာရကစားသမားများနေပေမဲ့ မန်ယူအသင်းက ကစားသမားစုဖွဲ့မှုနဲ့ ထိပ်တန်းအဆင့်ကစားသမားတွေများနေတာကြောင့်ဘရိုက်တန်ကိုဖိအားပေးပြီး နိုင်ပွဲရသွားမှာ သေချာပါတယ်။

ခန့်မှန်းရလဒ် - ဘရိုက်တန် ၁ - ၂ မန်ယူ

## အီတလီစီးရီးအေ ပွဲစဉ်(၂) ပွဲကြိုသုံးသပ်ချက်

M L

**အူဒီးနီးစ်** Vs **လာဇီယို**

ကစားမည့်ရက်/အချိန် (၂၄-၈-၂၀၂၄ ည ၁၁:၀၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

လာဇီယို ၁ - ၂ အူဒီးနီးစ်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | |
|---|---|---|---|
| အူဒီးနီးစ် - | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(သရေ) |
| လာဇီယို - | ဝေး(သရေ) | ဝေး(နိုင်) | အိမ်(နိုင်) |

အူဒီးနီးစ်အသင်းဟာ ပြီးခဲ့တဲ့အဝေးကွင်းမှာ ဘိုလော့နာကို သရေကစားနိုင်ပေမဲ့ တိုက်စစ်ပိုင်းအားနည်းချက်ရှိနေတာကြောင့် ပြိုင်ဘက်ရဲ့ဖိအားပေးမှုခံခဲ့ရတာကိုတွေ့ရမှာပါ။ လာဇီယိုကတော့ နည်းပြသစ်လက်ထက်မှာကစားပုံတိုးတက်လာခဲ့ပြီး နောက်ဆုံးအဝေးကွင်း သုံးပွဲဆက်မရှုံးသေးဘဲ ပွဲတိုင်းဂိုးရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အဝေးကွင်းကစားပုံကောင်းနေတဲ့ လာဇီယိုအသင်း အူဒီးနီးစ်ကို ပွဲချိန်ပြည့်ဖိအားပေးပြီး နိုင်ပွဲရသွားမှာပါ။

ခန့်မှန်းရလဒ် - အူဒီးနီးစ် ၀ - ၁ လာဇီယို

## အားကစားသတင်းအတိုအထွာများ

- ချဲလ်ဆီးအသင်းသည် ဆာဗက်တီအသင်းနှင့်ကစားမည့် ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲမတိုင်မီ ကစားသမား ၂၁ ဦးမှတ်ပုံတင်ခဲ့ရာတွင် အဓိကကစားသမားများဖြစ်သည့် စတားလင်း၊ ဘန်ချီဝဲလ်၊ အဒါရာဘီအိုယို၊ ဖိုဖန်နာ၊ လူကာကူ၊ ကီပါ၊ ဒက်ထရိုဖိုဖန်နာနှင့် ချာလိုဘတ်တို့ကို ချန်လှပ်ခဲ့ကြောင်း သိရသည်။
- လေဗာကူဆင်အသင်း ခံစစ်ကစားသမား ဟင်ကာပီကို လီဗာပူးအသင်းက စတာလင်ပေါင် ၄၂ ဒသမ ၅ သန်းဖြင့် ခေါ်ယူရန်ကြိုးပမ်းနေသော်လည်း အေတီကို၊ ဘိုင်ယန်မြူးနစ်၊ မန်ယူ၊ စပါးအသင်းတို့နှင့်အပြိုင်ကြိုးပမ်းရမည်ဖြစ်သည်။
- ခံစစ်ကစားသမား ကန်ဆယ်လိုကို ဆော်ဒီကလပ် အယ်ဟိုင်လာအသင်းသို့ ယူရို ၃၅ သန်းကျော်ဖြင့်ရောင်းချရန် မန်စီးတီးအသင်းက သဘောတူညီခဲ့ကြောင်း သိရသည်။
- ကွင်းလယ်ကစားသမား မာရင်နိုကို ပြောင်းရွှေ့ကြေး ယူရို ၃၈ ဒသမ ၅သန်းဖြင့်ခေါ်ယူရန် အာဆင်နယ်အသင်းက နောက်ဆုံးအဆင့်သဘောတူညီမှုရခဲ့သည်။ ML

# ချာကီကို ခေါ်ယူရန် စတာလင်ပေါင် ၁၂ ဒသမ ၇ သန်းဖြင့် ဖူလ်ဟမ် သဘောတူညီမှုရရှိ



**လန်ဒန် ဩဂုတ် ၂၂**

ဖူလ်ဟမ်အသင်းသည် လိုင်ယွန်အသင်းကစားသမား ချာကီကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၂ ဒသမ ၇ သန်း ဖြင့် ခေါ်ယူရန် ကလပ်အသင်းနှစ်ခုကြား သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

ဖူလ်ဟမ်အသင်းသည် ချာကီအတွက်ပြောင်းရွှေ့ကြေး ၁၂ ဒသမ ၇ သန်းအပြင်ကစားသမားအတွက် ယူရို လေးသန်းပေးချေသွားရန် ကလပ်အသင်းနှစ်ခုကြား သဘောတူညီမှုရရှိထားသော်လည်း ကစားသမားအနေဖြင့် နည်းပြဆေးဗား၏ ဖူလ်ဟမ်အသင်းနှင့်ပူးပေါင်းရန် ဆုံးဖြတ်ချက် မချရသေးကြောင်း သတင်းထွက်ပေါ်လျက်ရှိသည်။

အသက် ၂၁ နှစ်ရှိ ကွင်းလယ်ကစားသမားသည် အသက် ၁၆ နှစ်အရွယ်ကတည်းက လိုင်ယွန်အသင်းတွင် စတင်ပွဲထွက်ခွင့်ရရှိခဲ့သူဖြစ်ကာ အသင်းနှင့်ပြိုင်ပွဲစုံ ၁၄၁ ပွဲပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၁၇ ဂိုးနှင့် ဂိုးဖန်တီးမှု ၂၅ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သောကြောင့် နည်းပြမားကို့စ်ဆေးဗားက အသင်းမှ ထွက်ခွာသွားသည့် ပေါ်ဟင်ဟာ၏နေရာတွင် အစားထိုးနိုင်ရန် စီစဉ်ခဲ့ပြီး အနာဂတ်စီမံကိန်းအတွက် ခေါ်ယူခဲ့သည်။

ချာကီသည် ဥရောပအကောင်းဆုံး လူငယ်ကစားသမားများထဲတွင် ပါဝင်နေသူတစ်ဦးဖြစ်ပြီး ပြီးခဲ့သည့် အိုလံပစ်ပြိုင်ပွဲတွင်လည်း ပြင်သစ်အသင်းကိုဗိုလ်လုပွဲသို့ရောက်ရှိအောင် ပါဝင်ကူညီနိုင်ခဲ့သူဖြစ်၍ နည်းပြဆေးဗားက ကစားသမား၏စွမ်းဆောင်ရည်ကို သဘောကျနေခြင်းဖြစ်သည်။

ဖူလ်ဟမ်အသင်းသည် ယခုအပြောင်းအရွှေ့ကာလ၌ အာဆင်နယ်အသင်းမှ ကွင်းလယ်ကစားသမား စမစ်ရိုးကို၊ ခံစစ်ကစားသမား ဆက်စက်ဂန္ဓန်နှင့် ဂျော်ဂျီတို့ကိုခေါ်ယူနိုင်ခဲ့ပြီး ပဲလေ့စ်ခံစစ်ကစားသမား အန်ဒါဆင်ကို ထပ်မံခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီးနောက် ချာကီကိုခေါ်ယူရန် ကြိုးပမ်းခဲ့ကြောင်း သိရသည်။

Ref : GFFN

Trs : ML

# WBC ဘင်တန်ဝိတ်တန်း လက်ရှိချန်ပီယံကာကွယ်ပွဲတွင် နာကာတာနီနှင့် ချစ်ပက်တန်နာတို့ ယှဉ်ပြိုင်ထိုးသတ်မည်

**တိုကျို ဩဂုတ် ၂၂**

WBC ဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဂျပန်လက်ဝှေ့သမား နာကာတာနီသည် လက်ရှိချန်ပီယံကာကွယ်ပွဲအဖြစ် ချစ်ပက်တန်နာနှင့် ထိုးသတ်သွားမည်ဟု ပြောကြားခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ရှုံးပွဲမရှိသေးသည့် နာကာတာနီသည် လက်ရှိချန်ပီယံကာကွယ်ပွဲကို ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ပြီး ၎င်းသည်ဝိတ်တန်းသုံးခု၏ချန်ပီယံဖြစ်ပြီး WBC ဘင်တန်ဝိတ်တန်း လက်ရှိ ချန်ပီယံဘွဲ့ကိုအကောင်းဆုံးကာကွယ်ထိုးသတ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နာကာတာနီသည် တိုကျိုမြို့တွင် ဂျပန်ပရိသတ်များရှေ့၌ ထိုးသတ်ရမည်ဖြစ်သည့်အတွက် စိတ်ခံတတ်ပိုင်းဆိုင်ရာ အကောင်းဆုံးအနေအထားတွင်ရှိနေသည်။

နာကာတာနီက "ကျွန်တော်အနေနဲ့ လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်သွားရမှာဖြစ်တဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်။ တိုကျိုမြို့မှာ ထိုးသတ်သွားရမှာဖြစ်တဲ့အတွက်ပိုပြီးတော့ စိတ်လှုပ်ရှားမိပါတယ်။ ကျွန်တော့်အနေနဲ့ ရှုံးပွဲမရှိစံချိန် ဆက်လက်ထိန်းသိမ်းချင်ပါတယ်။ ဂျပန်ပရိသတ်တွေရှေ့မှာထိုးသတ်ရမှာဖြစ်လို့ ပိုပြီးတော့ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ ကျွန်တော်ပိုင်ဆိုင်ထားတဲ့ ခါးပတ်တွေကို ဆက်လက်ထိန်းသိမ်းနိုင်ဖို့အတွက် အကောင်းဆုံးပြင်ဆင်ထားပါတယ်။ဂျပန်ပရိသတ်တွေအနေနဲ့ ကျွန်တော့်အတွက် ဂုဏ်ယူချင်နေလိမ့်မယ်။ သူတို့အတွက် အကောင်းဆုံးကြိုးစားပေးသွားမှာပါ။ ဘင်တန်ဝိတ်တန်းရဲ့ ပြိုင်ဘက်ကင်းချန်ပီယံဖြစ်ခွင့်ရချင်တယ်။ ဂျပန်နိုင်ငံရဲ့ လက်ဝှေ့လောကကို ဒီထက်ပိုပြီး တိုးတက်အောင် လုပ်ပေးချင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# ဂိုးသမားမာတီနက်ဇ်ကို အေဗီလာအသင်း ၂၀၂၉ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆို

**လန်ဒန် ဩဂုတ် ၂၂**

အေဗီလာအသင်းသည်အသင်းတွင် လက်စွမ်းပြကစားနေသည့် ဂိုးသမား မာတီနက်ဇ်ကို ၂၀၂၉ ခုနှစ်ထိ စာချုပ်သစ်ချုပ်ဆိုနိုင်ခဲ့သောကြောင့် ကစားသမားအနေဖြင့် အသင်းနှင့်အတူ နောက်ထပ်ငါးနှစ်ထိ ဆက်ရှိနေမည်ဖြစ်သည်။

မာတီနက်ဇ်အနေဖြင့် အသင်းနှင့် ၂၀၂၇ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ၎င်းသည် ပြီးခဲ့သည့်ရာသီတွင် အေဗီလာအသင်းကို ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲတွင် ပင်နယ်တီကာကွယ်မှုများပြုလုပ်၍ ဆီမီးဖိုင်နယ်သို့ ပို့ဆောင်နိုင်ခဲ့သည့်အပြင် အမှတ်ပေးပြိုင်ပွဲတွင်လည်း အသင်းကို ချန်ပီယံလိဂ် ဝင်ခွင့်ရရှိအောင် အဓိကနေရာမှ ပါဝင်ကူညီခဲ့သဖြင့် အသင်း တာဝန်ရှိသူများက သက်တမ်းတိုး၍ ဆက်လက်ထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။

၎င်းသည် ၂၀၁၇ ခုနှစ်က အာဆင်နယ်အသင်းမှ အေဗီလာအသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၇ သန်းဖြင့် ရောက်ရှိခဲ့ပြီး အသင်းနှင့် ပွဲဦးထွက်ဘောလုံးရာသီတွင် ၁၅ ပွဲထိ ဂိုးမပေးရအောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ပြီး လက်ရှိအချိန်ထိ အသင်းနှင့် ပြိုင်ပွဲစုံ ၁၆၀ ပါဝင်ကစားခဲ့ရာတွင် ၅၄ ပွဲထိ ဂိုးမပေးရအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း သိရသည်။




ထို့ပြင် ဂိုးသမားမာတီနက်ဇ်သည် နိုင်ငံလက်ရွေးစင် အာဂျင်တီးနားအသင်းတွင်လည်း နည်းပြစကာလိုနီလက်ထက်တွင် ပုံမှန်ပွဲကစားခွင့်ရရှိခဲ့ပြီးနောက် အသင်းကို ကိုပါအမေရိက ဖလားနှစ်ကြိမ်နှင့် ကမ္ဘာ့ဖလား တစ်ကြိမ်ရရှိအောင် စွမ်းဆောင် ပေးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# U-12 Junior Soccer World Challenge 2024 ပြိုင်ပွဲ Loser Stageအဆင့်၌ မြန်မာယူ-၁၂အသင်းက Dragons Kashiwaအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ



ရန်ကုန် ဩဂုတ် ၂၂

ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် U-12 Junior Soccer World Challenge 2024 ပြိုင်ပွဲ Loser Stageအဆင့် ပွဲစဉ်အဖြစ် ယနေ့တွင် မြန်မာယူ-၁၂ အသင်းနှင့် Dragons Kashiwa အသင်းတို့ကစားခဲ့ရာ မြန်မာယူ-၁၂ အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မြန်မာယူ-၁၂ အသင်းက အကောင်းဆုံး ဖိအားပေးကစားနိုင်ခဲ့ပြီး မြန်မာယူ-၁၂ အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို တိုက်စစ်ကစားသမား ခန့်မင်းမြတ်က သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာယူ-၁၂ အသင်းသည် U-12 Junior Soccer World Challenge 2024 ပြိုင်ပွဲတွင် ရလဒ်ကောင်းများရရှိခဲ့ပြီး အုပ်စုသုံးပွဲကစားခဲ့ရာတွင် Tozuka Football Club Junior အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် လည်းကောင်း၊ FC Basara Hyogo အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ပြီး Kashima Antlers Norte အသင်းနှင့်ပွဲစဉ်တွင် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်ပြီး မြန်မာယူ-၁၂ အသင်းသည် ၃၂ သင်းအဆင့်တွင် FC Zeroအသင်းနှင့်ကစားခဲ့ရာတွင် နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် Loser Stageအဆင့်ပွဲစဉ်ကစားခဲ့ရခြင်းဖြစ်ပြီး Loser Stage အဆင့် ပွဲစဉ်၌ပုံစံကောင်းပြသနိုင်ခဲ့ကာ Dragons Kashiwa အသင်းကို အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# နည်းပြဖာဘရီဂတ်စ်၏ ကိုမိုအသင်းက ဘာစီလိုနာကစားသမား ရော်ဘက်တိုကို ခေါ်ယူ

လန်ဒန် ဩဂုတ် ၂၂

ခံစစ်ကစားသမား ရော်ဘတ်တိုသည် မကြာသေးမီက ဘာစီလိုနာအသင်းမှ အလွတ်ပြောင်းရွှေ့ခွင့်ဖြင့် ထွက်ခွာခဲ့ပြီးနောက် အသင်းဖော်ကစားသမားဟောင်း တာဝန်ယူ ကိုင်တွယ်နေသည့် နည်းပြဖာဘရီဂတ်စ်၏ကိုမိုအသင်းသို့ပြောင်းရွှေ့ခဲ့ကြောင်းသိရသည်။



ဘာစီလိုနာ အသင်းသည် အသက် ၃၂ နှစ်ရှိ ဝါရင့်ခံစစ်ကစားသမား ရော်ဘတ်တိုကို စာချုပ်သက်တမ်းတိုး လိုသော်လည်း အသင်း၏ဘဏ္ဍာရေး အကျပ်အတည်းကြောင့်ကစားသမားမှတ်ပုံတင်ရန်ခက်ခဲနေကာ သက်တမ်းတိုးရန်မစီစဉ်တော့ဘဲ ပြီးခဲ့သည့် ဇွန်လကုန်က အသင်းမှ ထွက်ခွာခွင့်ပြုခဲ့ကြောင်း ထုတ်ပြန်ခဲ့သောကြောင့် အသင်းလက်မဲ့ဖြစ်နေသည့် ရော်ဘတ်တိုကိုခေါ်ယူရန် ကိုမိုအသင်းကကြိုးပမ်းခဲ့ရာ သဘောတူညီမှုရရှိခဲ့သည်။

ရော်ဘတ်တိုကို စီးရီးအေ ပြိုင်ဘက် ဖီအိုရင်တီးနားအသင်း အပါအဝင် အခြားကလပ်အသင်းများကလည်း ခေါ်ယူရန် အပြိုင်ကြိုးပမ်းခဲ့သော်လည်း နည်းပြဖာဘရီဂတ်စ်က ၎င်းနှင့်ဆက်ဆံရေးကောင်းများရှိသည့် အသင်းဖော်ဟောင်းကို ကွင်းလယ်ပိုင်းတွင် အဓိက ကစားသမားအဖြစ် ပွဲထွက်ခွင့်ပေးရန် စည်းရုံးခဲ့ပြီး နှစ်နှစ်စာချုပ်ဖြင့်ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

ကိုမိုအသင်းသည် စီးရီးအေပြိုင်ပွဲသို့ နှစ်ပေါင်း ၂၃ နှစ်အတွင်း ပထမဆုံးအကြိမ် တန်းတက်ခွင့်ရရှိခဲ့ပြီးနောက် နည်းပြဖာဘရီဂတ်စ်ကို နည်းပြသစ်ခန့်အပ်ခဲ့ကာ ဝါရင့် ကစားသမားများဖြစ်သည့် ဂိုးသမား ရေနာ၊ ခံစစ်ကစားသမား မိုရီနို၊ရီးရဲလ်မက်ဒရစ်ကစားသမား နီကိုပက်ဇ်၊ မန်ယူအသင်း ကစားသမား ဗာရာနီ၊ ဘယ်လေ့ဘ်တီအပါအဝင် ကစားသမားသစ် ၁၀ ဦးထိခေါ်ယူနိုင်ခဲ့သော်လည်း အဖွင့်ပွဲစဉ်တွင် ဂျူဗင်တပ်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ခံစစ်ပိုင်း လိုအပ်ချက်ကို ထပ်မံဖြည့်တင်းရန် ကြိုးပမ်းနေကြောင်း သိရသည်။

Ref : Espn

Trs : ML

# ဂျာမနီလက်ရွေးစင်အသင်းကစားသမားဘဝမှ အနားယူကြောင်း ဝါရင့်ဂိုးသမား နွူအာ အတည်ပြုကြေညာ

ဘာလင် ဩဂုတ် ၂၂

ဂျာမနီ လက်ရွေးစင်အသင်းကစားသမားဘဝမှ အနားယူပြီဟု ဝါရင့်ဂိုးသမား နွူအာက အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

အသက် ၃၈ နှစ်ရှိ ဂိုးသမား နွူအာသည် ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်ကစတင်ပြီး ဂျာမနီလက်ရွေးစင်အသင်းတွင် စတင်ပါဝင်ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဆယ်စုနှစ်တစ်ခုကျော်ကြာ ပါဝင်ကစားခဲ့ကာ ပြီးခဲ့သည့် ဇူလိုင်လက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ယူရို ၂၀၂၄ပြိုင်ပွဲတွင် နောက်ဆုံးပါဝင်ကစားခဲ့ပြီးနောက် ဂျာမနီလက်ရွေးစင်အသင်းကစားသမားဘဝမှ အနားယူရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယူရို ၂၀၂၄ ပြိုင်ပွဲအပြီးတွင် ဂျာမနီလက်ရွေးစင် အသင်းကစားသမားဘဝမှ ကွင်းလယ်ကစားသမား တိုနီခရုးစ်၊ ဂန်ဒိုဂမ်နှင့် တိုက်စစ်ကစားသမား သောမက်မူလာတို့ အနားယူခဲ့ပြီးနောက် လေးဦးမြောက် ကစားသမားအဖြစ် ဂိုးသမား နွူအာက လက်ရွေးစင်အသင်း ကစားသမားဘဝမှ အပြီးတိုင်အနားယူခဲ့ခြင်းဖြစ်သည်။

ဂိုးသမား နွူအာသည် ဂျာမနီလက်ရွေးစင်အသင်းနှင့် အတူ ဆယ်စုနှစ်တစ်ခုကျော်ကြာ အဓိကပွဲထွက် ဂိုးသမားအဖြစ်ပါဝင်ခဲ့ပြီး ဂျာမနီအသင်းနှင့်အတူ နိုင်ငံတကာပြိုင်ပွဲစုံ ၁၂၄ ပွဲထိပါဝင်ခဲ့ပြီး လက်ရွေးစင်အသင်း သမိုင်းတစ်လျှောက် ပြိုင်ပွဲစုံ ၁၅၀ ပါဝင်ကစားခဲ့သည့် မက်သရူးစ်၊ ၁၃၇ ပွဲပါဝင်ကစားခဲ့သည့် ကလိုဆေး၊ ၁၃၁ ပွဲပါဝင်ကစားခဲ့သည့် သောမက်မူလာ၊ ပွဲ ၁၃၀ ပါဝင်ကစားခဲ့သည့် ပိုဒေါစကီးတို့ပြီးလျှင် ငါးဦးမြောက် ပွဲအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသူဖြစ်သည်။

ထို့ပြင် နွူအာသည် ဂျာမနီအသင်းနှင့် ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်က ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ၂၀၁၄ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိကနေရာမှ ပါဝင်ခဲ့သူဖြစ်ကြောင်းသိရသည်။

Ref : Bild

Trs : STA

# စပိန်လာလီဂါ ပွဲစဉ်(၂) ပွဲကြိုသုံးသပ်ချက်

STA

အိုဆာဆူနာ Vs မာယော့ကာ

ကစားမည့်ရက်/အချိန် (၂၄-၈-၂၀၂၄ ည ၉:၃၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

အိုဆာဆူနာ ၁ - ၁ မာယော့ကာ

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| အိုဆာဆူနာ | - | ဝေး(ရှုံး) | အိမ်(ရှုံး) | အိမ်(သရေ) |
| မာယော့ကာ | - | ဝေး(နိုင်) | အိမ်(သရေ) | အိမ်(သရေ) |

ရီးရဲလ်မက်ဒရစ်အသင်းကိုတောင်သရေရလဒ်ရရှိအောင်ကစားနိုင်ခဲ့တဲ့ မာယော့ကာအသင်းရဲ့ခြေစွမ်းပိုင်းက တည်ငြိမ်မှုရှိနေပါတယ်။ အိုဆာဆူနာအသင်းကတော့ခြေစွမ်းပိုင်းအကျဘက်ကိုရောက်ပြီး ရုန်းကန်နေရပါတယ်။ ဒါကြောင့် ဒီပွဲမှာ အသင်းလိုက်ကစားပုံကောင်းမွန်တဲ့ မာယော့ကာအသင်းကိုပဲအားပေးရမှာပါ။

ခန့်မှန်းရလဒ် - အိုဆာဆူနာ ၁ - ၂ မာယော့ကာ

# ပြင်သစ်လီဂူး ပွဲစဉ်(၂) ပွဲကြိုသုံးသပ်ချက်

STA

လိုင်ယွန် Vs မိုနာကို

ကစားမည့်ရက်/အချိန် (၂၄-၈-၂၀၂၄ ည ၉:၃၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

လိုင်ယွန် ၃ - ၂ မိုနာကို

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| လိုင်ယွန် | - | ဝေး(နိုင်) | ဝေး(ရှုံး) | ဝေး(ရှုံး) |
| မိုနာကို | - | ဝေး(နိုင်) | ဝေး(နိုင်) | အိမ်(နိုင်) |

အဖွင့်ပွဲစဉ်မှာ ဂိုးပြတ်ရှုံးပွဲကြုံခဲ့တဲ့ လိုင်ယွန်အသင်းရဲ့ခြေစွမ်းပိုင်းက အတော်လေးဆိုးရွားနေလို့ အခုပွဲစဉ်မှာလဲ အိမ်ကွင်းဆိုပေမယ့် ရုန်းကန်ရပါလိမ့်မယ်။ မိုနာကိုအသင်းကတော့ ပုံစံကောင်းရှိနေလို့ ဖိအားပေးကစားနိုင်မှာပါ။ ဒါကြောင့် လက်ရှိခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ မိုနာကိုအသင်းပဲ ရလဒ်ကောင်းသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - လိုင်ယွန် ၀ - ၁ မိုနာကို

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ်(၁) ပွဲကြိုသုံးသပ်ချက်များ

STA

ဖရိုင်းဘတ် Vs စတုဂတ်

ကစားမည့်ရက်/အချိန် (၂၄-၈-၂၀၂၄ ည ၈:၀၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဖရိုင်းဘတ် ၁ - ၃ စတုဂတ်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဖရိုင်းဘတ် | - | ဝေး(သရေ) | အိမ်(သရေ) | ဝေး(နိုင်) |
| စတုဂတ် | - | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(သရေ) |

အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံမာကျောမှုရှိတဲ့ ဖရိုင်းဘတ်အသင်းဟာ စတုဂတ်အသင်းကို ဖိအားပေးကစားနိုင်မှာပါ။ စတုဂတ်အသင်းကလဲ ရာသီကြိုခြေစမ်းပွဲစဉ်တွေမှာ ရလဒ်ကောင်းခဲ့ပေမယ့် အသင်းခံစစ်ပိုင်းကတော့စိတ်ချလို့မရပါဘူး။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ဖိအားပေးကစားလာမယ့် ဖရိုင်းဘတ်အသင်းကိုအားပေးရမှာပါ။

ခန့်မှန်းရလဒ် - ဖရိုင်းဘတ် ၂ - ၁ စတုဂတ်

လိုက်ပ်ဇစ် Vs ဘိုချမ်

ကစားမည့်ရက်/အချိန် (၂၄-၈-၂၀၂၄ ည ၈:၀၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဘိုချမ် ၁ - ၄ လိုက်ပ်ဇစ်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| လိုက်ပ်ဇစ် | - | အိမ်(ရှုံး) | အိမ်(သရေ) | ဝေး(နိုင်) |
| ဘိုချမ် | - | အိမ်(နိုင်) | ဝေး(နိုင်) | ဝေး(ရှုံး) |

လိုက်ပ်ဇစ်အသင်းဟာ ရာသီအဖွင့်အိမ်ကွင်းပွဲစဉ်မှာ အနိုင်ရလဒ်အတွက် အမှားခံမှာမဟုတ်ပါဘူး။လက်ရှိဘိုချမ်အသင်းရဲ့ခြေစွမ်းပိုင်းကလဲ လိုက်ပ်ဇစ်အသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့အတွက် မဖြစ်နိုင်လို့ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့လိုက်ပ်ဇစ်အသင်းပဲအနိုင်ရသွားမှာပါ။

ခန့်မှန်းရလဒ် - လိုက်ပ်ဇစ် ၃ - ၀ ဘိုချမ်

# အိုင်အိုဒင်းဓာတ်ချို့တဲ့မှုပပျောက်ရေး အသိပညာပေး

ဩဂုတ်လသည် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုများဆောင်ရွက်သည့်လဖြစ်ပြီး ကမ္ဘာ့ကျန်းမာရေးသုတေသီများက နှစ်စဉ် ဩဂုတ်လ၏ စတုတ္ထရက်သတ္တပတ်ကို အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေးရက်သတ္တပတ်အဖြစ် အထူးတလည် သတ်မှတ်ထားကြသည်။

ကမ္ဘာပေါ်ရှိ အသက်ငါးနှစ်အောက်ကလေးငယ်များတွင် အိုင်အိုဒင်းဆားချို့တဲ့မှုကြောင့် ဦးနှောက်ချို့တဲ့မှုပြဿနာများ ကြုံတွေ့နေကြရသည်။ ထို့ကြောင့် အစကောင်းမှအနှောင်းသေချာဆိုသကဲ့သို့ မိခင်လောင်းများသည် ပဋိသန္ဓေရှိချိန်ကစ၍ အိုင်အိုဒင်းဆားကို သင့်တင့်မျှတစွာစားသုံးရန် အထူးလိုအပ်သည်။ သို့သော် ကျန်းမာရေးအသိပညာချို့တဲ့မှုကြောင့် အိုင်အိုဒင်းဆားစားသုံးမှု အားနည်းနေကြသည်။ အိုင်အိုဒင်းဆားမှီဝဲခြင်းက မိခင်ရော၊ ရင်သွေးအတွက်ပါ အာဟာရဖွံ့ဖြိုးစေမည်ဖြစ်ပါသည်။

**အိုင်အိုဒင်းဆားအကြောင်းသိကောင်းစရာ**

ဆားကို ဓာတုဗေဒနည်းဖြင့် ခွဲခြမ်းစိတ်ဖြာကြည့်ပါက ကလိုရိုက်အိုင်းယွန်းနှင့် ဆိုဒီယမ်အိုင်းယွန်းတို့ ပေါင်းစပ်ထားသော ဆိုဒီယမ်ကလိုရိုက်သတ္တုဓာတ်ပေါင်းဖြစ်သည်။ ဆားကို ယေဘုယျအားဖြင့် ဆားကြမ်း၊ စားပွဲတင်ဆားနှင့် အိုင်အိုဒင်းဆားဟူ၍ သုံးမျိုးခွဲခြားထားသည်။ ပင်လယ်ရေကရရှိပြီး သဘာဝအတိုင်း မပြုပြင်ရသေးဘဲ ခပ်ကြမ်းကြမ်း ရှုတတရှိသော ဆားခဲကြီးကို ဆားကြမ်းဟုခေါ်သည်။ ထိုဆားကြမ်းခဲကြီးများကို အရောင်ချွတ်ဆေးသုံးပြီး ဖြူဖွေးသန့်စင်ကာ၊ နူးညံ့မှုန့်ညက်အောင် စက်ဖြင့်ကြိတ်ထားသောဆားကို စားပွဲတင်ဆားဟုခေါ်သည်။ ဆားငန်ရည် သို့မဟုတ် ဆားကြမ်းကို အိုင်အိုဒင်းဓာတ်ဖြည့်စွက်ကာ အဖြူရောင်ဆားပုံဆောင်ခဲလေးများအဖြစ် ပြုပြင်ထားခြင်းကို အိုင်အိုဒင်းဆားဟုခေါ်ပြီး ၎င်းက စားပွဲတင်ဆားကဲ့သို့ နူးညံ့မှုမရှိပေ။ တစ်နည်းဆိုသော် အိုင်အိုဒင်းဆားဆိုသည်မှာ မိမိတို့စားနေကျ အိမ်သုံးဆား အပုံတစ်သိန်းလျှင် အိုင်အိုဒင်းအာဟာရသုံးပုံခန့်(ပါသည်ဆိုရုံ)ဖြည့်ထားသောဆားဖြစ်သည်။ စားနေကျ အိမ်သုံးဆားနှင့် အရောင်အဆင်း၊ အနံ့၊ အရသာ ခြားနားမှုမရှိပေ။ အချို့နိုင်ငံများတွင် အိုင်အိုဒင်းဆားကို ပန်းရောင် သို့မဟုတ် မီးခိုးရောင်ဖျော့ဖျော့ ပုံဆောင်ခဲလေးများအဖြစ် တွေ့မြင်ရသည်။

**အိုင်အိုဒင်းဆားစားသုံးသင့်သောအကြောင်းရင်း**

အိုင်အိုဒင်းဓာတ်သည် သက်စောင့်ဓာတ် (သတ္တုဓာတ်)တစ်မျိုးဖြစ်သည်။ အထူးသဖြင့် ခန္ဓာကိုယ်အတွက် လိုအပ်သော အိုင်အိုဒင်း ၇၅ ရာခိုင်နှုန်းကို သိုင်းရွိုက်ဂလင်းမှာ သိုလှောင်ထားလေ့ရှိသဖြင့် အိုင်အိုဒင်းဓာတ်သည် သိုင်းရွိုက်ဂလင်း၏ လုပ်ငန်းများနှင့် သိုင်းရွိုက်ဆဲလ်များ ဖြစ်တည်မှုအတွက် လွန်စွာအသုံးဝင်သည်။ ယနေ့ကမ္ဘာပေါ်မှာ အိုင်အိုဒင်းချို့တဲ့သူပေါင်း သန်း ၂၀၀၀ ခန့်ရှိကြောင်း ဩစတြေးလျနိုင်ငံရှိ MNT Knowledge Centre က ဆိုထားသည်။

အရွယ်ရောက်ပြီးသူတစ်ဦးအတွက် နေ့စဉ် အိုင်အိုဒင်းလိုအပ်ချက်ပမာဏမှာ ၁၅၀ မိုက်ကရိုဂရမ်ဖြစ်ပြီး ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအတွက်မူ နေ့စဉ် မိုက်ကရိုဂရမ် ၂၂၀ မှ ၂၉၀ လိုအပ်နေပါသည်။ ကလေးငယ်များ ပုံမှန်ကြီးထွားရေး၊ ဉာဏ်ရည်ထက်မြက်ရေးနှင့် လူကြီး၊ လူငယ်၊ လူရွယ်အားလုံး ကျန်းမာရေးအတွက် အိုင်အိုဒင်းအာဟာရကို လုံလောက်စွာရရှိစေရန် မိသားစုဝင်အားလုံး အိုင်အိုဒင်းဆားကို နေ့စဉ် စားသုံးကြရန် လိုအပ်သည်။ အထက်တွင် ဖော်ပြထားသည့်အတိုင်း အိုင်အိုဒင်းဆားပမာဏကို သင့်တင့်မျှတစွာ နေ့စဉ်စားသုံးရုံနှင့် အိုင်အိုဒင်းအာဟာရလွန်ကဲမှုမဖြစ်နိုင်ပေ။

**အိုင်အိုဒင်းကြွယ်ဝသော အစားအစာများ**

မြန်မာနိုင်ငံတစ်ဝန်း မည်သည့်ဒေသတွင်ဖြစ်စေ အစားအစာတစ်မျိုးတည်းမှ အိုင်အိုဒင်းအာဟာရ လုံလောက်စွာရရှိရန် မသေချာလှပေ။ ထို့ကြောင့် အောက်ဖော်ပြပါ အိုင်အိုဒင်းဓာတ်ကြွယ်ဝသော အစားအစာများကို ရွေးချယ်စားသင့်သည်။

ကောက်ပဲသီးနှံ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ အသား၊ ငါး၊ နို့၊ ဥ စသည့်အစားအစာများတွင် အိုင်အိုဒင်းအနည်းငယ်စီပါဝင်သည်။ ပင်လယ်ငါး၊ ပုစွန်၊ ကျောက်ပွင့် စသည့်ပင်လယ်မှထွက်ရှိသော အစားအစာများထဲတွင် အိုင်အိုဒင်းအာဟာရ ကြွယ်ဝစွာ ပါဝင်နေသည်။




**အိုင်အိုဒင်းချို့တဲ့ရောဂါများ**

အိုင်အိုဒင်းချို့တဲ့မှုကြောင့် ကမ္ဘာ့လူသားများတွင် ဦးနှောက်ပျက်စီးမှု နှင့်စွမ်းဆောင်ရည်နှေးကွေးမှု ပြဿနာများဖြင့် ရင်ဆိုင်နေကြရသည်။

**(၁) ကိုယ်ဝန်ဆောင်မိခင်များ အိုင်အိုဒင်းချို့တဲ့ခြင်း**

ကိုယ်ဝန်ပျက်ကျတတ်သည်။ ကလေးအသေမွေးတတ်သည်။ လမစေ့၊ ပေါင်မပြည့်သော ကလေးမွေးတတ်သည်။ ဆွံ့အ နားမကြားကလေး၊ ခြေလက်မသန်စွမ်းကလေး မွေးတတ်သည်။ စိတ်ပိုင်းဆိုင်ရာချို့တဲ့သော၊ ဉာဏ်ရည်နိမ့်သောကလေး မွေးတတ်သည်။ အရပ်ပုပြတ်နှင့် သက်ကြီးပုံစံကလေးများ မွေးတတ်သည်။

**(၂) ကလေးငယ်များ အိုင်အိုဒင်းချို့တဲ့ခြင်း**

ပုံမှန်မကြီးထွားဘဲ အရပ်ပုနေတတ်သည်။ ဉာဏ်ထိုင်းတတ်သည်။ သွက်လက်ဖျတ်လတ်မှုမရှိ၊ ထုံထိုင်းနှေးကွေးသည်။ မွေးရာပါရောဂါများရရှိနိုင်သည်။ လည်ပင်းကြီးရောဂါဖြစ်တတ်သည်။

**(၃) လူကြီးများ အိုင်အိုဒင်းချို့တဲ့ခြင်း**

သွေးထဲတွင် အိုင်အိုဒင်းလျော့နည်းပါက လည်ပင်းကြီးရောဂါဖြစ်စေသည်။ ကမ္ဘာတစ်ဝန်း လူဦးရေသန်း ၂၀၀ မှ ၃၀၀ ကြား လည်ပင်းကြီးရောဂါခံစားနေကြရသည်။ ဒူးခေါင်းအရိုးဆစ်ကြီးတတ်သည်။ သွက်လက်ဖျတ်လတ်မှုမရှိ၊ ထုံထိုင်းနှေးကွေးသည်။ သက်လုံမကောင်းပေ။ ပင်ပန်းလွယ်မည်။

ကမ္ဘာ့လူသားတိုင်း အိုင်အိုဒင်းဓာတ်ချို့တဲ့နိုင်သည်။ ၎င်းတို့အနက် အိုင်အိုဒင်းချို့တဲ့နိုင်ခြေပိုများသူတို့မှာ ကိုယ်ဝန်ဆောင်မိခင်များ၊ မြေဆီလွှာမှာ အိုင်အိုဒင်းပါဝင်မှုနည်းသည့် နိုင်ငံတချို့တွင် နေထိုင်ကြသူများ (ဥပမာ- အရှေ့တောင်အာရှနိုင်ငံများ၊ တောင်အာရှနိုင်ငံများ၊ နယူးဇီလန်နိုင်ငံနှင့် ဥရောပနိုင်ငံများ)၊ အိုင်အိုဒင်းဆား မစားသုံးသူများနှင့် သက်သတ်လွတ် စားသုံးလေ့ရှိသူများ ဖြစ်ကြသည်။

**အိုင်အိုဒင်းချို့တဲ့ခြင်းကိုဖော်ပြနေသော လက္ခဏာများ**

ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်နေသည့် သတ္တုဓာတ်တစ်မျိုးဖြစ်သော အိုင်အိုဒင်းဓာတ်ချို့တဲ့လာပါက အောက်ပါလက္ခဏာများကို အများဆုံးတွေ့ရနိုင်ပါသည်။

**လည်ပင်းကြီးခြင်း**

သိုင်းရွိုက်ဂလင်းများ အဆမတန်ကြီးလာကာ လည်ပင်းအရှေ့ဘက်တွင်ဖောင်းနေခြင်းသည် အိုင်အိုဒင်းချို့တဲ့မှု၏ ထင်သာမြင်သာရှိသောလက္ခဏာတစ်ခုဖြစ်သည်။ သိုင်းရွိုက်ဂလင်းဆိုသည်မှာ လည်ပင်းအရှေ့ဘက်ရှိသေးငယ်သော လိပ်ပြာပုံစံဂလင်းဖြစ်သည်။ Thyroid Stimulating Hormone(TSH)၏ စေ့ဆော်မှုကိုရရှိသည့်အခါ သိုင်းရွိုက်ဂလင်း ကသိုင်းရွိုက်ဟော်မုန်းလေးများကို စတင်ထုတ်လုပ်သည်။ ထိုလုပ်ဆောင်မှုများ ဟန်ချက်ညီနေစေရန်အတွက် အိုင်အိုဒင်းဓာတ်လိုအပ်သည်။ ခန္ဓာကိုယ်တွင် အိုင်အိုဒင်းဓာတ်နည်းသောအခါ ထိုလုပ်ဆောင်မှုများ ကောင်းစွာမလုပ်နိုင်တော့ဘဲ ဆဲလ်များကို ပုံမှန်မဟုတ်သော ကြီးထွားမှုဖြစ်ပေါ်စေပြီး လည်ပင်းကြီးခြင်းကို ဖြစ်လာစေပါသည်။

**ကိုယ်အလေးချိန် တက်လာခြင်း**

သိုင်းရွိုက်ဟော်မုန်းများက ကိုယ်တွင်းဇီဝဖြစ်စဉ်ကို အကောင်းဆုံးလည်ပတ်နိုင်စေရန် ပံ့ပိုးပေးခြင်းဖြင့် စားလိုက်သည့် အစားအစာများကို စွမ်းအင်အဖြစ် ပြောင်းလဲပေးသကဲ့သို့ အပူအဖြစ်လည်း ပြောင်းလဲပေးသည်။ ထို့ပြင် ကယ်လိုရီများကိုလည်း လောင်ကျွမ်းပေးသည်။ အကယ်၍ သိုင်းရွိုက်ဂလင်းများ ကောင်းကောင်းအလုပ်မလုပ်နိုင်တော့သည့်အခါ ခန္ဓာကိုယ်တွင် ထိုဖြစ်စဉ်များ နှောင့်နှေးသွားပြီး ကိုယ်အလေးချိန်တက်လာသည်။

**ပင်ပန်းနွမ်းနယ်ခြင်းနှင့် အားမရှိသကဲ့သို့ခံစားရခြင်း**

အိုင်အိုဒင်းချို့တဲ့မှုကြောင့် သိုင်းရွိုက်ဂလင်းများ အလုပ်မလုပ်ဘဲ ကိုယ်တွင်းတွင် သိုင်းရွိုက်ဟော်မုန်းအားနည်းလာသည့်အခါ အနည်းငယ်လှုပ်ရှားရုံမျှနှင့် အားမရှိသကဲ့သို့ဖြစ်နေပြီး ခြေကုန်လက်ပမ်းကျနေသကဲ့သို့ ခံစားရတတ်သည်။

**ဆံပင်ကျွတ်ခြင်း**

ဆံသားအပါအဝင် ခန္ဓာကိုယ်ပေါ်ရှိ အမွေးအမျှင်များက အပူအအေးမျှတ၍ ကျန်းမာနေစေရန်အတွက် အကောင်းဆုံးပံ့ပိုးပေးပါသည်။ သို့သော် ဆံပင်များ အဆမတန်ကျွတ်နေလျှင် ကိုယ်တွင်းတွင် အိုင်အိုဒင်းဓာတ်ချို့တဲ့သည့်လက္ခဏာဖြစ်သည်။

**အသားအရေခြောက်သွေ့ခြင်း**

ခန္ဓာကိုယ်တွင်း အိုင်အိုဒင်းဓာတ်နည်းနေသည့်အခါသိုင်း ရွိုက်ဂလင်းများက ကောင်းကောင်းအလုပ်မလုပ်သောကြောင့် သိုင်းရွိုက်ဟော်မုန်းပမာဏနည်းပါးလာပြီး အရေပြားမှာ အစိုဓာတ်နည်းလာသည်။ ထိုအခါ အသားအရေခြောက်သွေ့ခြင်းနှင့် အရေပြားအဖက်လန်ခြင်းများ ဖြစ်လာနိုင်သည်။

**ပုံမှန်ထက်ပိုအေးနေသလိုခံစားရခြင်း**

အိုင်အိုဒင်းဓာတ်ချို့တဲ့သူသည် အခြားသူများထက် ပိုချမ်းတတ်ခြင်း သို့မဟုတ် ပုံမှန်ထက်ပိုအေးနေသကဲ့သို့ ခံစားရသည်။ ကိုယ်တွင်းတွင် အိုင်အိုဒင်းဓာတ်နည်းနေသဖြင့် သိုင်းရွိုက်ဂလင်းများ ကောင်းကောင်းအလုပ်မလုပ်တော့သည့်အခါ သိုင်းရွိုက်ဟော်မုန်းထွက်ရှိမှုနည်းသွားပြီး ခန္ဓာကိုယ်က အအေးဒဏ်ကိုမခံနိုင်ခြင်းမျိုးဖြစ်လာသည်။

**သင်ယူမှုနှင့်မှတ်ဉာဏ်စွမ်းအားနည်းလာခြင်း**

အိုင်အိုဒင်းချို့တဲ့မှုက သင်ယူနိုင်စွမ်းနှင့်မှတ်မိနိုင်စွမ်းကို ထိခိုက်စေသည်။ အကြောင်းရင်းမှာ အိုင်အိုဒင်းအပေါ်တွင် အပြည့်အဝမှီခိုနေသည့် သိုင်းရွိုက်ဟော်မုန်းများက ဦးနှောက်ဖွံ့ဖြိုးရန်နှင့် မှတ်ဉာဏ်စွမ်းအား ကောင်းစေရန်တို့အတွက် အကောင်းဆုံးပံ့ပိုးပေးသည်။ ထို့ကြောင့် သင်ယူမှတ်မိနိုင်စွမ်းကောင်းစေရန်အတွက် အိုင်အိုဒင်းပြည့်ဝရန် လိုပါသည်။

**အငန်ဓာတ်လွန်ကဲခြင်း၏ ဘေးထွက်ဆိုးကျိုးများ**

ကျန်းမာရေးရှုထောင့်မှကြည့်လျှင် ဆား (အငန်ဓာတ်)သည် အပူဓာတ်အနေဖြင့် လူများကိုကောင်းကျိုးပြုနိုင်သည်။ ထို့ကြောင့် လူတစ်ဦးအနေဖြင့် တစ်နေ့တာ လိုအပ်သောဆား(ဆိုဒီယမ်ကလိုရိုက်) ပမာဏမှာ အသက်အရွယ်အလိုက် မီလီဂရမ် ၁၅၀၀ မှ ၂၃၀၀ မျှလိုအပ်လျက်ရှိသည်။ သို့သော် လိုအပ်ချက်ပမာဏထက်ပို၍ အငန်ဓာတ်ကို စားသုံးမိပါက ဘေးထွက်ဆိုးကျိုးများ ဖြစ်စေသည်။


နို့စို့အရွယ်ကလေးငယ်များ၏ ကျောက်ကပ်သည် ဆိုဒီယမ်ဓာတ်စွန့်ထုတ်သည့်လုပ်ငန်းကို ထိထိရောက်ရောက်မလုပ်နိုင်သေးပါ။ ထို့ကြောင့် အသက်ခြောက်လပြည့်ပြီး ကလေးများကို ထမင်းခွံ့ကျွေးသည့်အခါ ဆားအများအပြားထည့်ခြင်း သို့မဟုတ် ငန်လွန်းသောအစာကျွေးခြင်း မပြုလုပ်သင့်ပေ။ ဆိုဒီယမ်စားသုံးမှုများလွန်းပါက အရွယ်သုံးပါးမရွေး သွေးတိုးရောဂါ မလွဲမသွေဖြစ်လာနိုင်သည်။ နှလုံး၊ သွေးတိုး၊ ကျောက်ကပ်ရောဂါရှိသူများ အငန်စားသုံးမှုကို အထူးဂရုပြုဆင်ခြင်ရမည်။ အငန်ဓာတ်လွန်သောအစားအစာများမှာ ဆား(ရိုးရိုးဆား)၊ ငါးပိ၊ ပုစွန်ငါးပိ၊ ငံပြာရည်၊ ငါးပိကောင်၊ ငါးဆားနယ်၊ ချဉ်ဖတ်အမျိုးမျိုး၊ ငါးခြောက်၊ ပုစွန်ခြောက်၊ အမဲခြောက်၊ သစ်သီးခြောက်၊ မြေပဲဆားလှော်၊ ပဲကြီးလှော်၊ နေကြာစိမ့်လှော်၊ ကွာစေ့လှော်၊ အသင့်စားအစားအစာများ စသည်တို့ဖြစ်ကြသည်။

အချုပ်အားဖြင့်ဆိုသော် ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ အမျိုးသားအာဟာရဖွံ့ဖြိုးရေးနှင့်သုတေသနဌာနနှင့် ကုလသမဂ္ဂဆိုင်ရာ ကလေးများအထောက်အပံ့အဖွဲ့တို့က အိုင်အိုဒင်းဆား တစ်မျိုးတည်းကိုသာစားသုံးကြရန် အကြံပြုထားသည်။ သို့သော် အငန်ဓာတ်လွန်ကဲသော အစားအစာများကို နိစ္စဓူဝစားသုံးမိပါက အထက်ဖော်ပြပါ ကျန်းမာရေးဆိုးကျိုးများစွာကို မလွဲမသွေ ဖြစ်ပေါ်ခံစားရနိုင်သည်။

သို့ပါ၍ အငန်ဓာတ်ကဲသော အစားအစာများအပြင် ငန်သောဟင်းလျာများ စားသုံးမှုလျှော့ချကြရန်၊ တာရှည်ခံလုပ်ထားသော အစားအစာများထဲတွင် ဆားပါဝင်မှုများပြားသည့်အတွက် ၎င်းအစားအစာများစားသုံးမှုကို တတ်နိုင်သမျှဆင်ခြင်ကြရန်၊ သွေးတိုးရောဂါနှင့် ကင်ဆာရောဂါများဖြစ်လာသောအခါ ဆားကိုလက်ဖက်ရည်ဇွန်းတစ်ဇွန်း၏ သုံးပုံတစ်ပုံ(နှစ်ဂရမ်)ထိလျှော့စားကြပါရန် အကြံပြုလိုက်ရပါသည်။

**တင်ထက်ထက်ဇော်**

# ပုဇွန်တောင်မြို့နယ် Sar Ga Gallery တွင် Purple Square Solo Artwork Exhibition ပန်းချီပြပွဲ ပြသသွားမည်



ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ Sar Ga Gallery တွင် Purple Square Solo Artwork Exhibition ပန်းချီပြပွဲကို ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၄ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြပွဲကို ပြုလုပ်ပြသမည့် ပန်းချီဆရာ သုဝဏ်က ပြောပြ၍ သိရသည်။

အဆိုပါ Purple Square Solo Artwork Exhibition ပန်းချီပြပွဲတွင် ပန်းချီသုဝဏ်၏ ရေဆေး၊ ဆီဆေး၊ အရိုင်းလစ် စသဖြင့် အရောင်အသွေးစုံ၊ လက်ရာစုံ ပန်းချီကား ၅၀ ကျော်ကို ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“အခု ပန်းချီပြပွဲကတော့ တတိယအကြိမ်မြောက် Solo Show ဖြစ်ပါတယ်။ Purple Square လို့ နာမည်ပေးထားတဲ့ အတိုင်းပဲ ခရမ်းရောင်တွေအများစု လွှမ်းခြုံထားတဲ့ Acrylic on Canvas ပန်းချီကားတွေကို ခင်းကျင်းပြသသွားမှာ ဖြစ်ပါတယ်။ ဒီပြပွဲ ပြသဖို့အတွက် အချိန်တစ်နှစ်ကျော်ယူပြီး ခံစားရေးဖွဲ့ဖန်တီးထားတဲ့ပန်းချီကားတွေကို ခင်းကျင်းပြသသွားမှာ ဖြစ်တဲ့အတွက် ပန်းချီအနုပညာချစ်သူတွေ ဒီပန်းချီပြပွဲကို လာရောက်ကြည့်ရှုကြဖို့ ဖိတ်ခေါ်လိုက်ရပါတယ်”ဟု ပန်းချီဆရာသုဝဏ်က ပြောပြ၍ သိရသည်။

ASH

# Loose Cannons ဇာတ်ကားတွင် ထရာဗစ်ကယ်ဆီ သရုပ်ဆောင်မည်

နယူးယောက် ဩဂုတ် ၂၂

Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ Loose Cannons ဟာသအက်ရှင် ဇာတ်ကားတွင် နာမည်ကျော် အမေရိကန် ဘောလုံးအားကစားသမား ထရာဗစ်ကယ်ဆီ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၂၂ ရက် သတင်းများအရ သိရသည်။

Loose Cannons ဇာတ်ကားသည် ထရာဗစ်ကယ်ဆီအတွက် ပထမဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Loose Cannons ဟာသအက်ရှင်ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို Lionsgate ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

ထို့ပြင် အဆိုပါဇာတ်ကားကို ရိုက်ကူးမည့် ဒါရိုက်တာနှင့်အခြား သရုပ်ဆောင်များကိုလည်း ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Loose Cannons ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ တင်မိုသီ ဒေါင်းလင်းက ရေးသားပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Loose Cannons ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# တေးသံရှင် ရေဗက္ကာဝင်း၏ တစ်ကိုယ်တော်ဂီတဖျော်ဖြေပွဲ Friday Night - Live Show ပြုလုပ်သွားမည်




ရန်ကုန် ဩဂုတ် ၂၂

တေးသံရှင် ရေဗက္ကာဝင်း၏ တစ်ကိုယ်တော် ဂီတဖျော်ဖြေပွဲ Friday Night – Live Show ကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ DSL Group Entertainment တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ရေဗက္ကာဝင်းက ပြောပြ၍ သိရသည်။

ထင်ရှားသည့် အမျိုးသမီးတေးသံရှင် တစ်ဦးဖြစ်သည့် တေးသံရှင် ရေဗက္ကာဝင်း၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေမှုများကို DSL Group Entertainment တွင် ပြုလုပ်သွားမည်ဖြစ်ပြီး DSL Group Entertainment Page မှလည်း သီဆိုဖျော်ဖြေမှုများကို တိုက်ရိုက် Friday Night – Live Show အဖြစ် ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“သောကြာနေ့ညမှာ Friday Night – Live Show အနေနဲ့ ပရိသတ်တွေကို တစ်ကိုယ်တော် တေးဂီတဖျော်ဖြေမှုအနေနဲ့ တင်ဆက်သွားဖို့ရှိပါတယ်။ ပရိသတ် အလွတ်ရနေမဲ့ သီချင်းအေးအေးလေးတွေနဲ့ အတူစီးမျောကြရအောင်ပါ”ဟု တေးသံရှင် ရေဗက္ကာဝင်းက ပြောပြသည်။

တေးသံရှင် ရေဗက္ကာဝင်း၏ တစ်ကိုယ်တော် ဂီတဖျော်ဖြေပွဲ Friday Night – Live Show ကို DSL Group Entertainment တေးဂီအဖွဲ့၏ ပံ့ပိုးမှုနှင့်အတူ ဩဂုတ် ၂၃ ရက် ည ၇ နာရီတွင် စတင် ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Midnight လျှို့ဝှက်သည်းဖို့ဇာတ်ကား၌ မင်းသား ရိုင်ယန်ဂက်မင်း ပါဝင်မည်

နယူးယောက် ဩဂုတ် ၂၂

Yale Production ရုပ်ရှင်ကုမ္ပဏီ၏ Midnight အမည်ရှိ လျှို့ဝှက်သည်းဖို့ဇာတ်ကားသစ်တွင် မင်းသား ရိုင်ယန်ဂက်မင်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၂၂ ရက် သတင်းများအရ သိရသည်။


Midnight ဇာတ်ကားတွင် မင်းသား ရိုင်ယန်ဂက်မင်းသည် မင်းသမီး ရှိုဆာရီယိုဒေါ်ဆန်၊ အလက်ဇန်းဒရားရှစ်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Midnight ဇာတ်ကား၌ ရိုင်ယန်ဂက်မင်း သရုပ်ဆောင်ရမည့်ဇာတ်ကောင် နေရာကို မသိရသေးကြောင်း သိရသည်။

Midnight ဇာတ်ကားသည် နိုင်ငံတကာ ရာဇဝတ်ဂိုဏ်း တစ်ဂိုဏ်းနှင့်ရင်ဆိုင်နေရသည့် မျက်မမြင်အမျိုးသမီးတစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Midnight ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO



# ကဝမြို့နယ် မြောက်ဈေးဖလုံကျေးရွာတွင် ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

ကဝ ဩဂုတ် ၂၂

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် မြောက်ဈေးဖလုံကျေးရွာ၌ ကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဩဂုတ် ၂၁ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလှိုင်နှင့် ဝန်ထမ်းများက မြောက်ဈေးဖလုံကျေးရွာ၌ ကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များ မှာကြားခဲ့သည်။

မြောက်ဈေးဖလုံကျေးရွာ၌ လမ်းအရှည်ပေ ၄၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေလမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန်လ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မြောက်ဈေးဖလုံကျေးရွာတွင် ဂဝံမြေလမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန် ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

သုတ

# Salt industries in Mon State produce over 450,000 tons with a plan for exportation



Salt making in progress along the beach.

**Mawlamyine August 22**

The Myanmar Trade Promotion Organization on 16 August stated that as more than 450,000 tons of salt was produced from salt industries in Mon State, efforts are being made to export the stocks to foreign markets.

Salt is produced in Rakhine and Mon States and Tanintharyi and Ayeyawady regions on a commercial scale, Mon State of which produces the second largest volume of salt across the nation.

Primarily, salt is produced in Panga, Paruppi and Setse villages in Thanbyuzayat Township, Kyaikkhami, Htanpinchaung Village in Paung Township and Palaikee Village in Ye Township.

Salt farming process starts in December and ends in April. If it is not rained in Thingyan period, salt farming is done till end of May.

More than 4,500 salt farms in Mon State produce more than 50,000 tons of salt yearly. Last season, 90 salt businesspersons operate 4,700 acres of salt farms to produce more than 470,000 tons of salt.

As salt production can cover local consumption, efforts are being made to export surplus salt to foreign market.

In this regard, surplus salt from Mon State will be sent to Korea and Japan. Despite producing some 3 million tons of salt, South Korea imports some 7 million tons of salt per year.

Likewise, Japan sent offers to Myanmar for purchase of coarse salt. So, sundried salt from Mon State will be exported to Korea and Japan.

336

# Bhamo Township cultivates 462 acres of rain-fed oilseed crops

**Bhamo August 22**

A total of 462 acres of oilseed crops have been planted in Bhamo Township, Katha District, Sagaing Region, according to statistics from the Department of Agriculture for Katha District.

During the 2024-2025 rain crops planting season, 480 acres of oilseed crops are planned to be planted in Bhamo Township, and 462 acres have been planted since May of this year.

"We are working to reach the target area. As for oilseeds, we are in a successful position," said U Myint Soe, head of the Department of Agriculture for Katha District.

According to reports, 378 acres of peanuts and 84 acres of sesame have been planted in Bhamo Township.

In the 2024-2025 rain crops planting season, 387 acres peanuts and 93 acres of sesame are earmarked for oil crops in Bhamo Township.

This year, the township's Department of Agriculture has been providing knowledge to farmers in Bhamo Township on how to expand acreage, how to grow using GAP methods, how to grow good varieties, and how to grow varieties with good yields.

206

# MPE to sell More than 1.1 million gallons of CGO, crude oil in Sept, Oct

**Nay Pyi Taw August 22**

The Ministry of Energy stated that a plan is underway to sell more than 1.1 million gallons of coke gas oil (CGO) and crude oil in September and October.

Chemical Plants (Thabayakan) of Myanma Petrochemical Enterprise will sell CGO and crude oil from TK2353 to businesspersons.

In this regard, 900,000 gallons of CGO and 266,329 gallons of crude oil will be sold on schedule.

A total of 300,000 gallons of CGO will be sold at 2 pm on 3 September and 266,329 gallons of crude oil at 2 pm on 5 September and 300,000 gallons of CGO on 24 September. Likewise, 300,000 gallons of CGO will be sold at 2 pm on 15 October.

Hence, businesspersons may submit proposals to MPE in Nay Pyi Taw. For further information, dial 067-3411082 of the production department of MPE during the office hours. 336



CGO being poured into a barrel.

# Israel declares victory over Hamas' Rafah division, signaling shift in focus to northern front

**Jerusalem August 22**

Israeli Defense Minister Yoav Gallant said on Wednesday that Hamas' Rafah Division in Gaza has been "defeated" and signaled that the military was shifting its focus to the fighting against Hezbollah along the Israel-Lebanon border.

Gallant made the remarks during a tour of the Philadelphi Corridor, an area that runs along the Gaza-Egypt border and which Israel seeks to maintain control even after a potential ceasefire. The Israeli Defense Ministry released a photo of Gallant, clad in a bulletproof vest and surrounded by commanders, in a Palestinian building that Israeli troops had seized and converted into a headquarters.

He said that Division 162 of the Israel Defense Forces (IDF) had "defeated" Hamas' Rafah Division. During the assault on Gaza's southernmost city, the IDF destroyed 150 tunnels, according to figures revealed by Gallant. He added that "a small number" of tunnels remained intact and he had "given an immediate order" to destroy them.

In May, the IDF launched a large ground offensive in Rafah, a city in southern Gaza that had been designated as a "safe zone" and was sheltering over one million displaced Palestinians. Xinhua



Israeli Defense Minister Yoav Gallant (Front) is seen during a tour of the Philadelphi Corridor, an area that runs along the Gaza-Egypt border, on Aug. 21, 2024.

# 14 killed in explosion at pharma company in India's Andhra Pradesh

**New Delhi August 22**

At least 14 people were killed and many others injured Wednesday after a fire broke out following an explosion at a pharmaceutical manufacturing unit in the southern Indian state of Andhra Pradesh, officials said.

The fire was triggered by a blast near the reactor site inside the factory in Atchutapuram Special Economic Zone (SEZ) of Anakapalle district, about 30 km west of Vishakhapatnam, the main city of Andhra Pradesh.

"The death toll in today's blast and a subsequent major fire at a pharmaceutical firm, Escientia, in Atchutapuram SEZ has risen to 14," an official at the Anakapalli collectorate said. "Since the rescue operations are underway, the complete details will be shared after its culmination."

According to officials, the incident occurred during lunchtime.

Television images from the spot showed an ambulance entering the company's premises amid grey smoke surrounding the area.

Officials told media that the factory operates with 381 employees in two shifts.

"The staff presence was less because of the lunchtime," a local newsgathering agency quoted Anakapalli District Collector Vijaya Krishnan as saying.

According to Indian Express, the powerful explosion left 18 people wounded, while the India Today television news channel put the number of the injured at 33.

Authorities have rushed firefighters to the spot to douse the flame and bring the fire under control. Xinhua

# More than 900 acres of pigeon pea planted in Katha Township


A thriving pigeon pea plantation.

**Katha August 22**

A total of 960 acres of pigeon pea has been planted in Katha Township of Sagaing Region this monsoon, according to the statistics of Katha Township Agriculture Department.

In 2024-25 monsoon season, Katha Township earmarked cultivation of 2,075 acres of pigeon pea but local farmers have so far planted 960 acres of pigeon pea.

U Ko Lay, Head of Katha Township Agriculture Department said: "Local farmers grew 960 acres out of more than 2,000 acres of pigeon pea this monsoon. We helped local farmers have higher per-acre yield of crops. Farmers grow pigeon pea as mix-crop in addition separate crop."

Officials of Township Agriculture Department helped local farmers for selection of quality strains of crops, using agricultural techniques, prevention of pests and boosting per-acre yield.

Agriculturists share knowledge with local farmers in making natural fertilizers and folio fertilizer to save costs.

206

# More than 6,000 acres of cropland placed under vegetable plantations in Kalay Township

**Kalay August 22**

A total of 6,955 acres of vegetables have been planted in Kalay Township of Sagaing Region, according to the statistics of Kalay Township Agriculture Department.

Local farmers have grown 6,955 acres of vegetables against the target of 8,040 acres in the township this monsoon.

U Naing Tun Win, Head of Kalay Township Agriculture Department said: "We earmarked cultivation of more than 8,000 acres of vegetables but local farmers planted over 6,000 acres of crops. They are trying hard to meet the target cultivation. They grow mustard, chilli, spicy, potato, cabbage, cauliflower and Chinese cabbage. We urged local farmers to use GAP system for all crops and educated them to produce healthy crops with free from chemical residue."

This year, agricultural staff educated local farmers to use agricultural techniques and expand sown acreage of vegetables.

At present, vegetables are thriving in the croplands. Officials of the Township Agriculture Department disseminate good agricultural practice, prevention of pests, use of natural fertilizer and pesticides. 206


A vegetable plantation.

# Tamu District plants 340 acres of banana this monsoon cultivation season

**Tamu August 22**

Statistics of Tamu District Agriculture Department stated that a total of 340 acres of croplands have been placed under banana plantations as a monsoon crop in Tamu District of Sagaing Region.

In 2024-25 monsoon season, the district earmarked 340 acres of banna and local farmers planted banana meeting the target.

U Hla Myint, Head of Tamu District Agriculture Department said: "Local authorities planned to grow 340 acres of banana and local farmers could meet the target cultivation of banana this monsoon. They grow banana on the croplands as well as dykes of farmlands. As such, the plants are free from pests due to spraying farmlands."

This year, Myothit Township planted 77 acres of banana, Tamu Township 165 acres and Khampak 98 acres, totalling 340 acres.

Local farmers grow 1,000 saplings of banana per acre, and they cost K2 million per acre and earn some K5 million per acre at the harvest time.

Tamu District Agriculture Department raises farmer awareness to grow banana to be free from danger of chemical residue, use registered pesticides in a systematic manner and apply good agriculture practices.

206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Wetlet Township cultivates 73,399 acres of rain-fed beans and pulses

**Wetlet August 22**

A total of 73,399 acres of beans and pulses have been planted in Wetlet Township, Shwebo District, Sagaing Region during this year's rain crops planting season, according to Department of Agriculture for Wetlet Township.

During the 2024-2025 rain crops planting season, 73,873 acres of beans and pulses are planned to be planted in Wetlet Township, and 73,399 acres have been planted since May this year.

"We are working to ensure that the designated acres are fully planted. Regarding cultivation, there is education to expand cultivation and to use good varieties to improve yield," said Daw Kyin San, head of the Department of Agriculture for Wetlet Township.

This year, the completion of the planting of beans and pulses in Wetlet Township is as per following: 38,524 acres of green grams, 6,021 acres of sultapya, 5,998 acres of cow peas, 22,365 acres of pigeon peas, and 491 acres of Indian beans, totaling 73,399 acres of beans and pulses.

206


A bean plantation.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အီရန်နိုင်ငံက Paveh ခရုဇ်ဒုံးကျည်များ ပြည်ပတင်ပို့ရောင်းချရန် ထုတ်ဖော်ပြသ




အီရန်နိုင်ငံသည် ရုရှား၌ ကျင်းပခဲ့သည့် Army-2024 ကာကွယ်ရေးပြပွဲတွင် ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန်အတွက် အီရန်နိုင်ငံထုတ် Paveh ခရုဇ်ဒုံးကျည်ကို ထုတ်ဖော်ပြသခဲ့သည်ဟု The Army Recognition သတင်းဌာနက ဩဂုတ် ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

အီရန် တော်လှန်ရေးအစောင့်တပ်ဖွဲ့က တီထွင်ထုတ်လုပ်ထားသည့် Paveh ခရုဇ်ဒုံးကျည်သည် တာဝေးပစ်၊ မြေပြင်မှ မြေပြင်ပစ် မဟာဗျူဟာမြောက်ခရုဇ်ဒုံးကျည်အမျိုးအစားဖြစ်သည်။ ပထမဆုံး မော်ဒယ်ကို ၂၀၁၅ ခုနှစ်တွင် မိတ်ဆက်ပြီး ကတည်းက အကွာအဝေးနှင့် စွမ်းရည်များ တိုးမြှင့်လာခဲ့သည့် Soumarခရုဇ်ဒုံးကျည် အုပ်စုအတွင်း တိုးတက်ဖွံ့ဖြိုးအောင် လုပ်ဆောင်လာခဲ့သော နောက်ဆုံးထုတ် ဗားရှင်းလည်းဖြစ်သည်။

အရှေ့အလယ်ပိုင်းတွင် တင်းမာမှုများမြင့်တက်နေချိန် နိုင်ငံတကာ လက်နက်ဈေးကွက်သို့ Paveh ခရုဇ်ဒုံးကျည်များ မိတ်ဆက်လာနိုင်ခဲ့သည်။ ၂၀၂၄ ခုနှစ် ဧပြီလတွင် အစ္စရေးတိုက်လေယာဉ်များက ဒမတ်စကတ်မြို့တော်ရှိ အီရန်ကောင်စစ်ဝန်ရုံးကို လေကြောင်းမှ တိုက်ခိုက်မှုတစ်ခုပြုလုပ်ခဲ့ရာ အဆောက်အအုံပျက်စီးပြီး အီရန်တပ်မတော်အကြံပေး အများအပြား သေဆုံးခဲ့ကြရသည်။ တုံ့ပြန်သည့်အနေဖြင့် အီရန်သည် အစ္စရေး၏တိုက်ခိုက်မှုရင်းမြစ်ဟု ယူဆရသည့် စစ်အခြေစိုက်စခန်းကို ပစ်မှတ်ထားကာ ၂၀၂၄ ခုနှစ် ဧပြီ ၁၃ ရက်တွင် ဒုံးကျည်နှင့် ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ထိုစဉ်ကတည်းက Paveh ခရုဇ်ဒုံးကျည်ကို စစ်ဆင်ရေးတွင် စတင်တပ်ဖြန့် အသုံးပြုခဲ့ကြောင်း သတင်းရရှိသည်။

Paveh ခရုဇ်ဒုံးကျည်များတင်ပို့ရောင်းချရန် ကြိုးပမ်းလာမှုသည် အထူးသဖြင့် ဒုံးကျည်နည်းပညာနယ်ပယ်၊ ကမ္ဘာလုံးဆိုင်ရာ လက်နက်ဈေးကွက်တွင် တစ်ထောင့်တစ်နေရာမှ ရပ်တည်လာနိုင်ရန် အီရန်နိုင်ငံ၏ကြိုးပမ်းမှု တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ရုရှားနိုင်ငံ Army-2024 ပြပွဲတွင် Paveh ခရုဇ်ဒုံးကျည်ကို ပြသလိုက်ခြင်းဖြင့် အီရန်သည် ဒေသတွင်း ဩဇာလွှမ်းမိုးမှုကိုချဲ့ထွင်ရန်နှင့် အထူးသဖြင့် ရုရှားကဲ့သို့ ပဋိပက္ခများဖြစ်ပွားနေသည့် ဒေသများတွင် ၎င်းတို့၏ မဟာဗျူဟာမြောက်စွမ်းရည်များ မြှင့်တင်ရန် စိတ်ဝင်စားလျက်ရှိသော နိုင်ငံများနှင့် ဆက်ဆံရေးတည်ဆောက်ရန် ရည်ရွယ်ချက်ကိုလည်း ညွှန်ပြနေကြောင်း သိရသည်။

အထူးသဖြင့် ယူကရိန်းပဋိပက္ခစတင်ချိန်မှစ၍ ရုရှားနိုင်ငံသို့ အီရန်ဘက်က ကာကွယ်ရေးပစ္စည်း တင်ပို့ရောင်းချပေးမှုသည် သိသာထင်ရှားစွာ တိုးတက်လာခဲ့သည်။ ဤသို့ နှစ်နိုင်ငံဆက်ဆံရေးသည် အရောင်းအဝယ် လုပ်ဖော်ကိုင်ဖက်အဖြစ်မှ ပိုမိုသောမဟာဗျူဟာမြောက် ပူးပေါင်းလုပ်ဆောင်မှုသို့ ပြောင်းလဲသွားခဲ့ရသည်။ Army-2024 ကာကွယ်ရေးပြပွဲတွင် အီရန်နိုင်ငံသည် Paveh ခရုဇ်ဒုံးကျည်သာမက အခြားစစ်ဘက်နည်းပညာများကိုပါ ပြသခဲ့ပြီး နှစ်နိုင်ငံကြားစစ်ရေးအရ နက်ရှိုင်းလာမှုကို အချက်ပြသနိုင်ခဲ့သည်။ အဆိုပါအခမ်းအနားတွင် အီရန်နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့၏ ပါဝင်တက်ရောက်လာမှုသည် နှစ်နိုင်ငံစလုံးမှ အနောက်နိုင်ငံများ၏ ပိတ်ဆို့အရေးယူမှုများကြားတွင် ၎င်းတို့၏ ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုကို အဆင့်မြှင့်တင်ရန်ရည်ရွယ်၍ ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါပုံကိုအလေးပေးဖော်ပြလျက်ရှိသည်။

ရုရှားသို့ အီရန်၏ ကာကွယ်ရေးပစ္စည်းတင်ပို့မှုတွင် ယူကရိန်း၌ ရုရှားတပ်ဖွဲ့များ အသုံးပြုခဲ့သည့် Shahed စီးရီးကဲ့သို့သော အဆင့်မြင့် တိုက်ခိုက်ရေးဒရုန်းများပါဝင်သည်။ အပြန်အလှန်အားဖြင့် အီရန်သည် အစ္စရေးနှင့် အမေရိကန်တို့ထံမှ ဖြစ်ပေါ်လာနိုင်သည့် ခြိမ်းခြောက်မှုများကိုတန်ပြန်ရန်အတွက် ကာကွယ်ရေးစနစ်များ အားကောင်းလာစေရန် S-400 ကဲ့သို့သော ရုရှားထုတ် အဆင့်မြင့်လေကြောင်းရန် ကာကွယ်ရေးစနစ်များကို ဝယ်ယူဖြည့်တင်းရန် ကြိုးပမ်းနေကြောင်း သိရသည်။

**Is Iran ready to export Paveh long-range cruise missiles to Russia ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်နိုင်ငံက ဒိန်းမတ်ကို တိကျလမ်းညွှန်ကိရိယာအစုံ ၅၀၀၀ ကျော်ရောင်းချရန် အတည်ပြုပေးခဲ့

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဒိန်းမတ်နိုင်ငံကို တိကျလမ်းညွှန်ကိရိယာ(PGKs) အစုံ ၅၀၀၀ ကျော်ရောင်းချရန် အတည်ပြုပေးခဲ့သည်ဟု The Defense Post သတင်းဌာနက ဩဂုတ် ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံ Northrop Grumman ကုမ္ပဏီထုတ် M1156 PGKs တိကျလမ်းညွှန်ကိရိယာအစုံ ၅၈၃၂ ခုကို ဒိန်းမတ်နိုင်ငံ(ကိုပင်ဟေဂင်)က ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၈၅ သန်းဖြင့် ဝယ်ယူရန် ခွင့်ပြုချက် တင်သွင်းခဲ့ခြင်းဖြစ်သည်။

အလားအလာရှိသော အဆိုပါနိုင်ငံခြား စစ်ဘက်ရောင်းချမှုတွင် အုပ်ချုပ်၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ပရိုဂရမ်ပံ့ပိုးရေးအစီအစဉ်များဖြစ်သည့် အဆင်ပြေစွာ တပ်ဆင်အသုံးပြုနိုင်မှုရှိမရှိ စမ်းသပ်ခြင်း၊ ပစ်ခတ်စဉ်များပြုလုပ်ခြင်း၊ လိုအပ်သော နည်းပညာအကူအညီနှင့် စက်ပစ္စည်း ကိရိယာအသစ်အတွက် လေ့ကျင့်သင်တန်းပေးခြင်းများ ပါဝင်မည်ဖြစ်သည်။

ဒိန်းမတ်နိုင်ငံက အဆိုပြုထားသော ရောင်းချမှုသည် တိကျလမ်းညွှန်ကိရိယာများကို တိုက်စွမ်းရည်မြင့်မားကောင်းမွန်စေရန် ပံ့ပိုးပေးခြင်းဖြင့် ဒိန်းမတ်နိုင်ငံ၏ လက်ရှိနှင့် အနာဂတ်ခြိမ်းခြောက်မှုအန္တရာယ်များကိုရင်ဆိုင်ရန် စွမ်းဆောင်ရည်များ အဆင့်မြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး နိုင်ငံ့တပ်မတော်ရှိ တပ်မဟာအဆင့်များတွင် တိကျတိုက်စွမ်းရည်များဖြင့် ပထမဆုံး အဆင့်မြှင့်တင်အသုံးပြုသွားနိုင်လိမ့်မည်ဟု အမေရိကန်နိုင်ငံကာကွယ်ရေးနှင့်လုံခြုံရေးပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက ပြောကြားခဲ့သည်။

Northrop Grumman ကုမ္ပဏီသည် ယခုဝယ်ယူရေးလုပ်ဆောင်မှုတွင် အဓိကကန်ထရိုက်တာကုမ္ပဏီဖြစ်ပြီး စာချုပ်ညှိနှိုင်းမှုအတွင်း ဈေးနှုန်းအတိုးအလျော့များကိုပါ သတ်မှတ်ပေးသွားနိုင်မည်ဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ် သတင်းထုတ်ပြန်ရေးအေဂျင်စီက ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါတိကျလမ်းညွှန်ကိရိယာသည် သမားရိုးကျ လမ်းညွှန်မှုကိရိယာ အသုံးမပြုထားသော ၁၅၅ မီလီမီတာ အမြောက်ကျည်ကို GPS-ပဲ့ထိန်းလမ်းညွှန်ကျည်အဖြစ်သို့ ပြောင်းလဲပေးနိုင်ကာ တိုက်ပွဲဝင်တိကျမှုကို ငါးဆကျော်တိုးမြှင့်စေသည်။ ရန်သူဘက်ကအသုံးပြုလာနိုင်သည့် GPS jammer များကို တန်ပြန်ရန်အတွက် အမေရိကန်နိုင်ငံ Northrop Grumman ကုမ္ပဏီသည် ပြီးခဲ့သည့်နှစ်က M-Code



GPS အင်တင်နာကို လမ်းညွှန်ကိရိယာနှင့် ပေါင်းစည်းအသုံးပြုနိုင်ရန် CAES ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုနိုင်ခဲ့သည်။ နောက်ဆုံးထွက်ရှိထားသော အကွာအဝေးစွမ်းဆောင်ရည်ပိုင်း အဆင့်မြှင့်တင်ထားသည့် PGK-Extended Range လမ်းညွှန်ကိရိယာသည် ခဲယမ်းများ၊ အမြောက်ကျည်များကို GPS-သုံးမရသောပတ်ဝန်းကျင်အခြေအနေများ၌ပင် လုပ်ဆောင်နိုင်စေမည်ဖြစ်ကာ အမေရိကန်ကြည်းတပ်ကထုတ်လုပ်နေသော ၅၈ မီလီမီတာ အမြောက်ပြောင်းများအပါအဝင် လက်ရှိနှင့် အနာဂတ်တွင် ထွက်ပေါ်အသုံးပြုလာနိုင်သည့် အမြောက်လက်နက်စနစ်များနှင့် တွဲဖက်အသုံးပြုနိုင်စေမည်ဖြစ်သည်။

**US Approves Sale of Over 5,000 Precision Guided Kits to Denmark ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကွမ်းသီးစိမ်းအလုံးရေ ၉၀၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ပန်းတနော် ဩဂုတ် ၂၂

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လ အတွင်း ကွမ်းသီးစိမ်း အလုံးရေ ၉၀၀၀၀၀ ထိတင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီမော်က ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လ အတွင်း ကွမ်းသီးစိမ်းအလုံးရေ ၅၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက် ထိ ကွမ်းသီးစိမ်းအလုံးရေ၉၀၀၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးစိမ်း အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပန်းတနော်မြို့နယ်ကထွက်တဲ့ ကွမ်းသီးစိမ်းကို အခြားဒေသက အမှာများလို့ ရန်ကုန်ဈေးကွက်ကို ဒေသထွက် ကွမ်းသီးစိမ်းတွေ တင်ပို့နေရတာဖြစ်ပါတယ်။ တင်ပို့တဲ့ ကွမ်းသီးတွေ အရည်အသွေးကောင်းပြီး သန့်ရှင်းပါတယ်။ လက်ရှိ ကွမ်းသီးစိမ်းအလုံး ၁၀၀ ကိုငွေကျပ် ၈၅၀၀ ထိ ပေါက်ဈေး ရှိနေပါတယ်။ ရန်ကုန်ဈေးကွက်ကိုကွမ်းသီးစိမ်းတွေ အများအပြား တင်ပို့ရောင်းချအားကောင်းလာတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတွေ လုပ်ငန်း အဆင်ပြေနေပါတယ်"ဟု ပန်းတနော်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီမော်က ပြောပြသည်။

ပန်းတနော်မြို့နယ်ကထွက်ရှိသည့် ကွမ်းသီးစိမ်းများကို ကုန်သည်များက ကွမ်းသီးခြံများသို့ သွားရောက်ဝယ်ယူကာ စနစ်တကျ ရွေးချယ်ထုတ်ပိုးပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၈၅၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်

ပွင့်ဖြူ ဩဂုတ် ၂၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၈၅၀၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၇၃၃၃ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၈၅၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

" ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ပဲမျိုးစုံ ၇၃၃၃ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၈၅၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မိုးသီးနှံစိုက်ပျိုးရာသီမှာ စိုက်ပျိုးတဲ့ ပဲသီးနှံအမျိုးအစားတွေကတော့ ပဲတီစိမ်း၊ ပဲစင်းငုံနဲ့ အခြားပဲသီးနှံတို့ဖြစ်ပါတယ်။ တောင်သူတွေကိုလဲ ပဲမျိုးစုံစိုက်ပျိုးတာနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးကြဖို့၊ အထွက်နှုန်းတွေတိုးတက်အောင် ဆောင်ရွက်ကြဖို့၊ ဒေသနဲ့ ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေသုံးစွဲကြဖို့ အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။



ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ပဲမျိုးစုံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲတီစိမ်း ၂၅၆၃ ဧက၊ ပဲစင်းငုံ ၅၉၁၄ ဧက၊ အခြားပဲ ၂၄ ဧက၊ စုစုပေါင်း ၈၅၀၁ ဧကဖြစ်ကြောင်း၊ ပဲမျိုးစုံစိုက် တောင်သူများကို သီးနှံအထွက်နှုန်း တိုးပွားရေး၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# သာယာဝတီမြို့နယ် အင်းရွာဘူတာစုကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

သာယာဝတီ ဩဂုတ် ၂၂

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းရွာဘူတာစု ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း ( VRFP) ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၂၁ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေ တိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းထွန်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၂၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ၉ ဒသမ ၃ သန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၅ ဦးကို ရန်ပုံငွေကျပ် သန်း ၄၀ ထုတ်ချေးပေးခြင်းကို ခရိုင်ဦးစီးမှူး ဦးသန်းလွင်နှင့် ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အေးမြတ်




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၂-၈-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဗေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၇၀၀၀/၁၇၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၀၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၂၉၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၆၉၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၀၇၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၂၀ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# လူကုန်ကူးမှုတိုက်ဖျက်ရေးအသိပညာဗဟုသုတများဖြင့် ပူးပေါင်းပါဝင်အကောင်အထည်ဖော်ကြမှသာ လူကုန်ကူးမှုများ လျော့နည်းကျဆင်းအောင် ထိန်းချုပ်နိုင်မည်ဖြစ်




နေပြည်တော် ဩဂုတ် ၂၂

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၂၄)ကို ယနေ့မွန်းလွဲ ၂ နာရီက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမဦးကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သော ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ဌာနဆိုင်ရာကိုယ်စားလှယ်များတက်ရောက်ကြပြီး ကျန်အဖွဲ့ဝင်များက Online မှတစ်ဆင့် တက်ရောက်ကြသည်။

ဦးစွာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အဖွင့်အမှာစကားပြောကြားရာတွင်၂၀၂၃ ခုနှစ် UNODC ကထုတ်ပြန်ခဲ့သည့် အရှေ့တောင်အာရှဒေသအတွင်း ကာစီနို၊ ဆိုက်ဘာလိမ်လည်မှုနှင့် အတင်းအကျပ် ရာဇဝတ်မှုကျူးလွန်စေရန် လူကုန်ကူးမှုဆိုင်ရာအစီရင်ခံစာ၌ အရှေ့တောင်အာရှဒေသများဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ ဖိလစ်ပိုင်၊ မလေးရှားနှင့် မြန်မာနိုင်ငံ စသည့်နိုင်ငံများတွင် အွန်လိုင်းလိမ်လည်မှုနှင့် ငွေကြေးလိမ်လည်မှုများကို အတင်းအကျပ်ကျူးလွန်စေသည့် လူကုန်ကူးမှုများသည် ပုံစံအသစ်ဖြင့်တိုးတက်ဖြစ်ပေါ်လျက်ရှိကြောင်း၊ အဆိုပါဖြစ်ပေါ်နေမှုကို နိုင်ငံတကာက ပုံစံသစ်ဖြင့် ဖြစ်ပေါ်လာသော လုပ်အားခေါင်းပုံဖြတ်သည့် လူကုန်ကူးမှုဟု အမည်တပ်လာကြကြောင်း။

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားခဲ့ပြီးနောက် လူမှုစီးပွားဘဝပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေးလုပ်ဆောင်ကြရာတွင် အွန်လိုင်းဆက်သွယ်ဆက်ဆံမှုလုပ်ငန်းများ၊ အွန်လိုင်းငွေကြေးရင်းနှီးမြှုပ်နှံမှုနှင့် ငွေပေးချေမှုစနစ်များ တိုးတက်ပြောင်းလဲလာမှုအပေါ်အခြေခံပြီး အွန်လိုင်းလိမ်လည်မှုမှုခင်းများဖြစ်ပွားမှု ပိုမိုများပြားလာသည်ကို တွေ့ရှိနေရကြောင်း၊ ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများဖွံ့ဖြိုးတိုးတက်လာခြင်းသည် အွန်လိုင်းလိမ်လည်မှုကုမ္ပဏီများ ပေါ်ပေါက်လာစေသည့် အခြေခံအကြောင်းရင်းများပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ အစိုးရအနေဖြင့်လည်း အွန်လိုင်းလိမ်လည်မှု (Online Scam) လုပ်ငန်းများကို ထိထိရောက်ရောက်တားဆီးနှိမ်နင်းလျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် အတင်းအကျပ်ခိုင်းစေခံရသူများကို ကယ်တင်၍ ၎င်းတို့၏နေရပ်ဒေသများသို့ ပြန်လည်စေလွှတ်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသို့ နယ်စပ်ဒေသများကတစ်ဆင့် အကြောင်းအမျိုးမျိုးကြောင့်ရောက်ရှိလာပြီး အခက်အခဲမျိုးစုံ ကြုံတွေ့နေရသည့် နိုင်ငံခြားသားများကို မြန်မာနိုင်ငံရှိသံရုံးများနှင့် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ဆက်သွယ်မှုလမ်းကြောင်းများကတစ်ဆင့် အကူအညီတောင်းခံလာမှုများနှင့် ပတ်သက်ပြီး ကယ်တင်ရရှိသူများကို သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြရာမှ အခက်အခဲမျိုးစုံကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများကိုလည်း သက်ဆိုင်ရာနိုင်ငံများရှိ သံရုံးများနှင့် ချိတ်ဆက်ကာ သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်း၍ မိမိနိုင်ငံသို့ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိကြောင်း၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဘင်္ဂလားပင်လယ်အော်စီးပွားရေးနှင့် နည်းပညာဆိုင်ရာဘက်စုံပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(ဘင်းမ်စတက်)အဖွဲ့ဝင်နိုင်ငံများအကြား အကောင်အထည်ဖော်ဆောင်ရွက်မည့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာဘင်းမ်စတက်ကွန်ဗင်းရှင်း လုပ်ငန်းလမ်းညွှန်(TOR)နှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဘင်းမ်စတက်လုပ်ငန်းစီမံချက်ကို အပြီးသတ်ရေးဆွဲအတည်ပြုနိုင်ခဲ့ကြောင်း။

လူကုန်ကူးခံရသူများအတွက် အကောင်းဆုံးဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် စံလုပ်ငန်းအစီအစဉ်တစ်ခုဖြစ်သည့်လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့်ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ်(၂၀၂၀)ကို ရေးဆွဲအတည်ပြုပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ပြည်နယ်၊ခရိုင်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များအား အဆိုပါစံလုပ်ငန်းအစီအစဉ်အသုံးပြုနည်း သင်တန်းများကို ယခင်နှစ်များအတိုင်းဆက်လက်ဆောင်ရွက်သွားပြီး စံလုပ်ငန်းအစီအစဉ်တွင်ပါရှိသည့် လုပ်ငန်းစဉ်များအတိုင်း လိုက်ပါဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ လူကုန်ကူးခံရသူများကို လိုအပ်သည့်ပံ့ပိုးကူညီမှုများ၊ ညွှန်းပို့ကူညီမှုများ၊ နောက်ဆက်တွဲ စောင့်ရှောက်မှုများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကိုတွေ့ရှိရ၍ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဝင်များက လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို အကြံပြုဆွေးနွေးပြီး ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ခြုံငုံသုံးသပ်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ပြောင်းလဲဖြစ်ပေါ်နေသော လူကုန်ကူးမှုပုံစံသစ်များကို တိုက်ဖျက်ရာတွင်ရေးဆွဲထားရှိသော မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထငါးနှစ်စီမံကိန်း၏ လုပ်နည်းလုပ်ဟန်သစ်များနှင့် နိုင်ငံတကာတွင်ကျင့်သုံးနေသည့်စံနှုန်းများကိုအသုံးပြုပြီး သက်ဆိုင်ရာအစိုးရဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးကပါ လူကုန်ကူးမှုတိုက်ဖျက်ရေးအသိပညာဗဟုသုတများဖြင့် ပူးပေါင်းပါဝင် အကောင်အထည်ဖော်ကြမှသာ လူကုန်ကူးမှုများလျော့နည်းကျဆင်းအောင် ထိန်းချုပ်နိုင်မည်ဖြစ်ပါကြောင်း၊ လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်စိန်ခေါ်မှုအခက်အခဲများကို အကောင်းဆုံးဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းသစ်များကို ဖော်ထုတ်ပြီးအဖွဲ့ဝင်များအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီးအတွင်း ဝါသီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းစစ်ဆေး



နေပြည်တော် ဩဂုတ် ၂၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအတွင်း ဝါသီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပျော်ဘွယ်မြို့နယ် မင်းလှသာစည်ကျေးရွာသို့ရောက်ရှိစစ်ဆေးပြီး ကျေးရွာတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပျော်ဘွယ်မြို့ရှိ မန်းရတနာဝါဂွမ်းနှင့် ဝါမျိုးစေ့ရောင်းဝယ်ရေးစက်ရုံများသို့ရောက်ရှိပြီး တိုးချဲ့ဆောင်ရွက်လိုသည့် ဝါကြိတ်စက်ကို သမဝါယမစနစ်ဖြင့် အရင်းအနှီးထောက်ပံ့ပေးနိုင်ရေးနှင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားပြီး သက်ဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပျော်ဘွယ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လိုအပ်သည်များမှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ရမည်းသင်းမြို့နယ် ကူတိုကျေးရွာရှိ ရတနာရွှေကူစိုက်ပျိုးရေးနှင့် အထွေထွေ စီးပွားရေးသမဝါယမအသင်း၌ ကျင်းပသည့် ဝါစိုက်အသင်းသားတောင်သူများနှင့်တွေ့ဆုံ၍ ဝါမျိုးစေ့ပေးအပ်ပွဲနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက အသင်းသားတောင်သူ ၈၆ ဦး၏ ဝါစိုက်ဧက ၂၃၂ ဧကအတွက် India နိုင်ငံထုတ် RAKA ဝါမျိုးစေ့များနှင့် သွင်းအားစုဓာတ်မြေဩဇာများကိုပေးအပ်ခဲ့ပြီး အသင်းသားတောင်သူများ၏ ဝါစိုက်ခင်းများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကူတိုကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့သွားရောက်ပြီး ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာ၌ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သည့် ဝင်ငွေတိုးစီမံကိန်းသင်တန်းမှ ထူးချွန်သင်တန်းသား ငါးဦး စပျစ်ဝိုင်ထုတ်လုပ်နေမှုအခြေအနေများကိုလည်းကောင်း၊ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော ရင်ကွဲပင်ကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေကိုလည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ် ဖြုတ်ခွဲကျေးရွာ၌ သားတင်ဦးအထွေထွေ စီးပွားရေးလုပ်ငန်းသမဝါယမအသင်းနှင့် ကျောက်စိမ်းလယ်ယာနှင့်အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းတို့ပူးပေါင်းဆောင်ရွက်လျက်ရှိသော အိမ်ရှင်မဆီစက် တည်ဆောက်နေမှုအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏အလုပ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး




နေပြည်တော် ဩဂုတ် ၂၂

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ ဒုတိယနေ့တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ဆက်လက်ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏အလုပ်အဖွဲ့ခေါင်းဆောင် ရခိုင့်ဦးဆောင်ပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်နှင့် အလုပ်အဖွဲ့ကိုယ်စားလှယ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပထမနေ့ ဆွေးနွေးပွဲ၌ မပြီးပြတ်သေးသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ဖြည့်စွက်ရေးဆိုင်ရာ နှစ်ဖက်အဆိုပြုချက်များနှင့် အထွေထွေ ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာကိစ္စများကို နှစ်ဖက်အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။အထွေထွေဆွေးနွေးခြင်းတွင် လက်ရှိနိုင်ငံရေးအခြေအနေနှင့် လုံခြုံရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် နှစ်ရက်တာ ဆွေးနွေးညှိနှိုင်းချက်များမှ ရရှိလာသည့်သဘောထားများကို စုစည်းချက်များအဖြစ် မှတ်တမ်းတင်ခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ရခိုင့်ဦးဆောင်ပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်က ကျေးဇူးတင်စကားပြောကြားကာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်



ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဩွန့်ဖေ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းထံ ဂုဏ်ပြုပေးအပ်စဉ်။




ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဇော်ထွေးထံ ဂုဏ်ပြုပေးအပ်စဉ်။



စေတနာရှင်အလှူရှင်များက လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများကို တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်ထံ ဂုဏ်ပြုပေးအပ်စဉ်။

နေပြည်တော် ဩဂုတ် ၂၂

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ဩဂုတ် ၂၁ ရက် ညနေပိုင်းတွင် ပညာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၇၂)နှင့် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၇၆)ကျောင်းဆင်းအရာရှိများနှင့် မိသားစုများ၊ စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဩွန့်ဖေ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ထိုသို့ပေးအပ်လှူဒါန်းရာတွင် ပညာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်းတစ်ရာ့ငါးဆယ်နှင့် ငွေကျပ် တစ်ရာတစ်ဆယ့်ငါးသိန်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၇၂) ကျောင်းဆင်းအရာရှိများနှင့် မိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်းနှစ်ဆယ်ကို လည်းကောင်း၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၇၆) ကျောင်းဆင်းအရာရှိများနှင့် မိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေကျပ် တစ်ဆယ့်ရှစ်သိန်းကို လည်းကောင်း၊ စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်းခြောက်ဆယ်ကိုလည်းကောင်း ပြည်ထောင်စုဝန်ကြီးနှင့် အလှူရှင်များက တိုင်းမှူးထံ အသီးသီးဂုဏ်ပြုပေးအပ်သည်။ ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။

အလားတူ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌ ပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ပေးအပ်လှူဒါန်းရာတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်းသုံးရာနှင့် ငွေကျပ်နှစ်ရာသုံးဆယ့်ခုနစ်သိန်း ငါးသောင်းကိုးထောင်တန်ဖိုးရှိ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများကို ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ရွှေတြိဂံရိပ်သာ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ပေးအပ်လှူဒါန်းရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်းသုံးထောင်နှစ်ရာ ခြောက်ဆယ့်ကိုးသိန်း ကိုးသောင်းရှစ်ထောင်နှင့် စားသောက်ဖွယ်ရာများကို ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများကို ရှေ့တန်းစစ်မျက်နှာအသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရွပ်ရွပ်ချွံချွံ တာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (မဝ၁)

# အဂတိကင်းရှင်းသည့် ပြည်သူ့ဝန်ဆောင်မှုများနှင့် အစိုးရအင်စတီကျူးရှင်းတို့ရှိပါက နိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်မည်ဖြစ်



**နေပြည်တော် ဩဂုတ် ၂၂**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများတွင် နိုင်ငံ့ဝန်ထမ်းများ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာများတိုးပွားလာစေရန်အတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က အဂတိလိုက်စားလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေးရှင်းလင်းဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၁၀နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရုံးအမှတ်(၉) လောကနတ်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးနှင့် တာဝန်ရှိသူများက လာရောက်ဆွေးနွေးပြီး ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့်အတူ ဒုတိယဝန်ကြီး ဦးလွင်ဦး၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများ၊ ဦးစီးဌာနအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အဖွင့်အမှာစကားပြောကြားရာတွင် အဂတိလိုက်စားမှုသည် နိုင်ငံတော်ပိုင်ငွေကြေးနှင့် ပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို တိုက်ရိုက်နစ်နာမှုရှိစေသည့်အပြင် တိုင်းပြည်စီးပွားရေးနှင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း သွယ်ဝိုက်အဟန့်အတားဖြစ်စေကြောင်း၊ အဂတိကင်းရှင်းသည့် ပြည်သူ့ဝန်ဆောင်မှုများနှင့် အစိုးရအင်စတီကျူးရှင်းတို့ရှိပါက နိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုသည် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်ပေါ်ထွက်လာရေးအတွက်လည်း အဓိကအတားအဆီးတစ်ခုဖြစ်သောကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဥပဒေပြဋ္ဌာန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအစီအမံများအဖြစ် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) ကို ဖွဲ့စည်းထားရှိကာ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို အဆင့်ဆင့်ထိရောက်စွာ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက အမှာစကားပြောကြားရာတွင် အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင် အသိပညာပေးခြင်းနည်းလမ်းသည် အခြေခံကျသည့် နည်းလမ်းတစ်ခုဖြစ်သည့်အတွက် ယခုကဲ့သို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲများ ကျင်းပနိုင်ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သည့်အရွေ့တစ်ခုဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုပုံစံအားလုံးသည် နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေပါကြောင်း၊ နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဟောပြောပွဲမှ ကျင့်ဝတ်နှင့် ကိုယ်ကျင့်တရားဆိုင်ရာ အသိအမြင်၊ ဗဟုသုတများရရှိပြီး နိုင်ငံ့တာဝန်ကို ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ပါဝင်ကြစေလိုကြောင်းနှင့် ထပ်ဆင့်မျှဝေပေးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကောင်းဇော်သန့်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် စုံစမ်းစစ်ဆေးရေးကဏ္ဍနှင့်စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမိုးက အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှု ဖြစ်ပေါ်ရခြင်းအကြောင်းရင်းများ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများနှင့် တားဆီးကာကွယ်ရေးကဏ္ဍများနှင့် စပ်လျဉ်း၍လည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးခဲ့ရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်း ဦးဆောင်၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) များနှင့် တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်ကို ကွန်ပျူတာစာမူစနစ်ဖြင့် ပြန်လည်ထုတ်ဝေနိုင်ရေး ပညာပါရမီဖြည့်ဆည်းလှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းမြို့တို့ရှိ သာသနာ့တက္ကသိုလ်ကြီးများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ စာချစာသင်ရဟန်းတော်များ အသုံးပြုလျက်ရှိသည့် ပိဋကသုံးပုံပါဠိတော်အဖွင့် အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်တို့ကို ဆဋ္ဌမူအတိုင်း စာမျက်နှာ၊ စာသားနှင့် စာလုံးရေပြောင်းလဲမှုမရှိဘဲ စာလုံးအနေအထားသန့်ရှင်းသပ်ရပ်မှုရှိသည့် ကွန်ပျူတာစာမူစနစ်ဖြင့် ကျမ်းစာအုပ်တစ်မျိုးလျှင် အုပ်ရေ ၁၀၀၀ စီ ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

၂။ စက်တင်ပုံနှိပ်ပြီး ကျမ်းစာအုပ်မှာ နှစ်အုပ်၊ ပုံနှိပ်ဆဲမှာ ခြောက်အုပ်၊ စာသားများ စစ်ဆေးဆဲမှာ ၁၇ အုပ်၊ စာမူပြုစုဆဲမှာ ခြောက်အုပ်ရှိပြီး ဆက်လက်ဆောင်ရွက်ရန် ကျမ်းစာအုပ်မှာအုပ်ရေ ၂၀ ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အလှူရှင်များအနေဖြင့် ကျမ်းစာအုပ်တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀၀(ကျပ်သုံးသောင်း)နှုန်းဖြင့် မိမိတတ်နိုင်သည့် စာအုပ်အရေအတွက်အတိုင်း ပညာပါရမီဖြည့်ဆည်းလှူဒါန်းနိုင်ပါသည်။

၄။ လှူဒါန်းလိုပါက ဦးသောင်းဝင်း (ညွှန်ကြားရေးမှူး) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဖုန်း-၀၆၇ ၃၄၀၆၂၇၆၊ ၀၉ ၄၂၀၇၀၁၄၆၃၊ ဦးကျော်လွင် (ညွှန်ကြားရေးမှူး)သာသနာရေးဦးစီးဌာန ဖုန်း-၀၆၇ ၃၄၀၆၂၃၂၊ ၀၉ ၄၀၀၅၁၆၇၇၇၊ ဦးကျော်မိုး(ညွှန်ကြားရေးမှူး) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဖုန်း-၀၁၈၆၆၁၂၇၅၊ ၀၉ ၄၀၂၁၈၈၂၁၄၊ ဦးဝင်းသိန်းထွန်း (ညွှန်ကြားရေးမှူး) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဖုန်း-၀၂၄၀၆၁၁၂၊ ၀၉ ၄၂၁၀၀၀၈၄၈၊ ဦးဇော်ဦး(ညွှန်ကြားရေးမှူး) ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး ဖုန်း-၀၁ ၆၅၁၂၀၉၊ ၀၉ ၂၀၃၈၅၆၃၊ ဦးကျော်လှိုင် (ညွှန်ကြားရေးမှူး) မန္တလေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး ဖုန်း-၀၂ ၄၀၃၆၃၁၂၊ ၀၉ ၂၆၃၉၉၉၀၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

# အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၊ တက္ကသိုလ်အဆင့် ပန်းချီပြိုင်ပွဲနှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၂၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၊ တက္ကသိုလ်အဆင့် ပန်းချီပြိုင်ပွဲနှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတို့ကို **"အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့ မျိုးဆက်သစ်တို့စွမ်းအား မြှင့်တင်စို့"** ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဆုရရှိသူများကို နေပြည်တော်တွင် ကျင်းပမည့် အထိမ်းအမှတ်အခမ်းအနားနေ့တွင် ဆုငွေနှင့် ဆုတံဆိပ်များချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရှေ့ဖုံးမှအဆက်

၄။ စနစ်ဟောင်းနဝမတန်း(Grade-10) အောင်မြင်ပြီး အကြောင်းအမျိုးမျိုးကြောင့် စနစ်ဟောင်းတက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုခြင်းမရှိခဲ့သူများ၊ စနစ်ဟောင်းဒသမတန်း (Grade 11) တက္ကသိုလ်ဝင်စာမေးပွဲ ကျရှုံးသူများနှင့် စနစ်သစ် ဒွါဒသမတန်း (Grade-12) တက္ကသိုလ်ဝင်စာမေးပွဲ ကျရှုံးသူများကို ပြင်ပဖြေအဖြစ် ဖြေဆိုခွင့်ပြုမည်ဖြစ်ပြီး ဘာသာတွဲ သုံးခုဖြစ်သော STEAMS-1, STEAMS-2, STAMS တို့အနက်မှ ဘာသာတွဲ တစ်ခုကို ရွေးချယ်ဖြေဆိုရမည်ဖြစ်ပါသည်။

၅။ ပြင်ပဖြေဆိုရန် လျှောက်လွှာတင်သွင်းသူများ၏ စာမေးပွဲဝင်ကြေးငွေကို သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများတွင် စာမေးပွဲဝင်ကြေးအတွက် ငွေကျပ် ၇၀၀ တန် ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင်ကပ်၍ မိမိတို့ အမှန်တကယ်နေထိုင်သည့် မြို့နယ်ပညာရေးမှူးရုံးတွင် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အတွင်း တင်သွင်းကြရမည်ဖြစ်ပါသည်။

၆။ အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများ၊ တွဲဖက်ကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား၊ ကျောင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် ကျောင်းအုပ်ကြီးများသည် စာမေးပွဲဝင်ကြေး ငွေကျပ် ၇၀၀ တန် ငွေသွင်းတံဆိပ်ခေါင်းများဝယ်ယူပြီး လျှောက်လွှာတစ်စောင်ချင်းတွင်ကပ်၍ စုပေါင်းပြီး မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အတွင်း သတ်မှတ်ရက်အမီတင်သွင်းကြရမည်ဖြစ်ပါသည်။

၇။ သတ်မှတ်ထားသောရက်များအတွင်း အချိန်မီပေးပို့ခြင်းမရှိသူများသည် စာမေးပွဲဖြေဆိုခွင့်ရရှိကြမည် မဟုတ်ကြောင်းနှင့် စာဖြေသူတင်သွင်းသည့် စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာနှင့် ကတ်ပြားတွင် ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည်မဟုတ်သဖြင့် မိမိဖြေဆိုမည့် ဘာသာတွဲအလိုက် ပုံစံများ မှန်ကန်မှုရှိ၊ မရှိ သေချာစွာစစ်ဆေးပြီး မှန်ကန်စွာဖြည့်စွက်ပေးပို့ကြရန်ဖြစ်ကြောင်း သတိပြုစေလိုပါသည်။

၈။ လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန(ရုံးချုပ်) ရုံးအမှတ်(၅၂) နေပြည်တော်နှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန (ရန်ကုန်ရုံးခွဲ) ပါရမီလမ်း (၁၂)ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်မြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်အဖြစ် တင်မြှောက်ခံရသူများနှင့် ရွေးချယ်တင်မြှောက်ပွဲတွင် ပါဝင်အရွေးချယ်ခံခွင့်ရှိသူများစာရင်းကို အသိပေးကြေညာ

၁။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအသစ် ဖွဲ့စည်းရေးအတွက် ကိုယ်စားလှယ်လောင်းအဆိုပြုလွှာများ တင်သွင်းနိုင်ရန် ၁-၇-၂၀၂၄ ရက် နိုင်ငံပိုင်သတင်းစာများတွင် ဖိတ်ခေါ်ထားရှိခဲ့ပြီး အဆိုပြုလွှာများကို ၃၀-၇-၂၀၂၄ ရက်အတွင်း ပြန်လည်တင်သွင်းရန် ဖိတ်ခေါ်ထားရှိရာ သတ်မှတ်နေ့ရက်၊ အချိန်အတွင်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်လောင်း အဆိုပြုလွှာပေးပို့လာသူ ၅၈ ဦးရှိခဲ့သည်။

၂။ သတင်းမီဒီယာဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(က)အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကောင်စီဝင်အဖြစ် အမည်စာရင်းပေးပို့ခံရသူ သုံးဦးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဒေါက်တာတင်ထွန်းဦး
( ခ ) ဦးခင်မောင်ကျော်ဒင်
( ဂ ) ဦးခင်မောင်ဇော်

၃။ သတင်းမီဒီယာနည်းဥပဒေများ၊ နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ(က)နှင့်အညီ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်(၂/၂၀၂၄)အရ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအသစ်ဖွဲ့စည်းရန် ကောင်စီဝင်အရေအတွက် အချိုးအစားအရ ပေးပို့လာသည့် နယ်ပယ်ကိုယ်စားပြုသူ ၁၀ ဦးအမည်စာရင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | |
|---|---|
| (က) ဒေါက်တာတင်အောင်ခိုင် | မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ |
| ( ခ ) ဦးသိုက်ထွန်း | မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်း |
| ( ဂ ) ဒေါက်တာဇော်သန်း | မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ |
| (ဃ) ဦးကြည်ညွန့် | မြန်မာနိုင်ငံပုံနှိပ်သူနှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း |
| ( င ) ဦးဥက္ကာအေး | မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း |
| ( စ ) ဦးတင်ကိုကို | မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် |
| (ဆ) ဦးမြတ်စိုး(မြတ်စိုး-လှိုင်) | မြန်မာနိုင်ငံစာရေးဆရာအသင်း |
| ( ဇ ) ဦးအောင်ကြည်<br>(အောင်ကြည်ညွန့်-တက္ကသိုလ်) | မြန်မာနိုင်ငံစာရေးဆရာအသင်း |
| ( ဈ ) ပါမောက္ခဒေါက်တာမြသိန်းဟန် | မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ |
| (ည) ဒေါက်တာစန်းဦး | မြန်မာနိုင်ငံနည်းပညာ ပညာရှင်အဖွဲ့ |

၄။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့က အဆိုပြုလွှာပေးပို့လာသူ ၅၈ ဦး၏ အဆိုပြုလွှာများအပေါ် သတင်းမီဒီယာနည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ(က)နှင့်အညီ သတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအတွက် လိုအပ်သောလုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်(၂/၂၀၂၄)အရ အောက်ဖော်ပြပါ ကိုးဦးကို သတင်းမီဒီယာကောင်စီဝင်များအဖြစ် အဖွဲ့ကရွေးချယ်ရန် ဆုံးဖြတ်ခဲ့သည့် အမည်စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-


(က) ဒေါက်တာခင်မောင်လွင်
( ခ ) ဦးမြင့်သိန်း(မောင်မောင်မြင့်သိန်း)
( ဂ ) ဦးစိန်တိုး(ဆန်းလင်း)
(ဃ) ဦးစန်းလွင်
( င ) ဦးလှထွဋ်ဦး(ကာတွန်းလှထွဋ်)
( စ ) ဦးရဲမင်းစိုး(မောင်မောက်ဝတ်လုံ)
(ဆ) ဦးပြည်စိုးဟန်
( ဇ ) ဒေါ်နှင်းအေးခိုင်
( ဈ ) ဒေါ်နီလာမျိုးဦး

၅။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးချယ်တင်မြှောက်ပွဲကျင်းပပြုလုပ်ပြီး ရွေးချယ်ရန်ဆုံးဖြတ်ခဲ့သည့် တစ်ဦးချင်းကိုယ်စားလှယ်လောင်း ၁၄ ဦး အမည်စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဒေါ်ကေသီခိုင်
( ခ ) ဦးထင်ကျော်မိုး(မြေလတ်ထင်ကျော်မိုး)
( ဂ ) ဒေါက်တာတင်အောင်ရွှေ(တင်အောင်ရွှေ-သုတေသီ)
(ဃ) ဦးတင်ဝင်း(တင်ဝင်းလေး-ကြည့်မြင်တိုင်)
( င ) ဦးအေးချမ်း
( စ ) ဦးသိန်းလွင်(မောင်သိန်းလွင်-လှည်းကူး)
(ဆ) ဦးအောင်စည်ဟိန်း
( ဇ ) ဦးမောင်မောင်ဦး(ဟိန်းလတ်)
( ဈ ) ဦးမင်းသန့်(စစ်မင်းနောင်)
(ည) ဦးခင်မောင်မြင့်
( ဋ ) ဦးအောင်သန်းဦး(ပုသိမ်အောင်သန်းဦး)
( ဌ ) ဦးနေဝင်း(ခ)ဦးရန်ကျော်
( ဍ ) ဦးတင်စိုး
( ဎ ) ဦးသိန်းဆွေမြင့်(ဇေယျာလင်းထွန်း)

၆။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် အဆိုပြုလွှာပေးပို့လာသူများအနက် သတ်မှတ်ထားသည့် အချက်အလက်အထောက်အထားပြည့်စုံမှုမရှိခြင်း၊ သတင်းမီဒီယာနည်းဥပဒေပါ သတ်မှတ်နယ်ပယ်နှင့် ကိုက်ညီမှုမရှိခြင်း စသည့်စိစစ်တွေ့ရှိမှုများကြောင့် အဖွဲ့၏သဘောတူဆုံးဖြတ်မှုဖြင့် ၃၄ ဦးကို ပယ်ခဲ့ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့**



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဆိုက်ရောက်ခရီးသည် စက်လှေကားအဆင်းလမ်း၌ Mpox(မျောက်ကျောက်)ရောဂါနှင့် ပတ်သက်၍ နှိုးဆော်ထားရှိစဉ်။။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပြည်ပဆိုက်ရောက်ခရီးသည်များက ကျန်းမာရေးကြေညာချက် (Health Declaration Form)ကို ဖြည့်သွင်းစဉ်။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပြည်ပဆိုက်ရောက်ခရီးသည်များ၏ ကျန်းမာရေးကြေညာချက် (Health Declaration Form)ကို ကျန်းမာရေးတာဝန်ရှိသူများက စစ်ဆေးနေစဉ်။

❍ **မျောက်ကျောက်ရောဂါမှအဆက်**

စစ်ဆေးခြင်းလုပ်ငန်းကို နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများနှင့်ပြည်သူ့ဆေးရုံများတွင် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က Mpox (မျောက်ကျောက်)ရောဂါကို နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ (PHEIC)အဖြစ် ဩဂုတ် ၁၄ ရက်တွင် သတ်မှတ်ကြေညာခဲ့သည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နှီးနွှယ်ဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသူများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ကရင်ပြည်နယ် မြဝတီမြို့ နယ်စပ်ဝင်ထွက်ဂိတ်တွင်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ မွေတော်ကျွန်း လူဝင်၊ လူထွက် စစ်ဆေးရေးကင်းစခန်းတွင်လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း ) တာချီလိတ်မြို့ တံတားအမှတ်(၁) နယ်စပ်ဝင်ထွက်ဂိတ်တွင်လည်းကောင်း Mpox(မျောက်ကျောက်)ရောဂါကာကွယ်ရေး ကိုယ်အပူချိန်တိုင်းတာခြင်း (Mass Thermal Screening)၊ ပြည်ပဆိုက်ရောက်ခရီးသည်များ၏ ကျန်းမာရေးကြေညာချက်(Health Declaration Form)ကို ကျန်းမာရေးတာဝန်ရှိသူများက စစ်ဆေးခြင်း၊ ခရီးသည်များကို Mpox (မျောက်ကျောက်)ရောဂါနှင့် ပတ်သက်၍ နှိုးဆော်ထားရှိခြင်း အစရှိသော ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ရောဂါဖြစ်ပွားနိုင်ခြေသတ်မှတ်ချက်အရ Mpox (မျောက်ကျောက်)ရောဂါသည် မြန်မာနိုင်ငံတွင် ကူးစက်ဖြစ်ပွားနိုင်ခြေ နည်းပါးသော်လည်း အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများတွင် ကူးစက်ဖြစ်ပွားမှုများရှိနေသဖြင့် ပြည်သူလူထုအနေဖြင့် ရောဂါကူးစက်ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် ကျန်းမာရေးအသိပညာပေးခြင်း၊ နိုင်ငံအတွင်းသို့ ရောဂါကူးစက်ဝင်ရောက်မှု မရှိစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရောဂါဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုခြင်း၊ ထိန်းချုပ်တုံ့ပြန် ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



သံသယလူနာတွေ့ရှိပါက ယာယီသီးခြားထားရှိမည့် အခန်း(Quarantine Room) ပြင်ဆင်ထားရှိမှုကို တွေ့ရစဉ်။

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဩဂုတ် ၂၂

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ခေမာသီရိကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် သံဃာတော် ၃၃ ပါးတို့အား ခွဲစိတ်ကုမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ခေမာသီရိကျောင်းတိုက်ဆရာတော် အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟိ)

# သံအမတ်ကြီး ဒေါ်မာလာသန်းထိုက် သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဩဂုတ် ၂၂

သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဒေါ်မာလာသန်းထိုက်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၄ ခုနှစ် ဩဂုတ် ၂၁ ရက်တွင် ကိုလံဘိုမြို့ရှိ သမ္မတအိမ်တော်၌ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာရာနေးလ်ဝစ်ခ်ရီမီဆင်းဟီထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

☆ ကျောဖုံးမှအဆက်

ပွဲချိန် ၃၁ မိနစ်တွင် ကောင်းခန့်ဇော်က သွင်းယူပေးနိုင်ခဲ့သည်။

ဆက်လက်ပြီး ညနေ ၃နာရီခွဲက စလင်းအားကစားကွင်းတွင် သစ္စာအားမာန်ယူ-၂၀အသင်းနှင့် မဟာယူနိုက်တက်ယူ-၂၀ အသင်းတို့ကစားခဲ့ရာ သစ္စာအားမာန်ယူ-၂၀အသင်းက သုံးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၄မိနစ်တွင် ထက်ဇေယျာမင်း၊ ပွဲချိန် ၈၁ မိနစ်တွင် ဇင်ဖြိုးပိုင်နှင့် ပွဲချိန် ၈၈ မိနစ်တွင် အိုကေချစ်တို့က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ဗဟန်းအားကစားကွင်းတွင် မြဝတီအက်ဖ်စီယူ-၂၀အသင်းနှင့် ရခိုင်ယူနိုက်တက်ယူ-၂၀ အသင်းတို့ကစားခဲ့ရာ နှစ်သင်းလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ဂိုးမရှိသရေ ရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့ကြောင်း သိရသည်။ STA

# လွိုင်ကော်မြို့ရှိ ဆရာ၊ဆရာမများအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် လွိုင်ကော်မြို့ရှိ ဆရာ၊ဆရာမများအတွက် ဆန်၊ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

နေပြည်တော် ဩဂုတ် ၂၂

ကယားပြည်နယ် လွိုင်ကော်မြို့ မင်းစုရပ်ကွက် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှိ ဆရာ၊ဆရာမများ နှင့် ဒေါတမရပ်ကွက် အခြေခံပညာ အလယ်တန်းကျောင်း(ဒေါတမ)ရှိ ဆရာ၊ ဆရာမများအား ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းများ၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီး၊ ကျောင်းအုပ်ဆရာမကြီးများနှင့် ဆရာ၊ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာ၊ဆရာမများ အတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ရာ ကျောင်းအုပ်ဆရာကြီး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ဆရာမများက လက်ခံရယူကြသည်။

ယင်းနောက် ဆရာ၊ ဆရာမများ၏ တင်ပြချက်များကို တိုင်းမှူးနှင့်တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံအားပေးစကားပြောကြားသည်။

ဆက်လက်၍ အဆိုပါကျောင်းများရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို အာဟာရဖြည့် ကြက်သားဆန်ပြုတ်များ တိုက်ကျွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (ဗဟိ)

## Mpox (မျောက်ကျောက်) ရောဂါကာကွယ်ရေးနှိုးဆော်ချက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ၂၀၂၄ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် Mpox (မျောက်ကျောက်) ရောဂါကူးစက်မှုအား နိုင်ငံတကာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပါသည်။

**ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ**

- ရောဂါပိုးရှိသူနှင့်လိင်ဆက်ဆံခြင်းမှ ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် အရေပြားခြင်းထိတွေ့ခြင်း၊ နမ်းရှုပ်ခြင်း၊ ပွေ့ဖက်ခြင်းတို့မှတစ်ဆင့်ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် မျက်နှာချင်းဆိုင် အနီးကပ်တွေ့ဆုံခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊ (စကားပြောခြင်း၊ အသက်ရှူခြင်း)
- ရောဂါပိုးရှိသူ၏ အနာများ၊ အညစ်အကြေးများနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးများ ကပ်တင်ကျန်နေသည့် အသုံးအဆောင်ပစ္စည်းများ၊ မျက်နှာပြင်များကို လက်ဖြင့်ကိုင်တွယ်ထိတွေ့ခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊
- မသန့်ရှင်းသောဆေးထိုးအပ်နှင့်ဆေးရုံသုံးပစ္စည်းများမှတစ်ဆင့် ကူးစက်ခြင်း၊
- Mpox ဗိုင်းရပ်စ်ရောဂါပိုးကူးစက်ခံထားရသည့် တိရစ္ဆာန်များနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- မိခင်မှကလေးသို့ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးနောက်တွင် ကူးစက်ခြင်း၊

**ရောဂါပျိုးရက်**

- ရောဂါပိုးစတင်ဝင်ရောက်ပြီး တစ်ရက်မှ ၂၁ ရက်အတွင်း ရောဂါလက္ခဏာများ စတင်ဖြစ်ပွားနိုင်ပါသည်။

**သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ**

- မျက်နှာ၊ ပါးစပ်၊ လက်နှင့် ခြေထောက်၊ ခန္ဓာကိုယ်၊ စအိုဝန်းကျင်နှင့်လိင်အင်္ဂါများတွင် အနီကွက်များထွက်ခြင်း၊ အရည်ကြည်ဖုများပေါက်ခြင်း၊
- ဖျားခြင်း (>38.5˚C)၊
- အကျိတ်များရောင်ရမ်းခြင်း၊
- လည်ချောင်းနာခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ ကျောအောင့်ခြင်း၊
- မောပန်းနွမ်းနယ်ခြင်း၊

(လွန်ခဲ့သည့် ၂၁ ရက်အတွင်း ရောဂါပိုးတွေ့ရှိရာ နိုင်ငံ၊ ဒေသများမှ ပြန်လည်ဝင်ရောက်လာသူများတွင် အထက်ပါလက္ခဏာ များဖြစ်ပွားလာပါက ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ရန် လိုအပ်ပါသည်။)

**ကာကွယ်နိုင်မည့် နည်းလမ်းများ**

- Mpox (မျောက်ကျောက်) ရောဂါလက္ခဏာခံစားနေရသူနှင့် အရေပြားချင်းထိတွေ့ခြင်း၊ မျက်နှာချင်းဆိုင် အနီးကပ်ထိတွေ့ခြင်း၊ လိင်ပိုင်းဆိုင်ရာထိတွေ့ဆက်ဆံခြင်းများကို ရှောင်ကြဉ်ပါ၊
- အနီးကပ်ထိတွေ့မှုကို ရှောင်လွှဲ၍မရပါက လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း (Mask) ကို တပ်ဆင်ပါ၊
- သံသယရောဂါလက္ခဏာခံစားနေရသူ၏ အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ရာတွင် လက်အိတ်ဝတ်ဆင်ခြင်းနှင့်
  နှာခေါင်းစည်း (Mask)ကို တပ်ဆင်ခြင်းကို ပြုလုပ်ပါ၊
- လက်ကိုဆပ်ပြာနှင့်ရေ သို့မဟုတ် အယ်လ်ကိုဟောအနည်းဆုံး (၆၀%)ပါဝင်သော ရေမလိုလက်သန့်စင်ဆေးရည်အသုံးပြု၍ စနစ်တကျဆေးကြောပါ၊ လက်မဆေးဘဲ ပါးစပ်၊ နှာခေါင်းနှင့် မျက်လုံးများကို ကိုင်တွယ်ခြင်းမပြုပါနှင့်၊
- တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးကောင်းမွန်စေရန် ဆောင်ရွက်ပါ၊
- နှာချေ၊ ချောင်းဆိုးသည့်အခါတွင် လက်ကိုင်ပဝါ သို့မဟုတ် တံတောင်ကွေးဖြင့် လုံခြုံစွာဖုံးအုပ်ပါ၊
- အသုံးအဆောင်ပစ္စည်းများ (အိပ်ရာခင်း၊ မျက်နှာသုတ်ပဝါ၊ အဝတ်အထည်စသည့်...)များကို ရေ၊ ဆပ်ပြာနှင့်စနစ်တကျလျှော်ဖွပ်၍အသုံးပြုပါ၊
- တိရစ္ဆာန်များကို အကာအကွယ်မပါဘဲ မထိတွေ့ပါနှင့်၊အသားများကိုကျက်အောင်ချက်ပြုတ်စားပါ၊

**Mpox (မျောက်ကျောက်)ရောဂါလူနာနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်း(သို့မဟုတ်) ရောဂါသံသယလက္ခဏာများခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပေးပို့၍ လိုအပ်သောစစ်ဆေးစမ်းသပ်မှုနှင့် ကုသမှုခံယူပါ။**

ကျန်းမာရေးဝန်ကြီးဌာန
ဩဂုတ်လ၊ ၂၀၂၄

# နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်၌ တိုက်ခန်းအတွင်းဝင်ရောက်၍ ငွေများခိုးယူသူနှစ်ဦးကို ဖော်ထုတ်ဖမ်းဆီးအရေးယူ



**နေပြည်တော် ဩဂုတ် ၂၂**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိ မြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် CL-2 တိုက်(၁၀) အခန်း(၁၄)နေ ဒေါ်ဝင်းဝင်းမော် ၅၃ နှစ်သည် ဩဂုတ် ၁၉ ရက် ည ၇ နာရီခွဲတွင် ရုံးမှနေအိမ်တိုက်ခန်းသို့ ပြန်လည်ရောက်ရှိစဉ် အိပ်ခန်းရှိ ဗီရို အတွင်းထားရှိသော ငွေကျပ်ရောရာ ၄၈၅၈၀၀၀၀ အနက် ငွေကျပ် ၈၀၀၀၀ ကို သာတွေ့ရှိရပြီး ငွေကျပ် ၄၈၅ သိန်းမှာ ပျောက်ဆုံးနေသဖြင့် ခိုးယူသွားသူကို စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် တိုင်တန်းချက်အရ ဇမ္ဗူသီရိမြို့နယ် အမှတ်(၉) နယ်မြေရဲစခန်း(ပ)၃၈/၂၀၂၄ ရာဇသတ်ကြီးပုဒ်မ၃၈၀ဖြင့် အမှုဖွင့်လှစ်စုံစမ်းခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြစ်မှုကျူးလွန်သူကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် အခင်းဖြစ်ရပ်မှတ်တမ်းများ စစ်ဆေးခြင်း၊ ၎င်းတိုက်တွင် ဧည့်စိမ်းရောက်ရှိနေထိုင်မှု ရှိမရှိတို့ကို စစ်ဆေးခြင်းတို့ဆောင်ရွက်ခဲ့ရာ CL-2 တိုက်(၁၀) အခန်း(၀၄)နေ စန်းစန်းမော် ၃၈ နှစ်၏ နေအိမ်တိုက်ခန်းတွင် အစ်ကိုဝမ်းကွဲဖြစ်သူ တင်ထွေး ၄၀ နှစ် ရောက်ရှိနေထိုင်လျက်ရှိကြောင်းသိရှိရ၍ စန်းစန်းမော်နှင့် တင်ထွေးတို့ကို ခေါ်ယူစစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ စန်းစန်းမော်သည် အစ်ကိုဝမ်းကွဲဖြစ်သူ တင်ထွေးအား အခန်း(၁၄)နေ ဒေါ်ဝင်းဝင်းမော်၏ တိုက်ခန်းအတွင်း ငွေများဝင်ရောက်ခိုးယူရန်စေခိုင်းသဖြင့် ဩဂုတ် ၁၉ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် အဆိုပါတိုက်ခန်းအတွင်းလူမရှိချိန်၌ အခန်းတံခါးသော့ဖျက်ဝင်ရောက်ကာ ငွေကျပ် ၄၈၅ သိန်းခိုးယူခဲ့ပြီး စန်းစန်းမော်နှင့်အတူ CL-4 တိုက်နောက်ကျောဘက်ရှိ ချုံထဲတွင်ကြွပ်ကြွပ်အိတ်အစိမ်းရောင်ဖြင့်ထုတ်၍ ဝှက်ထားကြောင်းသိရှိရ၍ သက်သေခံပစ္စည်းများကို သက်သေများနှင့်အတူ သိမ်းဆည်းခဲ့သည်။

ဖြစ်စဉ်တွင် တိုက်ခန်းအတွင်း ဝင်ရောက်၍ ငွေများခိုးယူသူတရားခံ တင်ထွေးနှင့်စန်းစန်းမော်တို့ နှစ်ဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# ပေါင်းတည်မြို့နယ်နှင့် ကလေးမြို့တို့ရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသား

**နေပြည်တော် ဩဂုတ် ၂၂**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ပုံချီတက်ကျေးရွာရှိ နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် ကား တစ်စီး၊ ဆိုင်ကယ် တစ်စီးတို့ကိုလည်း ဖျက်ဆီးခဲ့သည့်ဖြစ်စဉ် ဩဂုတ် ၂၀ ရက်က ဖြစ်ပွားခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းမှားများကို ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ ပေါင်းတည်မြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဩဂုတ် ၂၀ ရက်က ပုံချီတက်ကျေးရွာအနီးတစ်ဝိုက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့သော်လည်း ၎င်းကျေးရွာမှ နေအိမ်များ၊ ကားနှင့် ဆိုင်ကယ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ခြင်းမရှိကြောင်း သိရှိရသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ သုံးအိမ်စုကျေးရွာနှင့် ရှားတောကျေးရွာတို့ကို ဩဂုတ် ၂၀ ရက်က လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်စွပ်စွဲရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ဩဂုတ် ၂၀ ရက်က ရှားတောကျေးရွာအတွင်း အကြမ်းဖက်သမားများရောက်ရှိနေပြီး ဒေသခံပြည်သူများကို အဓမ္မလူသစ်စုဆောင်းခြင်းနှင့် ငွေကြေးကောက်ခံခြင်းများ လုပ်ဆောင်နေကြောင်း သတင်းအရ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ရှားတောကျေးရွာအတွင်းရောက်ရှိနေသည့် အကြမ်းဖက်သမားများကို ဝိုင်းဝန်းပိတ်ဆို့တိုက်ခိုက်ခဲ့ရာ အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ ထိခိုက်သေဆုံးမှုများစွာဖြင့် အနောက်တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ၎င်းတို့ ဆုတ်ခွာထွက်ပြေးစဉ် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များ လိုက်လံတိုက်ခိုက်ခြင်းမရှိစေရန်အတွက် ရှားတောကျေးရွာမှနေအိမ်များကို မီးရှို့ဖျက်ဆီးသွားခဲ့သည့်အတွက် နေအိမ်အချို့ မီးလောင်ပျက်စီးခဲ့ရကြောင်းနှင့် ၎င်းတို့ထံမှ အကြမ်းဖက်သမားအလောင်း နှစ်လောင်း၊ သေနတ်လေးလက်၊ လက်ပစ်ဗုံး နှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။







တရားမဝင် ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင် လွဲမှားစေရန်အတွက် နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့သည့် မြို့ရွာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးပစ်ခတ်မှုကြောင့် ပြည်သူများ ထိခိုက်သေဆုံးခြင်းစသည့် တစ်ဖက်သတ်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းမှားများကိုသာ ရည်ရွယ်ချက်ရှိရှိ လှို့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

## ပြည်သူသို့ အသိပေးကြေညာချက်

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၄ ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂၇/ ၂၀၁၀ ဖြင့် ပြဋ္ဌာန်းထားခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ(ခ)အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ကြောင်း သတ်မှတ်သည့်အမိန့် ကြော်ငြာစာကို ဖေဖော်ဝါရီ ၁၀ ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ယခုအခါ အဆိုပါထုတ်ပြန်ချက်အပေါ် မီဒီယာအချို့နှင့် လူမှုကွန်ရက်စာမျက်နှာအချို့တို့တွင် ပြည်သူများ၏ ပြည်ပထွက်ခွာခွင့်များနှင့်ပတ်သက်၍ တားဆီးပိတ်ပင်နေသည်ဆိုသည့် ကောလာဟလသတင်းမှားများ ထွက်ပေါ်လျက်ရှိပါသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေစတင်အာဏာတည်ကြောင်း သတ်မှတ်ခြင်းနှင့်ပတ်သက်၍ ပြည်သူများ၏ ပြည်ပထွက်ခွာခွင့်များကို လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ညွှန်ကြားချက်များ၊ ကန့်သတ်ချက်များ ထုတ်ပြန်စိစစ်တားဆီးခြင်းမရှိဘဲ အပြည်ပြည်ဆိုင်ရာလေဆိပ်များဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်လေဆိပ်များအပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော နယ်စပ်ဝင်ထွက်ဂိတ်များမှ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဝင်ထွက်ခွင့်ပြုခြင်းများကို ယခင်အတိုင်း ဥပဒေနှင့်အညီ စနစ်တကျဝင်ထွက်ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြည်ပထွက်ခွာခွင့်များနှင့်ပတ်သက်၍ မည်သည့်ညွှန်ကြားချက်မျှ သီးခြားထုတ်ပြန်ဆောင်ရွက်ထားခြင်းမရှိကြောင်း အသိပေးကြေညာအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၂၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ်၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "User49270 532662" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘူးလယ်အင်းကျေးရွာနေ ကျော်ကိုကို ၃၀ နှစ်အား နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ "Al-phayairyinttaly" TikTok အကောင့် ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အင်ပင်စမ်းကျေးရွာနေ သန်းဇော်ဌေးအား နံနက် ၉ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ "Lashio Ko Ko" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မြင်းခြံမြို့နယ် ရွာသာအေးကျေးရွာနေ ဇော်မျိုးဦး(ခ)အောင်ဗလအား ညနေ ၃ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ "Moe Lay" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် ရေးမြို့နယ် နှစ်ကရင်ကျေးရွာနေ မိုးလေးအား ည ၆ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့်ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၅၀၁)

ခရီးသွားဆောင်းပါး

# မီးကျည်တောင်နှင့် တောရကျောင်း

သက်နိုင်(ပြင်ဦးလွင်)

မြစ်သားမြို့နယ် ကူမဲမြို့ ရွာခိုင်ကြီးကျေးရွာကို ရောက်ရှိနေတုန်း မြို့ကြီးတောရကျောင်း၊ ဆင်ခေါင်းတောင်၊ ငပြောင်ဆည်တွေမှာ တစ်နေ့တာ လေ့လာလည်ပတ်ခဲ့ကြပြီး ညအိပ်ရပ်နားခဲ့ကြတယ်။ နေ့ရက်အချိန်ကာလက ဝါဆိုလပြည့်နေ့ဖြစ်နေတာကြောင့် ညစာထမင်းစားသောက်အပြီး အိမ်ရှေ့တလင်းပြင်လရောင်အောက်မှာ စကားပြောဆိုလို့ ကောင်းခဲ့ပေမဲ့ အချိန်တန်လို့ အိပ်ရာထဲကိုဝင်ရောက်အိပ်စက်ကြတဲ့အခါ သီချင်းသံဆူဆူညံညံတွေကြောင့် တော်တော်နဲ့ အိပ်မပျော်ဖြစ်နေရတယ်။ ည၌ ၁၁ နာရီကျော် ၁၂ နာရီရောက်တော့မှ သီချင်းသံတွေကို မကြားရတော့ဘဲ ကောင်းကောင်းမွန်မွန် အိပ်ပျော်သွားခဲ့ရတယ်။ အခါကြီးနေ့ကြီးတွေမှာ ကျေးရွာတွေကို ရောက်တဲ့အခါ ဒီလိုဒုက္ခတွေကို ခံစားကြရမှာပါ။

နောက်တစ်နေ့မနက် ၆ နာရီလောက်မှာ အိပ်ရာထပြီး လက်ဖက်ရည်သောက်၊ မုန့်စားနေရင်း ဒီနေ့အတွက် လေ့လာလည်ပတ်စရာနေရာတွေအဖြစ် ခွေးတောက်ရေတောရကျောင်း၊ မြေတောင်ရွာ၊ မီးကျည်တောင် စတဲ့နေရာတွေကိုသွားရောက်ဖို့ စီစဉ်ထားကြောင်း သူငယ်ချင်းဖြစ်သူကပြောတယ်။ ဒါကြောင့် လက်ဖက်ရည်သောက်မုန့်စားအပြီး မနက် ၇ နာရီကျော်ကျော်လောက်မှာ ရွာခိုင်ကြီးကနေစတင်ထွက်ခွာလာခဲ့ကြတယ်။ ဒီနေ့သွားရောက်ဖို့ရွေးချယ်ထားတဲ့နေရာတွေက မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်နဲ့ ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ်အစပ်တောင်ကုန်းတောင်တန်းနေရာတွေ ဖြစ်နေတာကြောင့် ရွာခိုင်ကြီးကနေ အရှေ့ဘက်စူးစူးကိုဦးတည်မောင်းနှင်လာခဲ့ရတယ်။ လမ်းအခြေအနေတွေက ကျောက်သား၊ မြေသားရောရာလမ်းတွေပါ။ အချို့နေရာတွေမှာ ကျောက်သားလမ်းနဲ့ အချို့နေရာတွေမှာ မြေသားလမ်းတွေဖြစ်နေတယ်။ ဒီရက်ပိုင်းတွေမှာ မိုးရွာထားတာမရှိတာကြောင့် မြေသားလမ်းတွေက ကားမောင်းလို့ရနေသေးတယ်။ မိုးရွာတဲ့ရက်တွေဆိုရင်အခက်အခဲဖြစ်နိုင်ပါတယ်။ လမ်းတွေက ကြမ်းတစ်လှည့်ချောတစ်လှည့်နဲ့ ဖြည်းဖြည်းမှန်မှန်မောင်းလာရင်း မနက် ၈ နာရီလောက်မှာ မီးကျည်တောင်ခြေကို ရောက်လာခဲ့ကြတယ်။

တောင်ခြေအနီး ရေလွှတ်မြောင်းတစ်ခုဘေးမှာ ခွေးတောက်ရေတောရကျောင်းသို့၊ မီးကျည်တောင်တောရကျောင်းသို့ဆိုပြီး ရေးသားထားတဲ့ လမ်းညွှန်ဆိုင်းဘုတ်တစ်ခုကိုလဲ တွေ့မြင်ရတယ်။ လမ်းညွှန်ဆိုင်းဘုတ်အရ ရေလွှတ်မြောင်းတံတားကိုကျော်ဖြတ်ပြီး ဆက်လက်သွားရောက်ကြရအုံးမှာပါ။ ဒ့ါပြင် လမ်းညွှန်ဆိုင်းဘုတ်ကိုတွေ့ရတော့မှ မီးကျည်တောင်ပေါ်မှာ မီးကျည်တောရကျောင်းရှိနေတယ်ဆိုတာကိုလဲ တစ်ဆက်တည်းသိလိုက်ရတယ်။ ဒီနေ့ထွက်လာခဲ့ကြတဲ့ခရီးစဉ်အတိုင်းဆိုရင် မီးကျည်တောင်ပေါ်က တောရကျောင်းရှိရာကို သွားမှာဖြစ်ပါတယ်။

ရေလွှတ်မြောင်းတံတားကိုဖြတ်ကျော်ပြီးတာနဲ့ မြေသားလမ်းကျဉ်းလေးပေါ်ကနေ မောင်းလာခဲ့ရတယ်။ လမ်းရဲ့အနေအထားက ကားနှစ်စီးရှောင်တိမ်းမောင်းနှင်လို့မရအောင် ကျဉ်းမြောင်းနေတယ်။ ဒါပေမဲ့ မျက်နှာချင်းဆိုင်ကလာနေတဲ့ ကားတစ်စီးမှ မရှိတာကြောင့် မိမိတို့ကားတစ်စီးတည်း လွတ်လွတ်လပ်လပ်မောင်းလာခဲ့ရပြီး မကြာခင်မှာ မီးကျည်တောရကျောင်းကိုသွားတဲ့ လမ်းအစနေရာကို ရောက်လာခဲ့ကြတယ်။ ရောက်လာခဲ့တဲ့နေရာမှာ ဘုရားစေတီတွေ၊ ကျောင်းဆောင်ကြီးတွေ၊ ဇရပ်တွေ၊ လိုဏ်ဂူတွေရှိနေကြပေမဲ့ ဒါတွေကို လေ့လာကြည့်ရှုခြင်းမပြုကြသေးဘဲ ကားကို သင့်တော်တဲ့သစ်ပင်ရိပ်တစ်ခုအောက်မှာ ရပ်ထားခဲ့ပြီး မီးကျည်တောင်ပေါ်ကို တက်လာခဲ့ကြတယ်။ တောင်ပေါ်ကိုတက်ရောက်ကြတဲ့အခါ တောင်တက်ကားလမ်း မရှိသေးတာကြောင့် ခြေလျင်ခရီးနဲ့ တောလမ်းလေးတွေအတိုင်း တက်လာခဲ့ကြရတယ်။

တောင်တက်လမ်းက အချို့နေရာတွေမှာ မနိမ့်လွန်း၊ မမြင့်လွန်း ပြေပြေပြစ်ပြစ်ရှိနေသလို အချို့နေရာတွေက အလွန်မတ်စောက်ကြမ်းတမ်းတယ်။ တောင်ထိပ်ပေါ်ကို ရောက်လာကြတာနဲ့အမျှ မောဟိုက်ပင်ပန်းသလို ပတ်ဝန်းကျင်တစ်ခွင်က လှလှပပရှုခင်းတွေကိုလဲ မြင်တွေ့ခွင့်ရကြတော့တယ်။

မီးကျည်တောင်ပေါ်ကို ရောက်ရောက်ချင်း မြင်တွေ့ရတဲ့ လှလှပပသာသာယာယာရှုမျှော်ခင်းတွေကိုကြည့်ရှုနေရင်း ဒီလိုနေရာ၊ ဒီလိုဒေသမျိုးကို တစ်ကြိမ်တစ်ခါက ရောက်ဖူးနေသလိုလို၊ တွေ့မြင်ဖူးနေသလိုလို ခံစားနေရတယ်။ ဒါပေမဲ့ မီးကျည်တောင်ကို အခုမှ ပထမဦးဆုံးအကြိမ် ရောက်ရှိလာခဲ့တာဖြစ်ပြီး အရင်က လုံးဝမရောက်ဖူးသေးပါဘူး။ ရှုခင်းတွေကို သေသေချာချာကြည့်ပြီး ပြန်လည်စဉ်းစားတွေးတောလိုက်တော့မှ ကောလင်းမြို့အနီးမှာရှိတဲ့ ခမောက်တောင်ပေါ်က ရှုခင်းတွေနဲ့ တူညီနေတာကို သတိရသွားတော့တယ်။ အနီရောင်သန်းနေတဲ့ စိုက်ပျိုးမြေတွေကို အကွက်လိုက်အကွက်လိုက် ထွန်ရေးကြောင်းညီညီ ထွန်ယက်ထားတာတွေ၊ ထွန်ယက်ပြီးစိုက်ပျိုးမြေတွေအကြား ကွေ့ကွေ့ကောက်ကောက် လှည်းလမ်းကြောင်းလေးတွေ၊ ဟိုနားတစ်ပင် ဒီနားတစ်ပင် ထိုးထိုးထောင်ထောင်ရှိနေကြတဲ့ သစ်ပင်လေးတွေ စတဲ့မြင်ကွင်းတွေပါ။

တောင်ထိပ်ပေါ်ကနေ ရှုခင်းတွေကြည့်ပြီးတာနဲ့ တောရကျောင်းရှိရာကို ထွက်ခွာခဲ့ကြတယ်။ တောရကျောင်းက တောင်ထိပ်ပေါ်မှာမဟုတ်ဘဲ အောက်ကို အနည်းငယ်ဆင်းလာပြီးမှ တောလမ်းလေးအတိုင်း လာခဲ့ကြရတယ်။ ကျောင်းရှိရာကို ရောက်လာကြတဲ့အခါမှာလဲ တောရကျောင်းဆိုတဲ့ နာမည်နဲ့လိုက်အောင် သက်ငယ်ပျစ်တဲကျောင်းလေးကို တွေ့မြင်လိုက်ရပြန်တယ်။ ကျောင်းလေးက ဆယ်ပေပတ်လည်လောက်ပဲ ကျယ်ဝန်းပြီး ကျောင်းထဲမှာ ကွပ်ပျစ်တစ်လုံး၊ သောက်ရေအိုးတစ်လုံး၊ တရားစာအုပ်အနည်းငယ်၊ ဖယောင်းတိုင်၊ အမွှေးတိုင် စတဲ့ပစ္စည်းသေးသေးမွှားမွှားအနည်းငယ်လောက်ကိုပဲ တွေ့မြင်နေရတယ်။ ကျောင်းရဲ့နောက်အပြင်ဘက်ကပ်လျက်မှာ ရေအပြည့်ထည့်ထားတဲ့ စဉ့်အိုးကြီးတစ်လုံးရှိနေတယ်။ ဒါတွေက ကျောင်းမှာရှိတဲ့ ပစ္စည်းအားလုံးပါ။

တောရကျောင်းလေးမှာ ဆရာတော်တစ်ပါးလဲရှိနေတယ်။ ဆရာတော်က ကွပ်ပျစ်ဘေးမှာ ပက်လက်ကုလားထိုင်တစ်လုံးနဲ့ ထိုင်နေတာပါ။ ပက်လက်ကုလားထိုင်မှာ သင်္ကန်းတစ်စုံထည့်ထားတဲ့ လွယ်အိတ်တစ်လုံးချိတ်ဆွဲထားတာကိုလဲ တွေ့မြင်ရတယ်။ သူငယ်ချင်းဖြစ်သူရဲ့ ပြောပြချက်အရ ဆရာတောက ဒီတောရကျောင်းလေးမှာ တစ်ပါးတည်း နေထိုင်သီတင်းသုံးနေပြီး တရားကျင့်ကြံအားထုတ်နေကြောင်း၊ ဆွမ်းကိစ္စအတွက် တောင်အောက်သုံးမိုင်လောက်ကွာဝေးတဲ့ မြေတောင်ရွာကို နေ့စဉ်ဆွမ်းခံကြွလေ့ရှိကြောင်း၊ အရုဏ်ဆွမ်း ဘုဉ်းမပေးဘဲ နေ့ဆွမ်းတစ်နပ်ကိုသာ ဘုဉ်းပေးမှီဝဲနေကြောင်း သိလိုက်ရတယ်။ မိမိတို့ကိုယ်တိုင် တရားကျင့်ကြံအားထုတ်တော့မဲ့အချိန်မှာ ဒီလိုနေရာမျိုးမှာ တစ်ပါးတည်းနေကာ ဒီလိုမျိုးဆွမ်းတစ်နပ်ကိုသာ ဆွမ်းခံဘုဉ်းပေးပြီး တောကြီးတောင်ကြီးထဲမှာ ဆင်းဆင်းရဲရဲ မပြည့်မစုံ နေနိုင်ပ့ါမလားဆိုပြီး တွေးတောစဉ်းစားရတော့တယ်။ အခု တွေ့မြင်ဖူးမြော်နေရတဲ့ ဆရာတော်ကတော့ အေးအေးချမ်းချမ်းတည်တည်ငြိမ်ငြိမ်ပါ။



ဆရာတော်ကို ဖူးမြော်ပြီးကြတာနဲ့ တောရကျောင်းလေးကနေ ပြန်လည်ထွက်ခွာလာခဲ့ကြတယ်။ မူလခရီးအစီအစဉ်က မီးကျည်တောင်ကိုတက်၊ မီးကျည်တောရကျောင်းကိုသွားရောက်ကြပြီး ဆရာတော်ကို ဖူးမြော်ကန်တော့ကြပြီးတာနဲ့ မြေတောင်ရွာကို သွားရောက်လည်ပတ်ကြဖို့ပါ။ ဒါပေမဲ့ တောင်ထိပ်ပေါ်ကနေ မြေတောင်ရွာကို တွေ့မြင်ပြီးကြပြီဖြစ်သလို ရွာအထိ သုံးမိုင်ခြေလျင်ခရီးဆက်လက်လျှောက်ကြရအုံးမှာဖြစ်လို့ မြေတောင်ရွာကို မသွားကြတော့ဘဲ ခွေးတောက်ရေ တောရကျောင်းကိုသာ သွားရောက်ကြဖို့ စီစဉ်လိုက်ကြတယ်။ ဒီနေရာမှာ သက်တော်၊ ဝါတော်ကြီးရင့်နေပြီဖြစ်တဲ့ တောရကျောင်းဆရာတော်က မီးကျည်တောင်ပေါ်ကနေ မြေတောင်ရွာ သုံးမိုင်ခရီးကို နေ့စဉ်နဲ့အမျှ အသွားအပြန်ဆွမ်းခံကြွရောက်နေပေမဲ့ မိမိတို့က ဝေးတယ်ဆိုပြီး သွားရောက်နိုင်ခဲ့ခြင်းမရှိပါဘူး။ ပင်ပန်းဆင်းရဲဒုက္ခခံပြီး တောထွက်ကျင့်ကြံအားထုတ်ဖို့အတွက်ကိုတော့ တော်တော်စဉ်းစားရပါမယ်။

မီးကျည်တောင်ပေါ်ကနေ တောလမ်းလေးအတိုင်း ပြန်ဆင်းလာခဲ့ကြပြီး ကားရပ်ထားခဲ့တဲ့ နေရာကိုရောက်တော့ ခဏနားကြရင်း လေ့လာစရာရှိတာတွေကို ဆက်လက်လေ့လာကြရတယ်။ ပထမဦးဆုံးအနေနဲ့ ပွင့်တော်မူပြီးဖြစ်တဲ့ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ဆိုတဲ့ဘုရားလေးဆူ ရုပ်ပွားတော်ကြီးတွေကိုပါ။ ရုပ်ပွားတော်ကြီးတွေကို စကျင်ကျောက်သားဖြူတွေနဲ့ အနုပညာလက်ရာမြောက်စွာပုံဖော်ထုဆစ်ထားပြီး ညောင်ပင်ကြီးတစ်ပင်ရဲ့အောက်မှာ လေးဖက်လေးတန် အပူဇော်ခံထားရှိထားတာကို ဖူးမြော်မြင်တွေ့နေရတယ်။ ရုပ်ပွားတော်ကြီးတွေက စကျင်ကျောက်သားနဲ့ ဖြူဖြူဖွေးဖွေးတောက်တောက်ပပ၊ ညောင်ပင်ကြီးနဲ့ ညောင်ရွက်တွေက စိမ်းစိုအုံ့မှိုင်းကာ ညောင်ကိုင်းညောင်ရွက်တွေပေါ်ကနေတစ်ဆင့် တွဲလောင်းကျနေတဲ့ ရောင်စုံလျှပ်စစ်မီးတွေက တဝင်းဝင်းတလက်လက်ဖြစ်နေတာကြောင့် ရုပ်ပွားတော်ကြီးတွေကို ဖူးမြော်ကြည်ညိုလို့မဝနိုင်အောင် ဖြစ်ကြရတယ်။ ရုပ်ပွားတော်ကြီးတွေရဲ့ပလ္လင်အခြေမှာ ဘုရားရှင်တွေကို ရှိခိုးဦးခိုက်နေတဲ့ ရဟန်းရုပ်တုတွေရှိနေတယ်။ ရုပ်ပွားတော်တွေ၊ ရုပ်တုတော်တွေအားလုံးက ရောက်လာကြတဲ့ ဘုရားဖူးတွေအတွက် သပ္ပာယ်စရာဖြစ်နေကြတယ်။

ပွင့်တော်မူပြီး ဘုရားရှင်လေးဆူ ရုပ်ပွားတော်တွေရဲ့ အရှေ့ယွန်းယွန်းမှာ နဂါးရုံဘုရားတစ်ဆူရှိနေသေးတယ်။ နဂါးရုံဘုရားအနီးမှာ တသွင်သွင်စီးဆင်းနေတဲ့ စမ်းချောင်းလေးကို လက်ညှိုးထိုးပြပြီး သူငယ်ချင်းဖြစ်သူက အဲဒါ သဘာဝကျောက်လိုဏ်ဂူကြီးတစ်ခုထဲကနေ ရေတွေထွက်နေတာ။ အဲဒီကျောက်လိုဏ်ဂူကြီးရှိရာကို သွားရောက်လေ့လာကြည့်ရှုကြရအောင်ဆိုတာနဲ့ စမ်းချောင်းလေးဘေးက လမ်းအတိုင်း လျှောက်လာခဲ့ကြတယ်။ စမ်းချောင်းက ကွေ့ကွေ့ကောက်ကောက်နဲ့ စီးဆင်းနေသလို လမ်းကလဲ ကွေ့ကွေ့ကောက်ကောက်ပါ။ စမ်းချောင်းက မြင့်ရာကနေ နိမ့်ရာဘက်ကို စီးဆင်းနေတာကြောင့် မိမိတို့လျှောက်နေရတဲ့လမ်းက တဖြည်းဖြည်းနဲ့မြင့်တက်လာတာကို သတိထားမိနေတယ်။ စမ်းချောင်းက ရေတံခွန်လိုမြင့်မားတဲ့ ကျောက်တုံးကျောက်ခဲတွေပေါ်ကနေ ဖြာကျစီးဆင်းနေတဲ့နေရာကိုရောက်တော့ မိမိတို့ကလဲ ကျောက်တုံးကျောက်ခဲတွေပေါ်ကနေ ခက်ခက်ခဲခဲလမ်းလျှောက်သွားရပြန်တယ်။ ဒီလိုနဲ့ မကြာခင်မှာ ရေတွေ တစိမ့်စိမ့်ထွက်နေတဲ့ သဘာဝကျောက်လိုဏ်ဂူကြီးရှိရာကို ရောက်လာခဲ့ကြတယ်။

ကျောက်လိုဏ်ဂူကြီးက ရှမ်းပြည်နယ်တစ်ကြောမှာ တွေ့မြင်နေရလေ့ရှိတဲ့ ဂူပုံစံတွေလိုပါ။ ကျောက်ခက်ပန်းဆွဲ၊ ကျောက်ခက်မိုးမျှော်အနည်းငယ်ကိုလဲ တွေ့မြင်နေရတယ်။ ဒီလိုနေရာ၊ ဒီလိုဒေသမှာ ဒီလိုကျောက်ဂူမျိုးတွေ အများအပြားရှိနေနိုင်ပါတယ်။ ဒါပေမဲ့ ထူးထူးခြားခြားအဖြစ် ကျောက်ဂူကြီးထဲကနေ ရေတွေတစိမ့်စိမ့်နဲ့ အဆက်မပြတ်ထွက်ရှိနေတာကို မြင်တွေ့နေရတယ်။ ဒီလိုရေထွက်တဲ့ ကျောက်ဂူမျိုးကတော့ ရှားပါးပါတယ်။ ပြင်ဦးလွင်ဒေသက ပိတ်ချင်းမြောင်လိုဏ်ဂူလိုမျိုးပါ။ အခု မြင်တွေ့နေရတဲ့ကျောက်ဂူက အလွန်ကျဉ်းမြောင်းနေပြီး ဂူအတွင်းကို လူတွေ ဝင်ထွက်သွားလာလို့မရနိုင်ပါဘူး။ လူတစ်ယောက် တစ်ကိုယ်စာဝင်ထွက်သွားလာလို့မရတဲ့ ဂူပေါက်ထဲကနေ ရေတွေထွက်ရှိနေတာပါ။ ဂူထဲကနေ ထွက်လာတဲ့ရေတွေက အောက်ဘက်အနိမ့်ပိုင်းကို စမ်းချောင်းငယ်လေးအဖြစ် စီးဆင်းသွားနေတယ်။

ရေထွက်လိုဏ်ဂူရဲ့ဘေးပတ်ဝန်းကျင်မှာ ချောက်ကမ်းပါးကြီးတွေ၊ ကျောက်တောင်ကြီးတွေ၊ ကျောက်တုံးကျောက်ဆောင်ကြီးတွေ၊ သဘာဝပေါက်ပင်တွေ ရှိနေကြတယ်။ နေရာဒေသအနေအထားက တိတ်ဆိတ်တဲ့အခြေအနေမှာ ရှိနေတယ်။ ဒါပေမဲ့ လာရောက်လည်ပတ်သူတွေ၊ ရေချိုးရေဆော့ကစားကြသူတွေ လုံးဝမရှိဘူး။ ရေထွက်ဂူဘေးအနီးတစ်ဝိုက်မှာ သစ်ကိုင်းခြောက်၊ သစ်ရွက်ခြောက်၊ ကျောက်တုံး၊ ကျောက်ခဲအမှုန်အမွှားတွေ စုပုံပြည့်နှက်နေကြတယ်။ ဘယ်လိုပဲဖြစ်ဖြစ် လူသူအရောက်အပေါက်နည်းပါးတဲ့ရေထွက်ဂူကို တစ်ခါတစ်ခေါက်ရောက်ရှိခဲ့ရပါပြီ။ ရှေ့ဆက်လေ့လာကြည့်ရှုလိုက်ပါအုံးမယ်။

# အင်ဒိုနီးရှားနိုင်ငံတွင် လေထုညစ်ညမ်းမှုလျှော့ချရေးအတွက် Suralaya ကျောက်မီးသွေးလောင်စာသုံး ဓာတ်အားပေးစက်ရုံကို ပိတ်သိမ်းရန်ပြင်ဆင်နေ



ဂျကာတာ ဩဂုတ် ၂၂

အင်ဒိုနီးရှားနိုင်ငံသည် လေထုညစ်ညမ်းမှုလျှော့ချရေးကို အရှိန်မြှင့်တင် ဆောင်ရွက်သွားရေးအတွက် ကျောက်မီးသွေးလောင်စာသုံး Suralaya ဓာတ်အားပေးစက်ရုံကို ပိတ်သိမ်းရန်ပြင်ဆင်နေကြောင်း အင်ဒိုနီးရှား အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အဆိုပါ ကျောက်မီးသွေးစက်ရုံကို အစိုးရပိုင်ဖြစ်သည့် PT Perusahaan Listrik Negara (PLN) စက်ရုံက တာဝန်ယူလည်ပတ်နေသည့်စက်ရုံဖြစ်ပြီး ဆိုလာစွမ်းအင်စနစ်ဖြင့် အစားထိုးသွားရန် စီစဉ်နေကြောင်း အင်ဒိုနီးရှားအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"Suralaya ဓာတ်အားပေးစက်ရုံဟာ အင်ဒိုနီးရှားနိုင်ငံရဲ့ အကြီးမားဆုံးသော ကျောက်မီးသွေးလောင်စာသုံး ဓာတ်အားပေးစက်ရုံတွေထဲမှာ ပါဝင်ပါတယ်။ ဒီစက်ရုံကိုသာ ပိတ်သိမ်းနိုင်မယ်ဆိုရင်တော့ အင်ဒိုနီးရှားနိုင်ငံရဲ့ လေထုညစ်ညမ်းမှုပြဿနာကို ထိထိရောက်ရောက် ကာကွယ်နိုင်မှာဖြစ်ပါတယ်။ ပိတ်သိမ်းနိုင်ဖို့အတွက်လဲ ဆောင်ရွက်နေပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ အရေးကြီးတဲ့ ထုတ်ပြန်ချက်ကို မကြာခင်မှာ ထုတ်ပြန်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒီစက်ရုံကြောင့် ဂျကာတာမှာ လေထုညစ်ညမ်းမှုတွေဖြစ်ပေါ်နေတဲ့အတွက် ပြည်သူတွေကလဲ ဆန္ဒထုတ်ဖော်နေကြတယ်။ ပြည်သူတွေရဲ့ဆန္ဒအတိုင်း လုပ်ဆောင်ပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု PT Perusahaan Listrik Negara (PLN)စက်ရုံမှ ပြောရေးဆိုခွင့်ရှိသူ လူဟက်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့တော်၏ ယခုနှစ် ခုနစ်လအတွင်း လေထုညစ်ညမ်းမှု ယခင်နှစ်ကာလတူထက် မြင့်တက်လာ

အစ္စတန်ဘူလ် ဩဂုတ် ၂၂

တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့တော်၏ လေထုညစ်ညမ်းမှုသည် ယခုနှစ် ခုနစ်လတာကာလအတွင်း သုတေသနပြုချက်များအရ ယခင်နှစ် ကာလတူထက် လေထုညစ်ညမ်းမှု မြင့်တက်လာကြောင်း သုတေသနပညာရှင်များက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအတွင်း အစ္စတန်ဘူလ်မြို့တော်၏လေထုအတွင်း အမှုန်အမွှားပါဝင်မှုသည် တစ်ကုဗမီတာလျှင် ၃၅ ဒသမ ၅၅ မိုက်ခရိုဂရမ် ပါဝင်ရာမှ ၂၀၂၄ ခုနှစ် ကာလတူတွင် တစ်ကုဗမီတာလျှင် အမှုန်အမွှား ၄၀ ဒသမ ၆၁ မိုက်ခရိုဂရမ်ထိ ပါဝင်လျက်ရှိကြောင်း ထုတ်ပြန်ချက်များအရ သိရသည်။

လေထုညစ်ညမ်းမှု မြင့်တက်လာခြင်းမှာ မြို့တော်အတွင်း ကားအသွားအလာ ထူထပ်ခြင်း၊ စက်မှုလုပ်ငန်းများနှင့် အပူချိန်မြင့်တက်မှုနှင့် ဆက်စပ်သော မိုးလေဝသဆိုင်ရာ အခြေအနေများကြောင့် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေခြင်းဖြစ်ကြောင်း သုတေသနအဖွဲ့ ခေါင်းဆောင် ပါမောက္ခဒေါက်တာ ဟူစိန်တိုရော့စ်က ပြောကြားခဲ့သည်။



"အစ္စတန်ဘူလ်မြို့ရဲ့ ယာဉ်ကြောပိတ်ဆို့မှုက ပိုဆိုးလာပြီး လမ်းတွေမှာ ကားတွေပိတ်ဆို့နေတာကြောင့် ဓာတ်ငွေ့ထုတ်လွှတ်မှုနဲ့ လေထုညစ်ညမ်းမှုက ပိုဆိုးလာတာပါ။ အဲဒါကိုဖြေရှင်းဖို့ဆိုရင် လမ်းတွေပေါ်အသုံးပြုနေတဲ့ ကားအစီးရေလျှော့သွားဖို့လိုအပ်သလို အများသူငါအသုံးပြုတဲ့ယာဉ်တွေကို အများဆုံးအသုံးပြုဖို့ လိုအပ်ပါတယ်"ဟု ဟူစိန်တိုရော့စ်က ပြောကြားခဲ့သည်။

အစ္စတန်ဘူလ်မြို့တော်အတွင်း လေထုညစ်ညမ်းမှုကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ၊နှလုံးသွေးကြောနှင့်အာရုံကြောဆိုင်ရာ ရောဂါများကိုပင် ဖြစ်စေနိုင်ကြောင်း ဟူစိန်တိုရော့စ်က သတိပေးပြောကြားခဲ့သည်။

Ref : Russia Today

Trs : AZH

# အိန္ဒိယတွင် ရေဘေးအန္တရာယ်ကာကွယ်ရေးအတွက် ကန်ဒေါ်လာ သန်း ၃၀၀ အသုံးပြုမည်

နယူးဒေလီ ဩဂုတ် ၂၂

အိန္ဒိယနိုင်ငံတွင် ရေဘေးအန္တရာယ် ကာကွယ်ရေးအတွက် စီမံချက်များဖြင့် ဆောင်ရွက်သွားရန် ပြင်ဆင်လာပြီး အမေရိကန်ဒေါ်လာသန်း ၃၀၀ ထိ အသုံးပြုသွားမည်ဖြစ်ကြောင်း အိန္ဒိယအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အိန္ဒိယနိုင်ငံတွင် ရေဘေးအန္တရာယ်ဖြင့် အဓိကရင်ဆိုင်နေရသည့်ဒေသများမှာ မွမ်ဘိုင်းမြို့၊ ချင်နိုင်းမြို့နှင့် ဘင်ဂါလူရူမြို့တို့ဖြစ်ပြီး ၎င်းဒေသများတွင် ရေဘေးအန္တရာယ် ကာကွယ်ရေးအတွက် ငွေကြေးသုံးစွဲကာပြည်သူများ သဘာဝဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရမှု လျော့ပါးစေရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အိန္ဒိယအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မိုးရာသီကာလရောက်တိုင်းမှာ အဓိကနေရာတွေမှာ ရေဘေးအန္တရာယ်တွေနဲ့ ဆိုးဆိုးရွားရွား ရင်ဆိုင်နေရတယ်။ ဒီပြဿနာကို ဖြေရှင်းဖို့အတွက် အရေးကြီးဆုံး ခြေလှမ်းဖြစ်တဲ့ ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အစီအစဉ်အတွက် အမေရိကန်ဒေါ်လာသန်း ၃၀၀ ထိ အသုံးပြုသွားမှာဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့လဲ ထိရောက်တဲ့ ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအစီအစဉ်တွေလိုအပ်နေပါတယ်။ ရေရှည်စီမံကိန်းတွေနဲ့ ဆောင်ရွက်သွားဖို့လိုအပ်ပါတယ်"ဟု National Disaster Management Authority မှ ပြောရေးဆိုခွင့်ရှိသူ ဗက်ဆာကပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံအနေဖြင့် မိုးရာသီကာလရောက်တိုင်း ဆိုးရွားသည့် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရသကဲ့သို့ လူသေဆုံးမှုများလည်းရှိနေသည့်အတွက်ကြောင့် ရေဘေးအန္တရာယ်နှင့်ပတ်သက်ပြီး ပြည်သူများ၏လုံခြုံမှု မထိခိုက်စေရေးအတွက် ငွေကြေးသုံးစွဲသွားရန် စီစဉ်လာခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : Sai Sat

# အိန္ဒိယနိုင်ငံ အရှေ့ဆစ်ကင်းပြည်နယ်တွင် မြေပြိုမှုကြောင့် ၅၁၀ မဂ္ဂါဝပ် တက်စ်တာဗွီ ရေအားလျှပ်စစ်စက်ရုံ ပျက်စီးမှုဖြစ်ပေါ်ခဲ့

နယူးဒေလီ ဩဂုတ် ၂၂

အိန္ဒိယနိုင်ငံ အရှေ့ဆစ်ကင်းပြည်နယ်တွင် မြေပြိုမှုကြောင့် ၅၁၀ မဂ္ဂါဝပ် တက်စ်တာဗွီရေအားလျှပ်စစ်စက်ရုံ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အိန္ဒိယ အမျိုးသားရေအားလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းကပိုင်ဆိုင်သည့် တက်စ်တာဗွီ ရေအားလျှပ်စစ်စက်ရုံသည် ဂျန်တော့ခရိုင် ဆင်းတန်မြို့အနီး တက်စ်တာမြစ်ပေါ်တွင် တည်ဆောက်ထားပြီး ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက မြေပြိုမှုဖြစ်ပွားခဲ့ရာ ဓာတ်အားပေးစက်ရုံပြင်းထန်စွာ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါ တက်စ်တာဗွီရေအားလျှပ်စစ်စက်ရုံသည် ၂၀၂၃ ခုနှစ်ကလည်း ရေခဲကန်များအရည်ပျော်မှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားပြီး ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကာ ၁၂၀၀ မဂ္ဂါဝပ် တက်စ်တာ ၃ ရေကာတာသည်လည်း ရေလွှမ်းမိုးမှုအတွင်း ပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေရဆဲဖြစ်ကြောင်း သိရသည်။

မြေပြိုမှုနှင့်ပတ်သက်၍ ကွင်းဆင်းလေ့လာမှုများဆောင်ရွက်ရန် သတ္တုတွင်းနှင့် ဘူမိဗေဒဌာနမှ အဖွဲ့တစ်ဖွဲ့နှင့် နယူးဒေလီမြို့မှ နည်းပညာအဖွဲ့တစ်ဖွဲ့တို့ပူးပေါင်းပြီး ပျက်စီးဆုံးရှုံးမှုများကို အကဲဖြတ်ရန်နှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် ဆန်းစစ်ရန် ပူးပေါင်းအဖွဲ့တစ်ဖွဲ့ကို သက်ဆိုင်ရာ အာဏာပိုင်များက စေလွှတ်ထားကြောင်း ဂျန်တော့ခရိုင်မှ သတ္တုတွင်းနှင့် ဘူမိဗေဒ အချက်အလက် စုဆောင်းရေးအရာရှိတစ်ဦးဖြစ်သူ တူရှာဂျိနီကာရီက ပြောကြားသွားခဲ့ကြောင်း သိရသည်။

တက်စ်တာဗွီရေအားလျှပ်စစ်စက်ရုံမှ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ၂၅၇၃ ဂီဂါဝပ် ထုတ်လုပ်ပေးလျက်ရှိကြောင်း တာဝန်ရှိသူများ၏ ထုတ်ပြန်ချက်များအရ သိရသည်။

Ref : Xinhua News

Trs : AZH

# အိုင်ယာလန်နိုင်ငံသို့ အန်နက်စတို ဟာရီကိန်းမုန်တိုင်း တိုက်ခတ်ဖွယ်ရှိ

ဒပ်ဗ်လင် ဩဂုတ် ၂၂

အန်နက်စတိုဟု အမည်ပေးထားသော ဟာရီကိန်းမုန်တိုင်းသည် ကာရေဘီယံဒေသများသို့ တိုက်ခတ်ခဲ့ပြီးနောက် လာမည့်ရက်ပိုင်းအတွင်း အိုင်ယာလန်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေကြောင်း အိုင်ယာလန်နိုင်ငံအခြေစိုက် Met Eireannအဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အိုင်ယာလန်နိုင်ငံတွင် မုန်တိုင်းအန္တရာယ်နှင့်ပတ်သက်ပြီး အဝါရောင်သတိပေးချက် ထုတ်ပြန်ထားကာ တာဝန်ရှိသူများက မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအစဉ်များ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

"လာမဲ့ရက်ပိုင်းအတွင်း အန်နက်စတိုဟာရီကိန်းမုန်တိုင်း ဝင်ရောက်ဖို့ရှိပါတယ်။ အန်နက်စတို ဟာရီကိန်းမုန်တိုင်းဆိုပေမဲ့လဲ နောက်ဆက်တွဲ မုန်တိုင်းမျိုးသာဖြစ်ပါတယ်။ ဒါပေမဲ့ မုန်တိုင်းအားကောင်းနိုင်သလို မုန်တိုင်းဝင်ရောက်မဲ့ လက္ခဏာတွေမှာလဲ တော်တော်လေးအန္တရာယ်များတယ်။ လေတိုက်နှုန်းတွေမြင့်မားနိုင်သလို မိုးသည်းထန်စွာရွာသွန်းနိုင်ပါတယ်။ မုန်တိုင်းအန္တရာယ်နဲ့ပတ်သက်ပြီးတော့ အဝါရောင်သတိပေးအဆင့် သတ်မှတ်ထားပါတယ်"ဟု Met Eireannအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ မီချဲလ်လီက ပြောကြားသွားခဲ့သည်။

အန်နက်စတို ဟာရီကိန်းမုန်တိုင်းသည် ကြိုတင်ခန့်မှန်းချက်များအရ မာယိုကောင်တီ၊ ဂယ်ဝေးကောင်တီဘက်ခြမ်းသို့ ကနဦးတိုက်ခတ်လာဖွယ်ရှိနေပြီး မာယိုကောင်တီနှင့် ဂယ်ဝေးကောင်တီတို့ကို အဝါရောင်သတိပေးအဆင့် သတ်မှတ်ထားကြောင်း၊ အန်နက်စတိုမုန်တိုင်း ဝင်ရောက်မည့် အခြေအနေကြောင့် အိုင်ယာလန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းနေပြီး လေတိုက်နှုန်းသည်လည်း မြင့်မားလျက်ရှိကြောင်း သိရသည်။


Ref : Russia Today

Trs : Sai Sat

ဝတ္ထုတိုကဏ္ဍ

# လမိုက်ည သန်းခေါင်ယံ

ထွန်းလှိုင်(မြိုင်)



“ဒေါင် ဒေါင် ဒေါင် ဒေါင်”

အဆက်မပြတ် သံချောင်းခေါက်သံများ ကြားနေရသည်။ စိန်အောင်မင်း အိပ်ရာမှလူးလဲထလိုက်သည်။ ညက ထန်းတောနီးချင်း စိန်ဖေနှင့် ပင်ကျရည်သောက်ကြတော့ အမြည်းကတော့ ပဲကြီးလှော်၊ ထန်းရည်နှစ်အိုးကုန်သွားပြီး ထမင်းလွတ်သွားသည်။ နှစ်ဦးသား ထွေရာလေးပါးပြောရင်းနှင့် ည ၁၀ နာရီလောက်မှ အိပ်ဖြစ်သည်။ ထန်းပင်တက်ရတာ ပင်ပန်း၊ ဒီကြားထဲ ဇနီးဖြစ်သူ မြချစ်က ကလေးငယ်သေးလို့ အလုပ်ကို မည်မည်ရရမလုပ်နိုင်။ ကိုယ်တိုင် ထန်းတက်၊ ကိုယ်တိုင်မြူအိုး(ထန်းရည်ခံသောအိုး)ကောက် လုပ်ခဲ့ရတာမို့ ပင်ပန်းတာရယ်၊ ပင်ကျရေ တန်ခိုးရယ် ပေါင်းလိုက်တော့ ခေါင်းအုံးမပါ၊ စောင်မပါ ဖျာပေါ် အိပ်ပျော်သွားလိုက်တာ သံချောင်းခေါက်သံကြားမှ နိုးတော့သည်။ အချိန်ကြည့်ဖို့ နာရီလည်းမရှိ။ ကြက်တွန်သံလည်း မကြားရ။ ထုံးစံအတိုင်း ကောင်းကင်ကို မော့ကြည့်လိုက်တော့ တွေ့ရပြီ။ ဘကြီးဘုန်းကြီးပြောတဲ့ ခုနစ်စဉ်ကြယ်အမြီးထောင်ပြီဆိုတဲ့ သန်းခေါင်ယံလောက်ရှိပြီ။

သံချောင်းအဆက်မပြတ်ခေါက်ရင်တော့ တစ်ခုခုပဲ။ မီးလောင်တာလား၊ အန္တရာယ်တစ်ခုခုများ တွေ့သလား။ နွားခိုးတဲ့ကိစ္စ တစ်ခုခုတော့ဖြစ်ရမယ်။ မီးမမြင်ရတဲ့အတွက် ဧကန္တထုံးစံအတိုင်း နွားခိုးတာပဲ ဖြစ်မည်။ သူတို့ရွာမှာ ရွာဓလေ့အရ သံချောင်း ဒေါင် ဒေါင် တစ်ချက်ချင်းခေါက်ရင် လူကြီးအိမ်မှာ လူစုတာ။ အဆက်မပြတ် သံချောင်းခေါက်ရင်တော့ အန္တရာယ်တစ်ခုခုကြုံပြီသာမှတ်။ စိန်အောင်မင်းလည်း အနီးရှိသောက်ရေအိုးထဲမှရေကို ရေမှုတ်နှင့်ခပ်ပြီး သုံးလေးခါလောက် ပလုတ်ကျင်းလိုက်တယ်။ ညရေးညတာ အသုံးပြုရန်ဆိုပြီး ပြီးခဲ့တဲ့ ဈေးနေ့က ထန်းလျက်ရောင်းကအပြန် သုံးဆစ်ထိုးဓာတ်မီးတစ်လက်ဝယ်ဖြစ်သည်။ ဓာတ်မီးယူပြီး ခုတင်ပေါ်မှာ အိပ်နေတဲ့ မြချစ်ကို ဓာတ်မီးထိုးကြည့်လိုက်သည်။ ဆံပင်ဖိုးရိုးဖားရား၊ ထမီက ကိုးရိုးကားရားနဲ့ အိပ်မောကျနေတဲ့ မြချစ်ကို တွေ့လိုက်ရသည်။ ငါးလသားအရွယ် သားကြီးအောင်မျိုးချစ်ကတော့ အမေ့ရဲ့ဗိုက်ပေါ်မှာ မှောက်လျက်၊ ညာဘက်နို့တစ်လုံးကို စို့ရင်း ဘယ်ဘက်က အမေကိုဖက်လျက် အိပ်ပျော်နေပြီ။

လက်နှိပ်ဓာတ်မီးဖြင့် စိန်အောင်မင်း သံချောင်းခေါက်ရာ ကျေးရွာဥက္ကဋ္ဌအိမ်ကို ကပျာကသီလာခဲ့သည်။ လေးငါးယောက် ရောက်နေပြီ။ တစ်ရွာလုံးဆိုရင် အိမ်ခြေ ၆၀ လောက်ရှိမည်။ သန်သန်မာမာ ယောကျ်ားသား အိမ်ဦးစီး ၄၀ လောက်ရှိသည်။

"မြောက်ပိုင်းက ဘကြီးထောင်ညိမ်းရဲ့နွား ခိုးသွားလို့တဲ့။ နှစ်ကောင်စလုံး ပြောတယ်။ သွေးတူမွေးတူ နွားပြာနီတစ်ရှဉ်းပဲ။ နမြောစရာကွာ"

"တော်တော်ပိုင်တဲ့နွားသူခိုး"စသည့်တစ်ယောက်တစ်ပေါက်ပြောနေသည့်အသံများ ကြားနေရသည်။ ခဏကြာတော့ လူတော်တော်စုံလာပြီ။

"အဟမ်း အဟမ်း"

ဥက္ကဋ္ဌကြီး၏ ချောင်းဟန့်သံကြားရသည်။

"ကိုင်း နားထောင်ကြ။ တို့ရွာမြောက်ပိုင်းက ထောင်ညိမ်းရဲ့ နွားတစ်ရှဉ်း ခိုးသွားတယ်။ ည ၁၁ နာရီနဲ့ ၁၂ နာရီကြားလောက်ပဲ ဖြစ်မယ်။ နွားသေးနဲ့ နွားချေးက အစိုကြီးရှိသေးတယ်။ ထောင်ညိမ်းတရေးနိုးထကြည့်တော့ နွားမတွေ့တော့ဘူး။ အဲဒါ ချက်ချင်းလူစုပြီး နွားသူခိုးနောက်လိုက်ကြရမယ်။

ရွာသားများကလည်း မကြာခဏ နွားခိုးခံနေရတော့-

"လိုက်မယ်ဗျို့၊ လိုက်မယ်"

"ဒီသူခိုးတော့လား တွေ့ရင် နုပ်နုပ်စဉ်းပစ်လိုက်မယ်။ တော်တော်ဒုက္ခပေးတဲ့ နွားသူခိုးပဲ"

နွားသူခိုးများကို အပြတ်ရှင်းချင်သည့်အသံများ ကြားနေရသည်။ ဒီတော့ ဥက္ကဋ္ဌကြီးက-

"ကိုင်း ကိုင်း အခါတိုင်းလိုပဲ သန်းအောင်နဲ့ ဘချစ်က ရဲစခန်းသွားသတင်းပို့။ စိန်အောင်မင်းနဲ့ လူငယ် ၁၀ ယောက်လောက် နွားသူခိုးနောက်ခြေရာခံလိုက်ရမယ်။ ခင်ရွှေ၊ မောင်မြင့်၊ သန်းစိန်တို့က အရင် နွားသူခိုးသွားနေကျလမ်းကို ဖြတ်လမ်းက ကြိုလိုက်ကွာ။ ထောင်ညိမ်းက ခြေရာခံလိုက်ဖို့ မီးတုတ်လေးငါးခုလောက်လုပ်ထားဟေ့။ အားလုံး ငှက်ကြီးတောင်ဓား၊ ဝါးရင်းတုတ်၊ လေးခွတွေ ယူသွားကြ။ နွားသူခိုးနောက်လိုက်တယ်ဆိုတာ ဘယ်အချိန်ရောက်လို့ ဘယ်အချိန်စားရမလဲ မသိဘူး။ ထောင်ညိမ်းမင်းမိန်းမကို ပြောလိုက်၊ မုန့်၊ ထန်းလျက်၊ ပဲလှော်၊ ဆေးလိပ်၊ ကွမ်းယာတွေ အပြည့်အစုံဝယ်ပေးလိုက်လို့။ အသက်ကြီးတဲ့ သာထွားရယ်၊ အောင်ဖေရယ်၊ လူဝရယ်၊ ငါတို့ရယ် ရွာလုံခြုံရေး တာဝန်ယူထားမယ်"ဆိုပြီး စီမံခန့်ခွဲပေးလိုက်သည်။

အခုလို လမိုက်ညတွေမှာ နွားခိုးလေ့ခိုးထရှိပါသည်။ ၁၂ နာရီပတ်ဝန်းကျင် လဝင်တဲ့အချိန်၊ ဘယ်သူမှမမြင်တဲ့အချိန် လွတ်လပ်စွာနွားကိုမောင်းနှင်သွားရန်လွယ်ကူသည်။ ဘယ်သူမဆို တစ်ရေးတစ်မောအိပ်မောကျချိန်ရှိသည်။ ကျေးရွာမှာရှိတဲ့ တောင်သူများအနေနှင့် ပိုလို့တောင်အိပ်မောကျမည်။ တစ်နေကုန် တောင်သူလုပ်ငန်း၊ ထန်းတက်၊ ထင်းခုတ်၊ ပင်ပန်းကြတာကိုး။ ညရောက်ရင်တော့ ဖျာနဲ့ ခေါင်းထိတာနဲ့ တစ်ရေးအိပ်တော့ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်လေ့ရှိသည်။ အခုလည်း ကိုထောင်ညိမ်းက နေ့ဘက်ထန်းတက်သည်။ ပြန်လာတော့ အပင်ပန်းခံဆိုပြီး ပင်ကျရေလေးကလည်း မှီဝဲလိုက်သေး။ ညဘက်တစ်ရေးနိုး အိပ်မောကျချိန် ခိုးသွားတာဖြစ်ပုံရသည်။ ခါတိုင်းဟောင်နေကျခွေးလည်း ဟောင်သံမကြားရ။ တချို့ကျတော့ သူခိုး“ခွေးပြီးတယ်”လို့ ပြောကြသည်။ အမှန်တော့ သူခိုးရဲ့ လိမ္မာပါးနပ်မှုပဲဖြစ်သည်။

နွားသူခိုးဟာ နွားခိုးတော့မယ်ဆိုရင် အနည်းဆုံး ကြံဖော်ကြံဖက် သုံးဦးနှင့်အထက်ရှိပါသည်။ လွယ်အိတ်ကိုယ်စီပါပြီး လေးခွ၊ ဓားမြှောင်တစ်ချောင်း၊ နွားချည်ကြိုးနှစ်ချောင်းနှင့် သံချွန်တပ်ထားတဲ့ နှင်တံတစ်ချောင်းပါပြီး နေ့ခင်းဘက်ကတည်းကလာရောက်ပြီး နွားဝယ်သလိုလို၊ နွားပွဲစားလိုလိုနဲ့ တစ်ရွာဝင်တစ်ရွာထွက် သွားလေ့ရှိသည်။ တစ်ခါတလေကျတော့လည်း ရွာခံလက်ထောက်ချလို့ နွားခိုးခံရတာလည်းရှိသည်။ ဒီလိုနဲ့ အခြေအနေပေးသလို လှည့်လည်ခိုးလေ့ရှိသည်။ ပါလာတဲ့ဓားမြှောင်ကတော့ နွားကြိုးဖြည်တဲ့အခါခက်ရင်ဖြတ်ပြီး ပါလာတဲ့ကြိုးနဲ့ လဲချည်ဖို့နဲ့ကာကွယ်ဖို့။ သံချွန်တပ်ထားတဲ့ နှင်တံကတော့ နွားခိုးရပြီဆို နွားတင်ပါးကို သံချွန်တို့ပြီး တစ်နာရီလေးမိုင်လောက် ခရီးပေါက်အောင် ဒုန်းစိုင်းမောင်းသည်။ ပါလာတဲ့ကြံဖော်ကြံဖက်ကတော့ နွားခိုးဖြတ်စဉ် စောင့်ကြည့်ကူညီဖို့နဲ့ တစ်ယောက်လမ်းခုလတ်မှာစောင့်ခိုင်းပြီး လူလဲနဲ့ နွားမောင်းဖို့ပဲဖြစ်သည်။ လေးခွကတော့ လိုက်ဖမ်းတဲ့သူတွေနဲ့ တိုးရင်ခံပစ်မည်။ ဒါမှမဟုတ် ငှက်ပစ်သလို ဟန်ဆောင်နေဖို့ပဲဖြစ်ပါသည်။ အတော်များများ နွားသူခိုးတွေက ခွေးကျွေးဖို့ ထန်းလျက်တွေ၊ အသားတုံးတွေယူလာပြီး ကြိုတင်ပစ်ချထားသည်။ တချို့ခွေးတွေကတော့ အိပ်မောကျနေသည်။ အဓိကသိရှိရတာကတော့ သူခိုးဟာ ခြေသံမကြားအောင်သွားနိုင်တဲ့ အလေ့အကျင့်နဲ့ လျင်မြန်ဖျတ်လတ်တဲ့အကျင့်ရှိနေတာပဲ။ သူခိုးလက်ထဲ နွားရောက်သွားပြီဆိုတော့ အနည်းဆုံး တစ်နာရီ၊ နှစ်နာရီကြာပြီးရင် နွားကို ဆုံးဖို့သာ ပြင်ပေတော့။ ဒါမှမဟုတ် အိမ်ရှင်က သိသွားတယ်ဖြစ်စေ၊ နောက်ကလိုက်တဲ့အဖွဲ့ နီးကပ်လာသည်ဖြစ်စေ ခိုးသွားတဲ့နွားတွေကို လွှတ်ပစ်ခဲ့ပါသည်။ နွားပိုင်ရှင်တွေကလည်း နွားပြန်ရပြီဆိုပြီး သူခိုးနောက် ဆက်မလိုက်တော့ပါဘူး။ ဒါက နွားသူခိုးတို့ရဲ့ သဘာဝပါ။ သူကြီးခေတ်တွေတုန်းက အပိုင်နယ်စခန်းကို "တစ်မှောင်"ကို ဘယ်လောက်ဆိုပြီး နွားသူခိုးက လာဘ်ထိုးရပါတယ်။ "တစ်မှောင်"ဆိုတာကတော့ ညလမိုက်ညတစ်ညကို ဆိုလိုတာပါ။ အပိုင်စခန်းနယ်မြေတွင် နွားမခိုးပါ။ အခြားမြို့နယ်ပိုင်း အခြားစခန်းနယ်မြေထဲမှ နွားများကိုပဲ နွားခိုးလေ့ရှိကြသည်။ တစ်ခါတလေ အပိုင်ရဲစခန်းနဲ့ညှိနှိုင်း၊ မလွှတ်သာရင် နွားကို ပြန်ရွေးရတာလည်းရှိပါသည်။ အဲဒီခေတ်က နွားတစ်ကောင် ကျပ် ၂၀၀၀၀ ပတ်ဝန်းကျင်ရှိရင် အနည်းဆုံးစရိတ်စကကပါ တွက်ချက်လျှင် ပြန်ရွေးက ကျပ် ၁၅၀၀၀ ကုန်ကျသွားတဲ့ နွားပိုင်ရှင်တွေလည်း ရှိဖူးပါသည်။

နွားခိုးလိုက်အဖွဲ့က ခြေရာကောက်ပြီး အနီးဆုံးရွာမှာ နွားခြေရာပျောက်သွားရင် အဲဒီရွာက ခြေရာလက်ခံပေးရတယ်။ ခြေရာခံမပေးရင်တော့ အဲဒီရွာက လူကြီးက နွားပြန်ရရေး သို့မဟုတ် နွားရွေးဖို့ ငွေများညှိနှိုင်းပေးရသည်။ နွားခြေရာဖျောက်တဲ့နည်းလည်းရှိပါသည်။ မိမိရွာမရောက်ခင်မှာ နွားကို တခြားရွာရောက်သွားတဲ့ဟန် သို့မဟုတ် နွားခြေရာမတွေ့ပေမဲ့ အဲဒီခြေရာတွေပေါ်မှာ ဆိတ်အုပ်၊ နွားအုပ်ဖြတ်မောင်းခိုင်းတဲ့ ခြေရာဖျောက်တာလည်း ရှိပါသည်။ ဒါဆိုရင်တော့ အဲဒီအနီးတစ်ဝိုက် ချောင်ကြိုချောင်ကြား ဆူးချုံတွေကြားထဲမှာ ခိုးလာတဲ့နွားကို ဝှက်ထားလေ့ရှိပြီး သူခိုးကတော့ မနီးမဝေးသစ်ပင်မှာ တက်ပြီးချောင်းလေ့ရှိသည်။ နွားခြေရာခံသူတွေ နွားကိုတွေ့ရင် နွားကိုဖြုတ်ယူသွား၊ မတွေ့လို့ကတော့ ညဘက်မှာ အမဲပေါ် လက်စဖျောက်လေ့ရှိသည်။ နွားခိုးတဲ့ဓလေ့ရှိတဲ့ကျေးရွာတွေမှာဆိုရင် နွားသူခိုးအချင်းချင်း အမဲသားဈေးငှားစားပြီး ဒီတစ်မှောင်တို့အလှည့်ကျမှ ပြန်ဆပ်မယ်ဆိုပြီး စနောက်လေ့ရှိပါသည်။

နွားပိုင်ရှင်များအနေနှင့်လည်း မိမိနွားအခိုးမခံရအောင် စနစ်တကျနွားတင်းကုပ်ဆောက်ပြီး လူစောင့်အိပ်လေ့ရှိသည်။ နွားတင်းကုပ် မဆောက်နိုင်သူများ အနေနဲ့လည်း အိမ်အောက်မှာနွားထားပြီး ဝါးထရံကာထားလေ့ရှိသည်။ ဆူးကာထားတဲ့ ခြံတွေနဲ့လည်း ထားလေ့ရှိသည်။ တချို့ကျတော့ နွားခိုးခံရမှာကြောက်တော့ နွားလက်ကိုင်ကြိုးကို ခြေထောက်နဲ့ချည်ပြီးအိပ်ကြသည်။ အဲဒီတော့ကြိုးကို မဖြုတ်တော့ပါဘူး။ နွားရဲ့နဖားကြိုးမှာချည်ထားတဲ့ လက်ကိုင်ကြိုးကို ဓားမြှောင်နဲ့ဖြတ်ပြီး ပါလာတဲ့ကြိုးနဲ့ ပြောင်းချည်ကာ မောင်းလေ့ရှိပါသည်။ တချို့နွားပိုင်ရှင်တွေကတော့ နွားတင်းကုပ်၊ အပေါက်၊ အိမ်အောက်ထပ်၊ ကာရံထားတဲ့အပေါက်၊ နွားဝင်နွားထွက်အပေါက်ကို ခုတင်တန်းလျားချပြီး ပိုင်ရှင်ကိုယ်တိုင် အိပ်စောင့်လေ့ရှိပါသည်။ စိန်အောင်မင်းတို့ သရက်ပင်ရွာမှာဆိုရင် မကြာခဏနွားခိုးခံရလေ့ရှိပါသည်။ တစ်နှစ်ကို လေးငါးခါလောက် နွားခိုးလိုက်ရသည်။ ပြန်ရတာလည်း ရှိသည်။ မရတာလည်း ရှိသည်။ ဆက်တိုက်ခိုးလေ့မရှိပါဘူး။ မှေ့လောက်မှ တစ်ချီတစ်ချီ ခိုးတာဗျို့။

စာမျက်နှာ ၂၅ သို့ ➤

# ဖောင်းပြင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၃၁၉၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မော်လိုက် ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၃၁၉၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၅၄၅၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ်ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၃၁၉၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဖောင်းပြင်မြို့နယ်မှာ စပါးဧက ၅၀၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးတွေ သတ်မှတ်လျာထားဧကပြည့်မီအောင် လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးနေတယ်။ တောင်သူတွေအနေနဲ့ စပါးတွေအချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဖောင်းပြင်မြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး အသိပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်း ကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေသြဇာစနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# သန်လျင်မြို့နယ် ရွာသစ်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သန်လျင် ဩဂုတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သန်လျင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဗိုလ်ချုပ်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ(VRFP)စီမံကိန်း မတည်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ သန်လျင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်မြတ်မော်က ကျေးရွာမတည်ရန်ပုံငွေ(VRFP)စီမံကိန်း ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၃၅၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရွာသစ်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၇ ဦးကို ရန်ပုံငွေကျပ် သိန်း ၃၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ချိုသန်းညွန့်**

➤ **စာမျက်နှာ ၂၄ မှအဆက်**

ရွာထဲမှာဆိုရင် ဘကြီးထောင်ညိမ်းက နွားကောင်းကိုင်တဲ့လူဖြစ်သည်။ အရိပ်တကြည့်ကြည့်နဲ့ နွားကို အစာမစားစားအောင် ပဲဖတ်၊ နှမ်းဖတ်များကို အစာကြမ်းနဲ့ မွှေနှောက်ကျွေးလေ့ရှိပါသည်။ ဒီအနီးအနားတစ်ဝိုက်မှာတော့ အချောဆုံး၊ အဝဆုံး နွားတစ်ရှဉ်းပေါ့လေ။ ယုတ်စွအဆုံးမရရတာခိုးမယ်ဆိုရင်တောင် နွားပိန်တို့၊ နွားမတို့ စဉ်းစားပါသေးတယ်။ ဘာကြောင့်လဲဆိုရင် ခိုးသွားတဲ့အခါ ဒုန်းစိုင်းမောင်းဖို့မဖြစ်တာရယ်။ အဓိကကတော့ နွားဝဖြိုးမှ အမဲသားများများထွက်မှာဖြစ်လို့ ဦးစားပေးခိုးလေ့ရှိပါသည်။

အခုလည်း ဘကြီးထောင်ညိမ်းဟာ နွားတင်းကုပ်နဲ့ထားပြီး တင်းကုပ်ပေါက်ဝမှာ ခုတင်နဲ့ချပြီး အိပ်တာပါ။ နွားသူခိုးက ခုတင်မရွှေ့ပြီး ခိုးသွားတာ။ အဲဒါကြောင့် လူတိုင်းဟာ တစ်ရေးတော့အိပ်ပျော်သွားလေ့ရှိကြပါသည်။ နွားသူခိုးက အဲဒီလူတွေရဲ့ အိပ်မောကျတဲ့အချိန်ကို သိနေပါသည်။ မှတ်မိ သရွေ့ကတော့ နွားခိုးစဉ် ပိုင်ရှင်နဲ့ သူခိုးပက်ပင်းတိုးမိတာ မရှိသလောက်ရှားပါသည်။

စိန်အောင်မင်းလည်း အိမ်ပြန်ရောက်ရောက်ချင်း မြချစ်ကို နှိုးလိုက်သည်။ မြချစ် ကမူးရှူးထိုးထပြီး ထိုင်သည်။

“ရွာမြောက်ပိုင်းက ဘကြီးထောင်ညိမ်း နွားတစ်ရှဉ်း ခိုးခံလိုက်ရတယ်။ အဲဒါ ထုံးစံအတိုင်းလိုက်ရမယ်။ တစ်ညအိပ်လောက် ကြာချင်ကြာမယ်။ အိမ်က ထန်းပင်ကို ပေါက်စ ကူတက်ခိုင်းလိုက်ပါ”

မြချစ်က ဖယောင်းတိုင်ထွန်းရင်း–

"ဟယ် နွားတွေက လှကလှ၊ ဝကဝနဲ့ နှမြောစရာကြီး"

"အဲဒါကြောင့် ပြောတာပေါ့ မြချစ်ရဲ့ အိပ်ရင် နိုးနိုးကြားကြား အိပ်ရမယ်။ အခုတော့ ဥက္ကဋ္ဌအိမ်က ပြန်လာတာတောင် မသိလိုက်ဘူး။ မနည်းနှိုးယူရတယ်"

"တော်ကလဲ ကျုပ်က ကလေးတစ်ဖက်နဲ့ နေ့လယ်ထန်းလျက်ကျိုရသေးတယ်။ အိမ်ဝေယျာဝစ္စကလဲလုပ်ရတော့ ပင်ပန်းတော့ အိပ်ပျော်သွားတာပေါ့တော်"

စိန်အောင်မင်း ဘာမျှပြန်မပြော။ နွားခိုးလိုက်ရာမှာ ယူရမဲ့ပစ္စည်းများရှာဖွေနေပြီး လေးခွ၊ လောက်စလုံး၊ လက်နှိပ်ဓာတ်မီးကို လွယ်အိတ်ထဲထည့်ပြီး ငှက်ကြီးတောင်ဓားကို လွယ်လိုက်သည်။

"ကိုင်း ကိုင်း ငါသွားမယ် မြချစ်။ ကလေးကို ဂရုစိုက်နော်။ နွားသိုးလေးလဲ သေချာဂရုစိုက် ကြိုးပြတ်သွားအုံးမယ်"

"ဟုတ်ကဲ့ပါတော်။ တော်လဲ ဂရုစိုက်သွား။ နေအုံး နေအုံး အန္တရာယ်ကင်းအောင် ဘုရားကန်တော့အုံးလေ။ ပြီးတော့ မေတ္တာပို့. လိုလိုမည်မည် အဝတ်တစ်စုံလဲ ယူသွားပါ"

"အေးပါ အေးပါ"

ပြောပြောဆိုဆို စိန်အောင်မင်း ဘုရားကန်တော့ပြီး လူစုတဲ့နေရာကို ခပ်သွက်သွက်ထွက်လာခဲ့သည်။ လူစုံနေပြီ။ မီးတုတ်တွေနဲ့ ခြေရာခပ်မြန်မြန်ခံပြီး နွားသူခိုးနောက်လိုက်နေကြသည်။ ရှေ့ဖြတ်လမ်းကစောင့်မဲ့ ခင်ရွှေတို့အဖွဲ့လည်း မပြေးရုံးတမယ် သွားနေကြပြီ။ အပိုင်ရဲစခန်းကိုသတင်းပို့တဲ့ သန်းအောင်အဖွဲ့က ခြေမြန်တော်တွေဆိုတော့ မကြာခင်ပဲ ရောက်သွားမည်။

"စခန်းရောက်ရင်တော့ နယ်ထိန်းတပ်ကြပ်အောင်ညွန့်အဖွဲ့ သွားလောက်ပါပြီ။ တပ်ကြပ်အောင်ညွန့်ဟာ ဒီနယ်မှာတော့ အစစအရာရာအားကိုးရတယ်။ သတ္တိရှိတယ်။ လုပ်ရဲကိုင်ရဲတယ်။ နွားခိုးတဲ့ကိစ္စဆိုရင် ရဲလဲပင်ပန်း၊ ရွာသားတွေလဲပင်ပန်းတော့ နွားခိုးကိုတော့ တော်တော်မုန်းကြတယ်။ အရင်တစ်ခါတုန်းကလဲ တပ်ကြပ်အောင်ညွန့်လိုက်ပေးလို့ နွားပြန်ရဖူးတယ်။ အခုလဲ ဘကြီးထောင်ညိမ်းနွား ပြန်ရမှာပါဗျာ။ သိပ်လဲစိတ်မပူနဲ့"ဆိုကာ ခြေရာခံရာမှာ အတူပါလာတဲ့ ဘကြီးထောင်ညိမ်းကို စိန်အောင်မင်း ရှင်းပြနေတယ်။

**ဆက်လက်ဖော်ပြပါမည်။**

## မေတ္တာသည်သာ အေးချမ်းရာ

– မေတ္တာကို အခြေပြု
နေထိုင်မှု စတင်ပါ၊
ကိုယ်စိတ်တွင် သာယာအေး
ယဉ်ကျေးလို့လာ၊
အမုန်းကင်း ဘဝမှာ
အစဉ်သာ ပျော်မွေ့၊
အဖိုးတန် နှလုံးသားနဲ့
ခမ်းနားပါပေ့။

– မေတ္တာကို ပေးသူက
အနိုင်ရ ဘဝယ်၊
ရန်လိုကာ အငြိုးမထား
ရိုးသားလှမ်းရွှယ်၊
အေးချမ်းသော မေတ္တာရယ်
လက်ကိုင်ကွယ် ထာဝရ၊
လူဖြစ်ချိန် ဘဝလမ်း
ရွှင်လန်းလှပ။

– ရန်သူတောင် မေတ္တာထားတော့
အမုန်းများ လွင့်ပျောက်သည်၊
ကိုယ်ချင်းစာ မေတ္တာထုံးက
နှလုံးလှမည်၊
မေတ္တာပန်း မွေးရန့်ကြည်
သီကုံးညီ ကြည်နူး၊
တစ်ပါးသူ မေတ္တာပေးတော့
အေးချမ်းရွှင်မြူး။ ။

ဖြိုးထက်(ရေစကြို)

# ပခုက္ကူမြို့နယ် ကြားကျွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပခုက္ကူ ဩဂုတ် ၂၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ ကြားကျွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်ထွန်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကြားကျွန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှု ရှိ၊ မရှိ၊ လအလိုက်ပေးပို့ရသည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်းပေးသွင်းကြရန်၊ မိသားစုတစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ကြားကျွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်မှစတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် ကြားကျွန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၉ ဦးကို ရန်ပုံငွေကျပ် ၅၆ ဒသမ ၃ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ကိုညို

# အနောက်ပစိဖိတ်ဒေသတွင် စစ်ရေးအင်အားချည့်နဲ့လာသော အမေရိကန်

၂၀၂၄ ခုနှစ် ဩဂုတ် ၁၁ ရက်တွင် အမေရိကန် ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်းသည် USS Abraham Lincoln (CVN-72) နှင့် ၎င်း၏အစောင့် လိုက်တပ်ဖွဲ့များကို အနောက်ပစိဖိတ်ဒေသမှ အရှေ့အလယ်ပိုင်းဒေသသို့ အလျင်အမြန်ရွှေ့ပြောင်း တပ်ဖြန့်ချထားသွားရန် အမိန့်ပေးခဲ့သည်။ အရှေ့အလယ်ပိုင်းဒေသတွင် တင်းမာမှုများမြင့်တက်လာပြီး အထူးသဖြင့် အီရန်နိုင်ငံကအစ္စရေးနိုင်ငံအပေါ် လက်တုံ့ပြန်တိုက်ခိုက်လာနိုင်သဖြင့် ချက်ချင်း တပ်ဖြန့်ချထားသွားရန် အမိန့်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ မဟာဗျူဟာမြောက်အရွှေ့အပြောင်းသည် အရှေ့အလယ်ပိုင်းဒေသတွင် အမေရိကန်၏ တည်ရှိမှုမြှင့်တင်သွားရန် ရည်ရွယ်ထားဖွယ်ရာရှိသော်လည်း တောင်တရုတ်ပင်လယ်ပြင်နှင့် ထိုင်ဝမ်ရေလက်ကြားတွင်ဟန့်တားမှုစွမ်းဆောင်ရည်လစ်ဟာမှုဖြစ်ပေါ်လာစေမည်ဖြစ်သည်။ အမှန်တော့ အဆိုပါဒေသများတွင် အမေရိကန်၏စစ်ရေးဆိုင်ရာတည်ရှိမှုသည်လည်း အလားတူအရေးပါလျက်ရှိသည်။

အရှေ့အလယ်ပိုင်းဒေသသည် အမေရိကန် စစ်ဘက်၏ထိတွေ့ဆက်ဆံမှုတွင် ကာလရှည်ကြာ အရေးပါလျက်ရှိသော်လည်း အနောက်ပစိဖိတ်ဒေသတွင်လည်း တစ်ပြိုင်တည်းခိုင်မာအားကောင်းသောတပ်ဖွဲ့များ ဖြန့်ကြက်ထားရန်လိုအပ်သည်။ အထူးသဖြင့် တရုတ်နိုင်ငံအင်အားကြီးထွားလာခြင်းသည် အမေရိကန်တပ်ဖွဲ့အတွက် မကြုံဖူးသော ဝန်ထုပ်ဝန်ပိုးဖြစ်ပေါ်လာစေလျက်ရှိသည်။ Lincoln ကိုပြန်လည်တပ်ဖြန့်ချထားရခြင်းသည် ထိုအကျပ်အတည်းကိုထင်ဟပ်ပေါ်လွင်စေလျက်ရှိပြီး အမေရိကန်တပ်မတော်အတွက် ကြီးမားသောစိန်ခေါ်မှုဖြစ်ပေါ်လာစေလျက်ရှိသည်။ အထူးသဖြင့် မျက်နှာစာပေါင်းစုံတွင် ဟန့်တားမှုစွမ်းဆောင်ရည်ကာလရှည်ကြာထိန်းထားနိုင်ရေးအတွက် အခက်အခဲဖြစ်ပေါ်စေလျက်ရှိသည်။ အမေရိကန်အနေဖြင့် အရှေ့အလယ်ပိုင်းတင်းမာမှုများထိန်းချုပ်ရေးအတွက် စစ်ဘက်ဆိုင်ရာအရင်းအမြစ်များကို လမ်းကြောင်းပြောင်းရလျက်ရှိသောကြောင့် ပစိဖိတ်ဒေသတွင် လုံခြုံရေးဟာကွက်များဖြစ်ပေါ်လာခဲ့သည်။ အဆိုပါဒေသတွင် တရုတ်နိုင်ငံသည် ၎င်း၏ရေတပ်စွမ်းဆောင်ရည်များကို တဖြည်းဖြည်းတိုးချဲ့လာလျက်ရှိသည်။

တရုတ်နိုင်ငံ၏ စစ်ရေးဆိုင်ရာရည်မှန်းချက်များသည် သိသိသာသာတိုးတက်လာလျက်ရှိပြီး အထူးသဖြင့် ရေတပ်အဆင့်မြှင့်တင်မှုများ တိုးတက်လာခြင်းဖြစ်သည်။ တရုတ်နိုင်ငံသည် တတိယလေယာဉ်တင်သင်္ဘော Fujian တည်ဆောက်မှုကိုအလျင်အမြန်စမ်းသပ်လုပ်ဆောင်လျက်ရှိပြီး အပြည့်အဝလည်ပတ်သည့်အချိန်၌ ကမ္ဘာ့အကြီးမားဆုံးသမားရိုးကျလေယာဉ်တင်သင်္ဘောကြီး ဖြစ်လာမည်ဖြစ်သည်။ ယခင် လေယာဉ်တင်သင်္ဘောများနှင့်မတူညီသည့်အချက်မှာ Fujian သည်လေယာဉ်ပျံတက်မှုအထောက်အကူပြု အီလက်ထရိုမဂ္ဂနက်တစ်လောက်လွှဲစနစ်နှင့် လေယာဉ်ဖမ်းယူမှုကိရိယာများ ပါဝင်သောကြောင့် အမျိုးမျိုးသောတိုက်လေယာဉ်များ ပိုမိုထိရောက်စွာတာဝန်ထမ်းဆောင်နိုင်စေမည်ဖြစ်သည်။ ထိုသို့ ရေတပ်စွမ်းဆောင်ရည်အရှိန်အဟုန်ဖြင့် တိုးတက်လာခြင်းသည် အာရှ-ပစိဖိတ်ဒေသတွင် တရုတ်နိုင်ငံ၏အာဏာဖြန့်ကြက်မှုစွမ်းဆောင်ရည်ကို မြင့်တက်စေရုံအပြင် ထိုင်ဝမ်ရေလက်ကြားနှင့်တောင်တရုတ်ပင်လယ်ပြင်ပတ်ဝန်းကျင်တွင် အမေရိကန်၏လွှမ်းမိုးမှုအပေါ် ခြိမ်းခြောက်မှုဖြစ်ပေါ်စေမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် Fujian အပြင် ကမ္ဘာ့ပထမဆုံးသောဒရုန်းတင်သင်္ဘောကိုလည်း သုတေသနပြုတည်ဆောက်လျက်ရှိသည်။ ၎င်းသင်္ဘောသည် ဒရုန်းစစ်ဆင်ရေးအတွက် ပြုပြင်ပြောင်းလဲတည်ဆောက်ထားသည့် ဒီဇိုင်းပုံစံပင်ဖြစ်သည်။ အဆိုပါဒရုန်းတင်သင်္ဘောကို အီလက်ထရိုမဂ္ဂနက်တစ်လောက်လွှဲစနစ်တပ်ဆင်ထားရှိသောကြောင့် တရုတ်နိုင်ငံ၏ စစ်ဘက်ကိုခေတ်မီနည်းပညာဖြင့် အဆင့်မြှင့်တင်ရေးအစီအစဉ်ကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

စစ်ဘက်အဆင့်မြှင့်တင်မှုအစီအစဉ်၏ နောက်ကွယ်မှအဓိကအကြောင်းတရားသည် တရုတ်(တိုင်ပေ)ပြန်လည်ပေါင်းစည်းရေးဆိုသည့် တရုတ်နိုင်ငံ၏ရေရှည်မျှော်မှန်းချက်ပင်ဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် တရုတ်(တိုင်ပေ)ကို စစ်ရေးအရအရေးယူဆောင်ရွက်သွားဖွယ်ရာမရှိသော်လည်း ဒေသတွင်းအာဏာဟန်ချက်ထိန်းညှိနိုင်ရေးအတွက် ရေတပ်စွမ်းဆောင်ရည်တိုးချဲ့တည်ဆောက်နေခြင်းပင်ဖြစ်သည်။ တရုတ်နိုင်ငံ၏ ရေတပ်တည်ဆောက်မှုသည် အနောက်ပစိဖိတ်ဒေသတွင် အမေရိကန်လွှမ်းမိုးမှုအပေါ် သက်ရောက်မှုဖြစ်ပေါ်လာဖွယ်ရာရှိသည်။

Lincoln နေရာပြန်လည်ချထားမှုသည် အချိန်အခါကောင်းတော့မဟုတ်ချေ။ ဆယ်စုနှစ်တစ်ခုအတွင်းပထမဆုံးအနေဖြင့် အမေရိကန်ရေတပ်သည် ဂျပန်နိုင်ငံ ယိုကိုဆူကာတွင် တပ်ဖြန့်ချထားသောလေယာဉ်တင်သင်္ဘောကို ပြန်လည်ရုပ်သိမ်းလဲလှယ်ခဲ့ရသည်။ USS Ronald Reagan သည် ယခုနှစ်မေလတွင် ဂျပန်နိုင်ငံမှထွက်ခွာခဲ့ပြီး USS George Washington နှင့်အစားထိုးသွားမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် အမေရိကန်ရေတပ်ဖြန့်ကြက်ရေးခေတ္တလျှော့ချမှုကိုအခွင့်ကောင်းယူကာ တောင်တရုတ်ပင်လယ်ပြင်ကဲ့သို့သော အငြင်းပွားရေပိုင်နက်များတွင် ၎င်း၏လွှမ်းမိုးမှုတိုးမြှင့်လာနိုင်သည်။ တရုတ်စစ်ဘက်သည် ထိပ်တိုက်ရင်ဆိုင်မှုလုပ်ဆောင်သွားဖွယ်ရာမရှိသော်လည်း အမေရိကန်၏အပြောင်းအလဲကိုစိန်ခေါ်မှုအခွင့်အလမ်းများအဖြစ် အသုံးချသွားပြီးနောက်ဆုံးတွင် ဒေသတွင်း၌ အမေရိကန်၏ အင်အားတောင့်တင်းခိုင်မာမှု တဖြည်းဖြည်းလျော့ကျလာစေမည်ဖြစ်သည်။ အချိန်ကာလရွှေ့လျားလာသည်နှင့်အမျှ အမေရိကန်၏လွှမ်းမိုးမှုကျဆင်းလာသဖြင့် ဒေသတွင်းမဟာမိတ်များနှင့် မိတ်ဖက်များသည် အမေရိကန်၏လုံခြုံရေးဆိုင်ရာအာမခံချက်များအပေါ် မေးခွန်းထုတ်လာဖွယ်ရာရှိနေသည်။

ထို့ပြင် အနောက်ပစိဖိတ်ဒေသတွင် တရုတ်နိုင်ငံ၏ အင်အားကြီးထွားလာမှုသည် ရုရှားနှင့်နီးကပ်သော စစ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုနှင့် တိုက်ဆိုင်လျက်ရှိသည်။ နှစ်နိုင်ငံသည် အမေရိကန်နှင့် မဟာမိတ်နိုင်ငံများ၏ နယ်စပ်ဒေသများအနီးတွင် ရေတပ်နှင့်လေတပ်ဆိုင်ရာ ပူးတွဲစစ်ရေးလေ့ကျင့်မှုများလုပ်ဆောင်လျက်ရှိသောကြောင့် အနောက်အုပ်စု၏လွှမ်းမိုးမှုအပေါ် ဆန့်ကျင်မှုဖြစ်ပေါ်စေလျက်ရှိသည်။ အမေရိကန်ရေတပ်အရင်းအမြစ်များသည် တဖြည်းဖြည်း ကျဆင်းလာလျက်ရှိသောကြောင့် တရုတ်နိုင်ငံနှင့် ရုရှားတို့သည် အမေရိကန်၏ကြိုးပမ်းမှုများ တိုးမြှင့်စမ်းသပ်လာလျက်ရှိရာ အမေရိကန်အနေဖြင့် ပြည်ပနိုင်ငံများတွင် အာဏာဖြန့်ကြက်သည်ထက် တိုင်းပြည်၏နယ်စပ်များကိုသာ အလေးထား ကာကွယ်စောင့်ရှောက်လာရလျက်ရှိသည်။ ထိုသို့လုပ်ဆောင်လာရခြင်းသည် အာရှ-ပစိဖိတ်ဒေသနှင့်အခြားသောဒေသများတွင် တရုတ်နိုင်ငံ၏ မဟာဗျူဟာမြောက်လှုပ်ရှားမှုများအပေါ် တုံ့ပြန်နိုင်မည့် အမေရိကန်၏စွမ်းဆောင်ရည်များ ပိုမိုကျဆင်းလာစေနိုင်သည်။

အရှေ့အလယ်ပိုင်းဒေသတွင် လက်ရှိဖြစ်ပွားနေသော တင်းမာမှုများသည် အမေရိကန်အတွက် ပိုမိုကျယ်ပြန့်သောစိန်ခေါ်မှုတစ်ခုပင်ဖြစ်သည်။ ဒေသတစ်ခုတည်းတွင်သာ ဟန့်တားမှုစွမ်းဆောင်ရည်များလုပ်ဆောင်ခြင်းမရှိဘဲ ဒေသပေါင်းစုံတွင် စစ်ရေးဆိုင်ရာတည်ရှိမှုများ ဟန်ချက်ထိန်းညှိသွားရန်လိုအပ်သည်။ Lincoln ကို ပြန်လည်တပ်ဖြန့်ချထားရမှုသည် အမေရိကန်အနေဖြင့် ဝင်ရိုးစုံကမ္ဘာကြီးတွင် အင်အားဖြန့်ကြက်နိုင်ရေးအတွက် ခက်ခဲသည့် ရွေးချယ်စရာများအနက်မှ သာဓကတစ်ခုပင်ဖြစ်သည်။ အမေရိကန်အနေဖြင့် ကမ္ဘာ့စစ်အင်အားကြီးနိုင်ငံအဆင့်အတန်းကို ဆက်လက်ထိန်းသိမ်းထားရှိချိန်တွင် အဆိုပါအဆင့်အတန်းကို ဆက်လက်ထိန်းသိမ်းထားနိုင်မှုသည် ခြိမ်းခြောက်မှုမျိုးစုံကို တစ်ပြိုင်တည်း ဖြေရှင်းနိုင်မှုစွမ်းဆောင်ရည်အပေါ်တွင် မူတည်လျက်ရှိသည်။

အရှေ့အလယ်ပိုင်းဒေသတွင် Lincoln ကို ပြန်လည်နေရာချထားမှု အလျင်အမြန်လုပ်ဆောင်ခြင်းသည် ရုတ်တရက်ဖြစ်ပေါ်လာသောခြိမ်းခြောက်မှုများကိုဖြေရှင်းရန် လိုအပ်သောကြောင့်ပင်ဖြစ်သော်လည်း အနောက်ပစိဖိတ်ဒေသတွင် အမေရိကန်၏ဟန့်တားမှုစွမ်းဆောင်ရည်များ အားနည်းလာလျက်ရှိသည်။ တရုတ်နိုင်ငံအနေဖြင့် ရေတပ်စွမ်းဆောင်ရည်များတိုးချဲ့ပြီး ဒေသတွင်းလွှမ်းမိုးလာသောကြောင့် အမေရိကန်အနေဖြင့် မဟာဗျူဟာမြောက် အရွှေ့အပြောင်းများနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များလျှော့ချနိုင်ရန်နည်းလမ်းရှာဖွေသွားရတော့မည်ဖြစ်သည်။

ထို့ကြောင့် အာရှ-ပစိဖိတ်ဒေသတွင် ဩစတြေးလျ၊ ဂျပန်၊ တောင်ကိုရီးယားတို့နှင့် မဟာမိတ်ဖွဲ့မှုများ မြှင့်တင်ခြင်း၊ စစ်ဘက်အသုံးအဆောင်ပစ္စည်းများ ပိုမိုရင်းနှီးမြှုပ်နှံဆောင်ရွက်ခြင်း၊ စစ်နယ်ဝန်းပေါင်းစုံတွင် ဆက်လက်အင်အားဖြန့်ကြက်နိုင်ရေးအတွက် မဟာဗျူဟာအသစ်များ တိုးတက်ချမှတ်ဆောင်ရွက်ခြင်းတို့ကိုလုပ်ဆောင်လာရလျက်ရှိသည်။ ထိုသို့ လုပ်ဆောင်ရန်ပျက်ကွက်သွားမည်ဆိုလျှင် အနောက်ပစိဖိတ်ဒေသတွင် အမေရိကန်၏လွှမ်းမိုးမှုတဖြည်းဖြည်းကျဆင်းလာနိုင်ပြီး ရေရှည်တွင် ဒေသတွင်းတည်ငြိမ်မှုနှင့် ကမ္ဘာလုံးဆိုင်ရာအခင်းအကျင်းတို့အပေါ်သက်ရောက်မှုများရှိလာနိုင်သည်။

တရုတ်နိုင်ငံသည် လွန်ခဲ့သောဆယ်စုနှစ် နှစ်ခုခန့်ကတည်းက စစ်ဘက်ရင်းနှီးမြှုပ်နှံမှုကို အလေးထားဆောင်ရွက်ခြင်းအားဖြင့် အနောက်ပစိဖိတ်ဒေသတွင် အမေရိကန်၏စစ်ဘက်အသာစီးရရှိမှုကို ဆုတ်ယုတ်လာစေလျက်ရှိသည်။ အမှန်တော့ စစ်အေးတိုက်ပွဲကာလကတည်းက တရုတ်နိုင်ငံသည် အနောက်ပစိဖိတ်ဒေသတွင် အမေရိကန်၏တည်ရှိမှုအပေါ် စိန်ခေါ်လာလျက်ရှိသည်။ လက်ရှိအချိန်တွင် တရုတ်ရေတပ်သည် စစ်ရေယာဉ်နှင့် ရေငုပ်သင်္ဘောအစီးရေ ၃၇၀ ကျော် ပိုင်ဆိုင်ထားရှိပြီး အနောက်ပစိဖိတ်ဒေသကိုအလေးထားလျက်ရှိရာ အမေရိကန်အနေဖြင့် ကမ္ဘာတစ်ဝန်းဖြန့်ကြက်ထားသည့် စစ်ရေယာဉ်အစီးရေ ၃၀၀ အောက်သာ ပိုင်ဆိုင်ထားရှိသည်။

ထို့ပြင် တရုတ်နိုင်ငံသည် လေတပ်နှင့်နျူကလီးယားလက်နက်များ ခေတ်မီတိုးတက်အောင် အလျင်အမြန်တိုးချဲ့တည်ဆောက်လျက်ရှိသည်။ တရုတ်နိုင်ငံ၏ ဆိုက်ဘာနှင့်အာကာသစွမ်းဆောင်ရည်များမှာလည်း အမေရိကန်နှင့်အဆင့်အတန်းတူရပ်တည်လာနိုင်ပြီဖြစ်သည်။ တရုတ်နိုင်ငံသည် ၂၀၂၄ ခုနှစ်အတွက် ကာကွယ်ရေးအသုံးစရိတ် ၂၃၁ ဒသမ ၄ ဘီလီယံသုံးစွဲသွားမည်ဖြစ်ကြောင်း မတ်လအတွင်းကထုတ်ပြန်ခဲ့ရာ ၂၀၂၃ ခုနှစ်ကထက် ၇ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်လာခဲ့သည်။ မည်သို့ပင်ဆိုစေ အမေရိကန်အနေဖြင့် လေယာဉ်တင်သင်္ဘောတစ်စီးကို အာရှ-ပစိဖိတ်ဒေသမှ ကာရစ်ဘီယန်ပင်လယ်သို့ ပြောင်းရွှေ့နေရာချထားခဲ့ရမှုနှင့်စပ်လျဉ်း၍ ဝါရှင်တန်၏ လုံခြုံရေးဆိုင်ရာဦးစားပေးမှုများအပေါ် မေးခွန်းများထွက်ပေါ်လျက်ရှိပြီး အမေရိကန်အနေဖြင့် ကမ္ဘာလုံးဆိုင်ရာတပ်ဖြန့်ချထားနိုင်မှု အထူးသဖြင့် အနောက်ပစိဖိတ်ဒေသတွင် ဟန့်တားမှုစွမ်းဆောင်ရည် တဖြည်းဖြည်းကျဆင်းလာသည်မှာ ငြင်းဆို၍မရသော ပကတိအရှိတရားပင်ဖြစ်ပါသည်။




**ကိုးကား**

(1) **How Middle East Tension Are Impacting Security in the Western Pacific By The Diplomat.**

(2) **China Has Wiped Out US Military Ad-vantage in Western Pacific: By News-week**


**မောင်စိန်အိ(နဘဲမြေ)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ ၇၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကသာ ဩဂုတ် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ ၇၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၁၃ ကေစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကေ ၇၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကသာခရိုင်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြေပဲ ၉၁၃ ကေ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိကေ ၇၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်နဲ့တစ်နှစ် တိုးတက်လာပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြို့နယ်အလိုက် မြေပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင်ကေ ၁၈၀၊ အင်းတော်မြို့နယ်တွင် ကေ ၁၅၀၊ ထီးချိုင့်မြို့နယ်တွင် ၃၂ ကေ၊ ဗန်းမောက်မြို့နယ်တွင် ၃၇၈ ကေ စုစုပေါင်းကေ ၇၄၀ တို့ဖြစ်ကြောင်း၊ မြေပဲစိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ၃၄၄ ကေ၊ အင်းတော်မြို့နယ်တွင်ကေ ၁၅၀၊ ထီးချိုင့်မြို့နယ်တွင် ၃၂ ကေ၊ ဗန်းမောက်မြို့နယ်တွင် ၃၈၇ ကေ စုစုပေါင်း ၉၁၃ ကေဖြစ်ကြောင်း သိရသည်။

ကသာခရိုင်၌ မြေပဲစိုက်ပျိုးရာတွင် တစ်ကေလျှင် မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ် နှစ်သိန်းခန့် ကုန်ကျကြောင်း၊ တစ်ကေစိုက်ပျိုးပါက မြေပဲတင်း ၅၀ခန့် ထွက်ရှိကြောင်း သိရသည်။

ကသာခရိုင်တွင်စိုက်ပျိုးသော မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်ရေးတို့အတွက် စိုက်ခင်းများအရောက် ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ရယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။ (၂၀၆)

# ပုလောမြို့နယ် ဝါးကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

ပုလော ဩဂုတ် ၂၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝါးကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ဩဂုတ် ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေလင်းအောင်နှင့် တာဝန်ရှိသူများသည် ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ဝါးကုန်းကျေးရွာ၌ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးနေလင်းအောင်က လုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ပုလောမြို့နယ် ဝါးကုန်းကျေးရွာ၌ ရေရရှိရေးအတွက် အရှည်နှစ်မိုင် အိမ်တိုင်ရာရောက်ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေကျပ် ၃၉ ဒသမ ၇၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ဝါးကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများနှင့်ကျွဲ၊ နွားတိရစ္ဆာန်များအတွက် ရာသီမရွေး သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း ပုလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေလင်းအောင်ထံမှ သိရသည်။

ဖြိုးထက်အောင်(ပျော်ဘွယ်)

# စနေနေ့ည ဥရောပအမှတ်ပေးပွဲစဉ်ထဲက တိုက်စစ်ကစားပုံကောင်းနေတဲ့ အေဗီလာအသင်း၊ ဒေါ့မွန်အသင်း၊ ဘီလ်ဘာအိုအသင်းတို့ကို ရွေးချယ်ရမှာပါ

M L



အခုတစ်ပတ်ကစားမဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲမှာ ခြေရည်တူအသင်းတွေ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပွဲစဉ်တွေကို အားပေးရအုံးမှာပါ။ လက်ရှိ နွေရာသီအပြောင်းအရွှေ့ကာလမှာ ပြောင်းရွှေ့ကြေးအများဆုံးသုံးနေတဲ့ ပရီးမီးယားလိဂ်ကလပ်တွေတောင် ဝင်ငွေထွက်ငွေစည်းမျဉ်းကို ရှောင်နိုင်ဖို့ ငွေကြေးသုံးစွဲမှုနည်းခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ ထိပ်သီးကလပ်အများစုဟာ လူငယ်စီမံကိန်းက ကစားသမားတွေနဲ့ အသင်းကိုတည်ဆောက်နိုင်ခဲ့တာကြောင့် ကစားပုံကျဆင်းသွားခြင်းမရှိဘဲ ပုံစံကောင်းကို ဆက်လက်ထိန်းနိုင်ဆဲဖြစ်ပါတယ်။ ဒါကြောင့် စနေနေ့ညမှာလဲ ကစားသမားစုဖွဲ့မှုအားသာချက်နဲ့ တိုက်စစ်ကစားအားကောင်းတဲ့ အသင်းတွေကိုသာ ရွေးချယ်ရမှာဖြစ်ပါတယ်။

### အေဗီလာအသင်းကို ရွေးချယ်ရမှာပါ

စနေနေ့ညကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ အေဗီလာနဲ့ အာဆင်နယ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အေဗီလာအသင်းဟာ နည်းပြ အမ်မရီလက်ထက် အာဆင်နယ်နဲ့ သုံးကြိမ်တွေ့ဆုံခဲ့ရာမှာ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ တိုက်စစ်က ဒီယာဘီနဲ့ ကွင်းလယ်က ဒေါက်ကလပ်လူးဝစ်တို့ ထွက်ခွာသွားပေမဲ့ အဖွင့်ပွဲစဉ်မှာ ကစားကွက်ပိုင်းလစ်ဟာမှု မရှိဘဲ ဝက်စ်ဟမ်းအသင်းကို ဖိအားပေး ကစားနိုင်ခဲ့လို့ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ သူတို့အသင်းကစားပုံဟာ ပြိုင်ဘက်ကို အပြန်အလှန်တိုက်စစ်ဆင်နိုင်သလို ကွင်းလယ်ခံစစ်က တိုင်လီမန်နဲ့ အိုနာနာတို့ အတွဲက ရလာတဲ့ အခွင့်အရေးတွေကို အကောင်းဆုံး အသုံးချသွားတာကြောင့် ပွဲချိန် လေးမိနစ်မှာ ဦးဆောင်ဂိုး၊ ပွဲချိန် ၇၉ မိနစ်မှာ ဒုတိယဂိုး သွင်းယူပြီး နှစ်ဂိုးတစ်ဂိုးနဲ့နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ နည်းပြအမ်မရီဟာ အေဗီလာကိုတာဝန်မယူမီက အာဆင်နယ်အသင်းကို ကိုင်တွယ်ခဲ့တာကြောင့် အာဆင်နယ်ကစားသမားတွေရဲ့ အလေ့အထတွေကို ကောင်းကောင်းသိနေတာကလဲ လာမဲ့ပွဲအတွက် အားသာချက်ဖြစ်နေသလို ကစားသမားစုဖွဲ့မှုမှာလဲ တိုက်စစ်မှာ ဒူရန်၊ အိုလီဝက်ကင်းတို့ ခြေစွမ်းပြနေတာကြောင့် အာဆင်နယ်ကို ယှဉ်နိုင်စွမ်းရှိနေတာကို တွေ့ရမှာပါ။

အာဆင်နယ်အသင်းဟာ အဖွင့်ပွဲစဉ်မှာ ဝုဗ်အသင်းကို နှစ်ဂိုးပြတ်အနိုင်ရခဲ့တာကြောင့် ရာသီအစ နိုင်ပွဲနဲ့စတင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ လက်ရှိမှာ ခံစစ်ပိုင်းက ကာလာဖီအိုရီကို ခေါ်ယူခဲ့တာကလွဲရင် ကစားသမားထပ်မံဖြည့်တင်းနိုင်မှု မရှိသေးတာကြောင့် လိုအပ်ချက်တွေ ရှိနေသေးတယ်လို့ ဆိုရမှာပါ။ တိုက်စစ်ပိုင်းမှာတော့ အရန်ကစားသမားအင်အားကောင်းပေမဲ့ ကွင်းလယ်ခံစစ်မှာ ဒီကလန်ရိုက်နဲ့ ပါတေးတို့အတွဲက တိုက်စစ်လိုက်ပါလွန်းအားကြီးနေသလို ကစားသမားတွေရဲ့ တစ်ဦးချင်းတိုးအားက ကစားပုံကြမ်းတဲ့ အသင်းတွေနဲ့ဆို ရှန်းကန်ရလေ့ရှိတာဖြစ်ပါတယ်။ ရာသီကြိုခြေစမ်းပွဲအပါအဝင် နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ တစ်ပွဲသာရှုံးခဲ့ပေမဲ့ တန်ပြန်တိုက်စစ်ကောင်းတဲ့ အသင်းနဲ့ဆို ခံစစ်က စိတ်ချလို့မရတာကြောင့် အခုပွဲစဉ်မှာ အေဗီလာကို ဂိုးပေးရဖို့များနေပါတယ်။ ဒါကြောင့် အိမ်ကွင်းအားသာချက်နဲ့ ကွင်းလယ်ကစားပုံကောင်းနေတဲ့ အေဗီလာအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အေဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လိုက်ပ်ဇစ် | ၂ | - | ၀ | အေဗီလာ |
| အမေရိက | ၁ | - | ၀ | အေဗီလာ |
| အေဗီလာ | ၃ | - | ၂ | ဘီလ်ဘာအို |
| ဒေါ့မွန် | ၂ | - | ၀ | အေဗီလာ |
| ဝက်စ်ဟမ်း | ၁ | - | ၂ | အေဗီလာ |

**အာဆင်နယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အာဆင်နယ် | ၂ | - | ၁ | မန်ယူ |
| လီဗာပူး | ၂ | - | ၁ | အာဆင်နယ် |
| အာဆင်နယ် | ၄ | - | ၁ | လေဗာကူဆင် |
| အာဆင်နယ် | ၂ | - | ၀ | လိုင်ယွန် |
| အာဆင်နယ် | ၂ | - | ၀ | ဝုဗ် |

### ဒေါ့မွန်အသင်းနဲ့ လက်တွဲရမှာပါ

ဘွန်ဒက်လီဂါအဖွင့်ပွဲစဉ်မှာ အကြိုက်တွေ့တာကတော့ ဒေါ့မွန်နဲ့ ဖရန့်ဖတ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဒေါ့မွန်အသင်းဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ ချန်ပီယံလိဂ် ဗိုလ်လုပွဲထိရောက်ခဲ့ပေမဲ့ ကစားသမားကောင်း လိုအပ်ချက်ရှိခဲ့လို့ ဆုဖလားနဲ့ ဝေးကွာခဲ့ရပြီးနောက်ပိုင်း ခံစစ်ကစားသမား အန်တွန်၊ တိုက်စစ်မှူး ဂီရက်ဆီ၊ ကွင်းလယ်ကစားသမား ဂရော့စ်၊ တိုက်စစ်မှူး ဘိုင်ယာ၊ ခံစစ်ကစားသမား ယန်ကော်တိုတို့လို ကစားသမားတွေ ခေါ်ယူအားဖြည့်ခဲ့တာကို တွေ့ရမှာပါ။ ဒါ့ပြင် ကစားကွက်နဲ့ အံဝင်မှုမရှိတဲ့ တိုက်စစ်မှူး ဖူးလ်ခရက်ကိုလည်း ရောင်းချခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ရာသီကြိုခြေစမ်းပွဲတွေမှာ ပုံစံကောင်းပြသနိုင်ခဲ့ပြီး တိုက်စစ်က သွင်းဂိုးရှစ်ဂိုးထိ သွင်းယူနိုင်ခဲ့သလို နောက်ဆုံးကစားခဲ့တဲ့ ပိုကယ်ဖလားပွဲမှာလဲ လေးဂိုးတစ်ဂိုးနဲ့ ဂိုးပြတ်နိုင်ခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲမှာ အသစ်ခေါ်ယူထားတဲ့ အန်တွန်နဲ့ ဂရော့စ်တို့ ခြေစွမ်းပြသနိုင်ခဲ့ပြီး ဂရော့စ်က ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ကစားသမားဆုရခဲ့တာကိုကြည့်ရင် ဒေါ့မွန်အသင်း ကွင်းလယ်ပိုင်း တိုးတက်လာတယ်လို့ ဆိုရမှာပါ။ အခုပွဲမှာ တိုက်စစ်မှူး ဂီရက်ဆီ မပါနိုင်ပေမဲ့ ကျန်ကစားသမားတွေပါဝင်နိုင်မှာဖြစ်လို့ ကစားအားကျဆင်းသွားမှာ မဟုတ်ပါဘူး။

ဖရန့်ဖတ်အသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ အဆင့်(၆)မှာ ရပ်တည်နိုင်ခဲ့တာကြောင့် ယူရိုပါလိဂ်ယှဉ်ပြိုင်ခွင့် ရခဲ့ပေမဲ့ လက်ရှိအပြောင်းအရွှေ့မှာတော့ ခြေစွမ်းပြကစားသမားခေါ်ယူခဲ့တာမရှိပါဘူး။ ဒါ့ပြင် အသင်းက အဓိက ခံစစ်ကစားသမား ဝီလျံပါချိုကို ပီအက်စ်ဂျီ အသင်းကို ပေးလိုက်ရတာကြောင့် ခံစစ်ပိုင်းအားနည်းချက်ရှိသွားမှာ သေချာပါတယ်။ သူတို့အသင်းဟာ ရာသီကြိုခြေစမ်းပွဲတွေမှာ ပွဲတိုင်း ဂိုးပြတ်သွင်းယူနိုင်ခဲ့ပေမဲ့ အသင်းငယ်တွေနဲ့သာ ကစားခဲ့တာဖြစ်ပြီး နောက်ဆုံးခြေစမ်းပွဲမှာတော့ ဗလင်စီယာကို သုံးဂိုးနှစ်ဂိုးနဲ့ ရှုံးခဲ့တာကိုကြည့်ရင် ခံစစ်ပိုင်းလိုအပ်ချက်ရှိနေတာကို သတိပြုရမှာပါ။ ပြီးခဲ့တဲ့ ပိုကယ်ဖလားမှာ အီကီတိုက်၊ ချာအီဘီ၊ မာမောက်တို့လိုလူငယ်တွေ ခြေစွမ်းပြခဲ့ပြီး ဘရန့်ရှဝစ်လို အသင်းကို ဂိုးပြတ်အနိုင်ရခဲ့ပေမဲ့ ဒေါ့မွန်လို အဘက်ဘက်က သာလွန်နေတဲ့ အသင်းကိုတော့ ဂိုးရဖို့ကြိုးစားနိုင်မလားဆိုတာ စောင့်ကြည့်ရမှာပါ။ သူတို့အသင်းဟာ ဒေါ့မွန်နဲ့ တွေ့ဆုံခဲ့တဲ့ ၂၉ ကြိမ်မှာလဲ အသာရခဲ့တာမရှိသလို နောက်ဆုံးကစားခဲ့တဲ့ ဒေါ့မွန်အသင်း အိမ်ကွင်းမှာလဲ ဂိုးပြတ်ရှုံးနိမ့်ခဲ့တာကြောင့် ခြေစွမ်းပိုင်းထက်မြက်နေတဲ့ ဒေါ့မွန်အသင်းနဲ့လက်တွဲရမှာပါ။

**ဒေါ့မွန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပါသန်ယူနိုက်တက် | ၄ | - | ၀ | ဒေါ့မွန် |
| အိုဆာကာ | ၂ | - | ၃ | ဒေါ့မွန် |
| ဒေါ့မွန် | ၂ | - | ၂ | ဗီလာရီးရဲလ် |
| ဒေါ့မွန် | ၂ | - | ၀ | အေဗီလာ |
| လုဘက်ခ် | ၁ | - | ၄ | ဒေါ့မွန် |

**ဖရန့်ဖတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျာရက်ဇ် | ၁ | - | ၂ | ဖရန့်ဖတ် |
| လူးဝစ်ဖေးလ် | ၀ | - | ၄ | ဖရန့်ဖတ် |
| FSV ဖရန့်ဖတ် | ၂ | - | ၅ | ဖရန့်ဖတ် |
| ဗလင်စီယာ | ၃ | - | ၂ | ဖရန့်ဖတ် |
| ဘရန့်ရှဝစ် | ၁ | - | ၄ | ဖရန့်ဖတ် |

### ဘီလ်ဘာအိုအသင်းကို အားပေးရမှာပါ

စနေနေ့ညကစားမဲ့ ဘွန်ဒက်လီဂါပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတာကတော့ ဘာစီလိုနာနဲ့ ဘီလ်ဘာအိုအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘာစီလိုနာအသင်းဟာ အခုကာလမှာ ခြေစွမ်းပြကစားသမားအဖြစ် အိုမိုတစ်ဦးသာ ခေါ်ယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းဟာ အဓိက ကစားသမားတွေကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သလို နောက်ထပ် တောင်ပံကစားသမားတစ်ယောက်ထပ်မံခေါ်ယူဖို့ ပြင်ဆင်နေတာလဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အဖွင့်ပွဲစဉ်မှာ ဗလင်စီယာနဲ့ ပွဲကျပ်ကစားခဲ့ရပေမဲ့ တိုက်စစ်မှူး လီဝင်ဒေါစကီး ခြေစွမ်းပြခဲ့တာကြောင့် နှစ်ဂိုးတစ်ဂိုးနဲ့အနိုင်ရခဲ့ပြီး အဲဒီပွဲမှာ ကွင်းလယ်နဲ့ တိုက်စစ်မှာ လူငယ်တွေကိုသာ အသုံးပြုသွားတာဖြစ်ပါတယ် ။ သူတို့အသင်းဟာ လက်ရှိမှာ ဒီဂျောင်း၊ ဂါဗီ၊ အာရူဂျို၊ ဖာတီတို့ ဒဏ်ရာရနေသလို ဂန်ဒိုဂမ်နဲ့ အိုမိုတို့လဲ မပါနိုင်ခဲ့ပေမဲ့ ဗလင်စီယာကို ခြေစွမ်းပိုင်းအသာ ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ဖိအားပေးကစားသွားတာကို သတိပြုရမှာပါ။ ဒါပေမဲ့ သူတို့အသင်းဟာ ရာသီကြိုပွဲတွေမှာလဲ ခံစစ်ပိုင်းအားနည်းချက်ရှိခဲ့ပြီး လက်ရှိအချိန်ထိ ခံစစ်ပိုင်းမပြင်နိုင်သေးတာကြောင့် နောက်ဆုံးငါးပွဲမှာ ပွဲတိုင်း ဂိုးပေးရတာဖြစ်ပါတယ်။

ဘီလ်ဘာအိုအသင်းဟာ လက်ရှိအပြောင်းအရွှေ့မှာ ကစားသမားသစ်ခေါ်ယူဖို့ အစီအစဉ်မရှိသေးဘဲ အသင်းက ခြေစွမ်းပြကစားသမား နစ်ကိုးဝီလျံကိုသာ ထိန်းသိမ်းဖို့ ကြိုးပမ်းနေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ရာသီကြိုပွဲတွေမှာ ပထမပွဲထွက်ကစားသမား မစုံလင်ခဲ့တာကြောင့် ရှုံးပွဲများခဲ့ပေမဲ့ အဖွင့်ပွဲစဉ်မှာတော့ ဂီတာဖေးအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ဖိအားပေးကစားနိုင်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီပွဲမှာ နစ်ကိုးဝီလျံကို ဒုတိယပိုင်းမှ လူစားလဲကစားသမားအဖြစ်သုံးခဲ့တာကြောင့် အသင်းတိုက်စစ်ပိုင်း ထင်သလောက်အလုပ်မဖြစ်ခဲ့ဘဲ တိုက်စစ်မှူး ဂူရူဇာ ဂိုးရဖို့ ရုန်းကန်ခဲ့ရတာကို သတိပြုရမှာပါ။ အခုပွဲမှာတော့ သူတို့အသင်းဟာ ဒီဂျာလို၊ ဆိုင်မွန်တို့ကလွဲရင် ကျန်ကစားသမားအားလုံး ပါဝင်လာမှာဖြစ်လို့ အဖွင့်ပွဲစဉ်ကထက် ကစားပုံတိုးတက်လာနိုင်သလို ပြိုင်ဘက်ဘာစီလိုနာကလဲ ကစားသမားကောင်းတွေ ဒဏ်ရာရနေတာကြောင့် ဘီလ်ဘာအိုကိုအနိုင်ရဖို့ အကြိတ်အနယ်ဖြစ်မှာ သေချာပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံမှု လေးကြိမ်မှာ ဘီလ်ဘာအိုက တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးပွဲခဲ့ပေမဲ့ ရလဒ်မပြတ်သားခဲ့တာကို ကြည့်ရင် အခုပွဲမှာ ဘီလ်ဘာအို ဂိုးပြတ်မရှုံးနိုင်တာကြောင့် ဘီလ်ဘာအိုအသင်းကိုပဲ အားပေးရမှာပါ။

**ဘာစီလိုနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မန်စီးတီး | ၂ | - | ၂ | ဘာစီလိုနာ |
| ရီးရဲလ်မက်ဒရစ် | ၁ | - | ၂ | ဘာစီလိုနာ |
| ဘာစီလိုနာ | ၂ | - | ၂ | အေစီမီလန် |
| ဘာစီလိုနာ | ၀ | - | ၃ | မိုနာကို |
| ဗလင်စီယာ | ၁ | - | ၂ | ဘာစီလိုနာ |

**ဘီလ်ဘာအိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘီလ်ဘာအို | ၁ | - | ၀ | အီဘာ |
| ဘီလ်ဘာအို | ၂ | - | ၁ | အိုဆာဆူနာ |
| အေဗီလာ | ၃ | - | ၂ | ဘီလ်ဘာအို |
| စတုဂတ် | ၃ | - | ၂ | ဘီလ်ဘာအို |
| ဘီလ်ဘာအို | ၁ | - | ၁ | ဂီတာဖေး |

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၂-၈-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၄၅၀၅။ | မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြင့်တင်ရေးအသင်း(ဗဟို)နှင့် ပြည်နယ်နှင့် တိုင်းအသင်းများကောင်းမှု | ၁၆၀၀၀၀၀ |
| ၄၅၀၆။ | ကွယ်လွန်သူမိဘများနှင့်ဇနီး ဒေါ်ခင်လေးမြင့်၊ (သား)မောင်စိုင်းနော်ခမ်းတို့အားရည်စူး၍ ဦးမျိုးမြင့် မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၅၀၇။ | ကွယ်လွန်သူမိဘ ဦးဘကျော်နှင့် ဒေါ်တင်ဦးတို့အား ရည်စူး၍ ကျန်ရစ်သူ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀၀ |
| ၄၅၀၈။ | မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့်မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီမှအလှူရှင်များကောင်းမှု | ၃၆၀၀၀၀ |
| ၄၅၀၉။ | ကွယ်လွန်သူမိဘများဖြစ်ကြသော ဦးကျော်မြင့်နှင့် ဒေါ်ညွှန့်မေတို့အားရည်စူး၍ (သမီး)ဒေါ်မြင့်မြင့်သန်း၊ (သား) ဦးဝင်းမင်း၊ ဦးစိုးနိုင်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၄၅၁၀။ | ဒေါ်တင်တင်အေးမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၄၅၁၁။ | ဦးမြင့်ဦးနှင့်ဇနီး ဒေါ်ငွေငွေ၊ (သမီး)မအိမွန်မြင့်ဦး၊ မပုလဲမြင့်ဦးမိသားစုကောင်းမှု | ၁၃၀၀၀၀ |
| ၄၅၁၂။ | ဦးမင်းဆွေနှင့်ဇနီး ဒေါ်သီတာမြင့်(ခ)ဒေါ်မြတ်ခိုင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၅၁၃။ | ကွယ်လွန်သူ ဒေါ်ခင်ညွန့်ဝေအားရည်စူး၍ ဦးမြင့်ဦး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၅၁၄။ | ကွယ်လွန်သူ ဦးသိန်းတင်နှင့် သား ဗိုလ်ကြီးချစ်ကောင်း တို့အားရည်စူး၍ ဒေါ်မြရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၅၁၅။ | ဦးအောင်နိုင်ထူးနှင့်ဇနီး ဒေါ်ခင်နွယ်အေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၅၁၆။ | ဒေါက်တာဦးကျော်ကျော်အောင်နှင့်ဇနီး ဒေါ်မိမိခိုင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၅၁၇။ | ဦးခင်မောင်ထွေးနှင့်ဇနီး ဒေါ်ဖြူဖြူဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၅၁၈။ | ဦးဖုန်းအောင်လင်းနှင့်ဇနီး ဒေါ်သဲသဲမွန် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၅၁၉။ | ဦးသက်တင်လှိုင်နှင့်ဇနီး ဒေါ်သီတာချိုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၅၂၀။ | ဦးဉာဏ်လင်းငွေနှင့်ဇနီး ဒေါ်ကေသွယ်၊ (သား)မောင်မင်းမြတ်ချစ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၅၂၁။ | ဦးအေးသီခိုင်နှင့်ဇနီး ဒေါ်ခင်ချိုဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၅၂၂။ | မိဘနှစ်ပါးအားအမှူးထား၍ ဦးသန့်လှိုင်နှင့် ဇနီး ဒေါ်ပိုက်၊ ဒေါ်စုစုလှိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၅၂၃။ | ဦးတင်လင်းအောင်နှင့်ဇနီး ဒေါ်ဆွေဆွေသော်လင်းဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၅၂၄။ | ဦးစိန်ဝင်းနှင့်ဇနီး ဒေါ်အေးအေးကြွယ်၊ (သမီး)ဒေါက်တာသန္တာဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၅၂၅။ | ဦးသိန်းလှနှင့်ဇနီး ဒေါ်တင်ရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၅၂၆။ | ဦးစောသိန်းဦးနှင့်ဇနီး ဒေါ်ဝင်းကြွယ်ကြွယ် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၅၂၇။ | ကွယ်လွန်သူ ဒေါ်နော်မူတူတူအားရည်စူး၍ ကျန်ရစ်သူ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၅၂၈။ | ဦးအောင်အောင်သိန်းနှင့်ဇနီး ဒေါ်မိုးသူဇာဝင်း၊ (သား)မောင်ခေတ်နိုင်၊ (သမီး) မဖြူမဟာနွယ် မိသားစုကောင်းမှု | ၈၀၀၀၀ |
| ၄၅၂၉။ | ဒေါ်သန်းညွန့်မိသားစုကောင်းမှု | ၅၅၀၀၀ |
| ၄၅၃၀။ | ဦးညွန့်ဝင်းနှင့်ဇနီး ဒေါ်အေးကြွယ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၅၃၁။ | ဦးမျိုးတင့်နှင့်ဇနီး ဒေါ်ခင်ခင်ကြူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၅၃၂။ | နှစ်ဖက်သောမိဘနှစ်ပါးအားအမှူးထား၍ ဦးထက်ကျော်အေးနှင့်ဇနီး ဒေါ်သဲအိစံမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၅၃၃။ | ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်အုန်းသင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၅၃၄။ | ကချင်ပြည်နယ်လူငယ်ရေးရာကော်မတီမှ လူငယ်များ ကောင်းမှု | ၅၀၀၀၀ |
| ၄၅၃၅။ | ဒေါက်တာဇော်သန်းနှင့်ဇနီး ဒေါ်ခင်စောဝင်း၊ (သမီး) မနှင်းအေးခိုင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၅၃၆။ | ဆရာတော် ဦးသောဝကာကောင်းမှု | ၅၀၀၀၀ |
| ၄၅၃၇။ | ဆရာတော် ဦးဇဝနကောင်းမှု | ၅၀၀၀၀ |
| ၄၅၃၈။ | ဆရာတော် ဦးသုမနကောင်းမှု | ၅၀၀၀၀ |
| ၄၅၃၉။ | ဦးမျိုးဟေမာန်နှင့်ဇနီး ဒေါ်ကြူကြူမော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၅၄၀။ | ဒေါ်ဆွေဆွေမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၅၄၁။ | ဦးညိုလုံးနှင့်ဇနီး ဒေါ်နန်းငင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၅၄၂။ | ဦးသက်ခိုင်ဦးနှင့်ဇနီး ဒေါ်ဖြူဖြူဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၅၄၃။ | ဦးထွန်းအောင်နှင့်ဇနီး ဒေါ်ခင်ဆွေဝင်း၊ (သမီး)မသက်မြတ်နိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၅၄၄။ | ဦးနေဝင်းနှင့်ဇနီး ဒေါ်နွယ်နွယ်လှိုင်၊ သား၊ သမီး၊ မြေး တစ်စုကောင်းမှု | ၅၀၀၀၀ |
| ၄၅၄၅။ | ကွယ်လွန်သူ ဦးဝင်းမောင်အားရည်စူး၍ ဒေါ်ဝင့်၊ (သား) မောင်သန့်၊ မောင်အံ့မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၅၄၆။ | ဦးဇေယျာမျိုးမြင့်နှင့်ဇနီး ဒေါ်အားရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၅၄၇။ | ကိုငြိမ်းချမ်းထွန်းနှင့်ဇနီး ဒေါ်မြနှင်းအေး၊ (သမီး)မနန်းသွန်းဝတီအောင်၊ မယွန်းဝတီထွန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၅၄၈။ | ဦးမြင့်မောင်ဦးနှင့် ဦးမြင့်မောင်ထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၅၄၉။ | ဦးကျော်ကျော်နိုင်နှင့်ဇနီး ဒေါ်သီတာအောင်၊ (သမီး)မခင်ရတနာသသန့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၅၅၀။ | ဦးမြငြိမ်းနှင့်ဇနီး ဒေါ်သိန်းလှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၅၅၁။ | ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်မြင့်ဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၅၅၂။ | ဒေါ်ငွေငွေမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၅၅၃။ | ဒေါ်သွဲ့သွဲ့ထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၅၅၄။ | ဒေါ်ခင်လေးဝါနှင့် မငယ်ငြိမ်းဆုရည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၅၅၅။ | မချမ်းမြမြဇော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၅၅၆။ | ဦးသက်ပိုင်ထွန်းနှင့်ဇနီး ဒေါ်ဝေဝေမာ၊ (သား)မောင်ရဲမြတ်ပိုင်၊ (သမီး)မခင်မှူးပိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၅၅၇။ | ဦးမျိုးမြင့်နှင့်ဇနီး ဒေါ်နီနီအုန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၅၅၈။ | ဒေါ်သိန်းမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** **၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၀၆**

(ခ) **ဒေါ်အေးအေးကြည်** **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

# ပြည်ပထွက်ခွာလိုသူ ပြည်သူများသို့ အသိပေးကြေညာချက်

၁။ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက်များကောက်ယူ၍ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာလဝကမြို့နယ်ရုံးအားလုံး၌ ဥပဒေနှင့်အညီစိစစ်၍ အခမဲ့ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။

၂။ သို့ရာတွင် ပြည်ပထွက်ခွာလိုသည့် ပြည်သူများအနေဖြင့် ၎င်းတို့နှင့်သက်ဆိုင်သည့် လဝကမြို့နယ်ရုံးများ၌ UID နံပါတ်ဆောင်ရွက်ထုတ်ယူခဲ့ခြင်းမရှိဘဲ နယ်စပ်ဒေသများရှိ UID လုပ်ငန်းဆောင်ရွက်သည့်နေရာများ၌သာ UID နံပါတ်ရရှိရေးအတွက် အရေးတကြီးပြုလုပ်ဆောင်ရွက်လျက်ရှိကြသဖြင့် ယင်းနေရာ၌သာ လူစုလူဝေးများဖြစ်ပေါ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုအချိန်နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပထွက်ခွာလိုသူ ပြည်သူများအနေဖြင့် သက်ဆိုင်ရာလဝကမြို့နယ်ရုံးများသို့ လူကိုယ်တိုင်သွားရောက်၍ UID နံပါတ် ကြိုတင်ထုတ်ယူဆောင်ရွက်ထားကြပါရန်နှင့် အခက်အခဲများရှိခြင်း၊ ငွေကြေးတောင်းခံခြင်းများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebook စာမျက်နှာဖြစ်သည့် www.facebook.com/ eIDDept မှတစ်ဆင့် ဆက်သွယ်တိုင်ကြားဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
# ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၄)
## (၂၀၂၄ ခုနှစ် ဩဂုတ်လ ၇ ရက်)
## လျှောက်လွှာခေါ်ယူခြင်း

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့ (သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက် လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၄ ခုနှစ် ဇွန်လ(၃၀)ရက်နေ့တွင် အသက်(၂၈)နှစ်မကျော်လွန်စေရ။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင် ရယူနိုင်ပါသည်-

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

(ဃ) ရတနာပုံသတင်းစာတိုက်

၄။ လျှောက်လွှာများ ကို ၇-၈-၂၀၂၄ ရက်မှ ၂၉-၈-၂၀၂၄ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ပြည်နယ်၊မြို့ နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၉ ရက်နှင့် ၃၀ ရက်တို့၌ ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| နေပြည်တော် | ဖုန်း - ၀၉-၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉-၂၅၀၀၀၀၈၅၄၊ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း - ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း - ၀၉-၆၈၈၈၈၃၅၅၈၊ ၀၉-၄၀၁၆၀၅၀၇၁ |

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့

# ကော့မှူးမြို့နယ် ရေတာရှည်ကျေးရွာ၌ VRFP စီမံကိန်း ရန်ပုံငွေ ပဉ္စမအကြိမ် ထုတ်ချေး



**ကော့မှူး ဩဂုတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူရေးနှင့်အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများ ငွေကြေးအရင်းအနှီး ရရှိစေရန် ရည်ရွယ်၍ ရေတာရှည်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေ ပဉ္စမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံကိန်းတာဝန်ခံက စီမံကိန်းရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကော့မှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် ကျေးရွာ မတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များက ရေတာရှည်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၁ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၆ ဦးကို ငွေကျပ် ၃၅ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရေတာရှည်ကျေးရွာတွင် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP)ရန်ပုံငွေများဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ တစ်နိုင်တစ်ပိုင် အသေးစား စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေများ တိုးပွားလာကြောင်း သိရသည်။ **အိပိုးပိုး**

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၅၈၃၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ခင်ဦး ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၅၈၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၀၀၅ ဧက နှင့် ဖူးစားပြောင်း ၅၄၉၁ ဧက စုစုပေါင်း ၆၄၉၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၁၈၈ ဧကနှင့်ဖူးစားပြောင်း ၅၆၄၃ ဧက စုစုပေါင်း ၅၈၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်းဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့အတွက်လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၀၀၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့ အသိပညာပေးတာတွေ၊ ပိုးမွှား ရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ယခုနှစ် ခင်ဦးမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးစသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခင်ဦးမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းသီးနှံစိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်းတစ်ဧကလျှင် တင်း ၅၀ ကျော်ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်း ကုန်ကျစရိတ်ရှိကြောင်းနှင့်ဖူးစားပြောင်းတစ်ဧကလျှင် ပြောင်းဖူး ၁၅၀၀၀ ကျော်ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

(၂၀၆)







## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ ၄၄ လမ်း၊ ၁၀၇ B လမ်း၊ အကွက် မမ-၂၄၊ ဦးပိုင်အမှတ်(၆၄ မှ ၇၇) ဧရိယာ၊ အလျား (၈၀)ပေ၊ အနံ (၂၈၀)ပေရှိ မြေကွက်ကို ကျွန်မ ဒေါ်ချောစုပိုင် (၁/ဟပန(နိုင်)၀၀၈၁၈၀) သည် ဦးမျိုးဝင်းထွန်း (၉/မနမ(နိုင်) ၀၀၅၂၅၇) ထံမှ (၇-၆-၂၀၂၃)ခုနှစ်က ဝယ်ယူထားသော မြေကွက်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ချောစုပိုင်
(၁/ဟပန(နိုင်)၀၀၈၁၈၀)

## အမည်မှန်

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ CAE ကိုယ်ပိုင်ကျောင်း၊ Grade-12 မှ (ဘ) ဦးရဲထွန်းဦး ၏သမီး မအင်ကြင်းစံ ၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မအင်ကြင်း ဖြစ်ပါကြောင်း။

မအင်ကြင်း
(၉/မသန(နိုင်)၁၉၉၀၀၄)

## ဖခင်အမည်မှန်

မန္တလေးမြို့၊ စံဟိန်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-5 (B) တွင် ပညာသင်ကြားနေသော မောင်စိုင်းဝဏ္ဏထွန်း ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကျော်စောထွန်း ဖြစ်ပါကြောင်း။

ဦးကျော်စောထွန်း (၉/မကန(နိုင်)၀၆၄၃၉၇)

## အမည်မှန်

ပုသိမ်ကြီးမြို့နယ်၊ အထက(အုန်းချော)၊ Grade-2(D) တွင် ပညာသင်ကြားနေသော (ဘ) ဦးရဲဝင်းလွင် (၅/ကသန(နိုင်)၀၈၀၅၆၅)၏သား မောင်လင်းလက် ၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်လင်းလတ်ကိုကို ဖြစ်ပါကြောင်း။

မောင်လင်းလတ်ကိုကို

### ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ နယ်မြေ(၉)၊ ရပ်ကွက်(၁၂)နေ မရှောက်စူး (ဘ) ဦးလီကျင်နန်း (၁၃/လရန(နိုင်)၂၄၄၃၁၇) ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၉၅၃၃၆၆၃၆၀

### ပျောက်ဆုံးကြောင်း

ကျောက်ဆည်မြို့၊ မြေကြည်လင်ရပ်ကွက်နေ ဦးကျော်စွာထိုက် (ဘ) ဦးအောင်ကျော်ဦး (၉/ကဆန(နိုင်)၀၀၀၁၉၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (381932) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၄၃၁၆၅၈၈၈

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အထက(၂၇)၊ Grade-5 တွင် ပညာသင်ကြားနေသော မလန်းရတီလင်း ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်ဆန်းထွန်း ဖြစ်ပါကြောင်း။

ဦးအောင်ဆန်းထွန်း(၉/ပကခ(နိုင်)၀၂၃၀၃၇)

**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**



သန့်ရှင်းသောရေကို သောက်ပေးခြင်းဖြင့် အဆုတ်၏ရေဓာတ်ကို ထိန်းသိမ်းပေးပြီး ချွဲ၊ သလိပ်၊ နှပ်၊ နှာရည် စသည့်စွန့်ပစ်ပစ္စည်းများကို အလွယ်တကူယိုစိမ့်ထွက်ရှိလာပြီး အဆုတ်ကို သန့်စင်စေသည်။

**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငှက်ပျောသီးဖျော်ရည် ၄၀၀ မီလီလီတာခန့်ကို နေ့စဉ်ထမင်းစားပြီး တိုင်းသောက်သုံးပေးပါကအဆုတ် သန့်စင်စေရုံမျှမက အစာကိုလည်း ကြေညက်စေသည်။



"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ ကျန်းမာကြံ့ခိုင်စေရန်အတွက် ရုပ်ပိုင်းဆိုင်ရာ လေ့ကျင့်ပေးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာလေ့ကျင့်မှုများကို ဆောင်ရွက်ပေးရ...

❖ ခေါင်းဆောင်လုပ်မည့်သူများအနေဖြင့် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာများ ပြည့်ဝနေရန်လို...

❖ အသောက်အစား အပျော်အပါးများကို တတ်နိုင်သမျှဆင်ခြင်ရန်နှင့် ကိုယ့်စိတ်ကို အလိုမလိုက်ရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် ပြုလုပ်သော ပြင်ဦးလွင်တပ်နယ်မှ နည်းပြအရာရှိကြီးများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန်လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင် နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၂)တွင် သစ္စာအားမာန်အသင်းနှင့် ISPEအသင်းတို့ နိုင်ပွဲရရှိ



ရန်ကုန် ဩဂုတ် ၂၂

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၂)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ သစ္စာအားမာန်အသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၈)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်းတွင် ISPE အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ကစားခဲ့ရာ ISPEအသင်းက နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ISPE အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် နှစ်မိနစ်တွင် စိုးမင်းထက်နှင့် ပွဲချိန် ၇၇ မိနစ်တွင် မာတီးနိုတို့က သွင်းယူပေးနိုင်ခဲ့ကာ ရတနာပုံအက်ဖ်စီအသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို စာမျက်နှာ ၂၀ ကော်လံ ၄ ❖

သစ္စာအားမာန် ယူ-၂၀ အသင်းနှင့် မဟာယူနိုက်တက် ယူ-၂၀ အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

## စစ်တောင်းမြစ်ရေ မဒေါက်မြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၂၂

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (စင်တီမီတာ ၁၀၇၀)အထက်သို့ တစ်ပေခန့် (၃၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။

အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန်အကြံပြုထားကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။